

မောင်နှင်းဇော
မြွေလျှိုးမိုးပျံနဂါးမာန်
405

# မောင်နှင်းဆွေ

# မြေလျှိုးမိုးပျံ နဂါးမာန်

စဆုံးလုံးချင်း

အသစ်စက်စက်

ဟိုရွှေချန်းသည် စွန်တိတ်လျောင်နှင့်တိုက်ခိုက်ရာ သေး လိပ်ပြာ အဆိပ်လက်ဝါးမီးနှင့် သေပြီဟူ၍ထားခဲ့ရာ လိပ်ပြာသိုင်းသမားကြီးက ထားခဲ့ခြင်းဖြစ်သည်။

ငမျောက်တစ်ကောင်ဂျူးဂျူးနှင့် ချူးချူးက ကုသပေးခဲ့ခြင်းအတွက် ကျန်းမာလာခဲ့ခြင်းဖြစ်သည်။

ဟိုရွှေချန်း ပြန်လည်ကျန်းမာလာပြီးနောက်....

စွန်တိတ်လျောင်အား လက်စားချေရန်နှင့် သိုင်းကျမ်းကို ပြန်ရရန် လိပ်ပြာအဖွဲ့ရှိရာသို့လာခဲ့ရာ လမ်းတစ်ဝက်မှာပင် ဝူကျင့်၏လက်ချက်ကြောင့် သေဆုံးရကြောင်း ကြားသိရသည်။

တစ်ဖန် အတုမဲ့သိုင်းကျမ်း ဒေါင်းဖြူဒေါ်လီနောက် ပါသွားသည်ဟူသော သတင်းကိုကြားရသဖြင့် သူသည် နေရာအနှံ့ ရှာဖွေရန်အတွက် ထွက်ခဲ့ပြန်သည်။

သို့သော် ဒေါင်းဖြူဒေါ်လီ၏သတင်းကား တိမ်မြုပ်လျက်ရှိနေချေသည်။

* • *



ကျန်းလီမှာ အပေါ်ယံသို့အမြန်ဆုံးတက်ခဲ့သည်။

တက်ဖက်ခန်းမှ တံခါးဝတွင် အစောင့်နှစ်ဦးကိုမတွေ့ရသည်။

ထို့နောက် ညဝတ်အင်္ကျီကိုသုံး၍ ခုတင်ပေါ်မှ တစ်ဆင့် နံရံကို လွှားတက်လိုက်သည်။

မိန်းမပျိုသည် ကျန်းလီအားတွေ့လိုက်ရ၍ လန့်သွားသလို ရှိသည်နှင့် ကျန်းလီက လက်ညှိုးထောင်ကာ ပါးစပ်ပိတ်လိုက်၏။

ထို့ကြောင့် မိန်းမပျိုသည် သူမအား ကယ်ဆင်သူမှန်း သိသဖြင့် ငြိမ်နေသည်။

ကျန်းလီအတွက် အကြီးအကျယ်အခက်ဆုံးသည့် မိန်းမပျိုနှင့် နီးနီးကပ်ကပ် တစ်ကြိမ်မျှနေခဲ့ဖူးခြင်းမရှိသောကြောင့် သူမအား ခေါ်ထုတ်သွားမည့်အရေးတွင် အတော်ပင် ဦးနှောက်ခြောက်သွားရလေတော့သည်။

သူသည် အကြံတစ်ခုကိုရကာ ခပ်စောစောက မိန်းမပျိုကို ချည်ထားသည့် ကြိုးများနှင့်ပဝါစကိုဆက်ပြီး ပြတင်းပေါက်ကို အသာဖွင့်၍ အောက်သို့တွဲလောင်းချလိုက်သည်။

ကြိုးမှာ မိန်းမပျိုအတွက် မြေပြင်ပေါ်ရောက်ရန် အတော်ပင် ဖြစ်သည်။ ကြိုးဆုံးလျှင် သူမခြေထောက်နှင့် မြေပြင်မှာ ထိသွားမည်မှာ သေချာသည်။

'မြန်မြန်အောက်ကိုဆင်း'

နဂါးလက်သည်းကျန်းလီက လက်ဖြင့်ပြသဖြင့် မိန်းမပျို လည်း အောက်သို့ကြိုးကိုဆွဲ၍ လျှောဆင်းသွားရာ မြေပေါ် ရောက်သွားသည်။

ကျန်းလီက သူမမြေပေါ်ရောက်သည်နှင့် ကြိုးကို ဖြုတ်ပြီး လျှင် ပြတင်းတံခါးပြန်ပိတ်လျက် စင်ရော်မြေဆင်းကိုယ်ဖော့ အားဖြင့် ခုန်ဆင်းခဲ့သည်၊

ရောက်နေသောနေရာကား ရွှေကြက်ဖဆိုင်၏မြင်းဇောင်း များတည်ရှိသည့် ဆိုင်နောက်ဖြစ်၏။ မီးမရှိသဖြင့် အမှောင်ရိပ် လွှမ်းလျက် ရှိနေလေသည်။

ကျန်းလီက ညင်သာသာလေသံဖြင့်....

'ညီမ မင်းတို့အိမ်က ဘယ်နားမှာလဲ'

'မြို့ရဲ့တောင်ဘက်မှာ ရှိပါတယ်'

'ကဲ ကဲ လမ်းကြားကလေးထဲကနေပြီးတော့ ဆိုင်အပြင် ကို ထွက်မယ်'

ကျန်းလီက မိန်းမပျိုအား ဆိုင်အနောက်တံခါးမှနေပြီး မိန်းမပျိုအား အပြင်သို့ခေါ်ထုတ်ခဲ့၏၊ လမ်းပေါ်သို့ ရောက် ပြီးနောက် မိန်းမပျိုအား မောင်းလာသော မြင်းရထားတစ်စီး ပေါ်သို့ တင်လိုက်သည်၊



'ကဲ...ညီမ မင်း ပြန်ဘတ်ပြီမဟုတ်လား'

'မပြန်ဘူး အစ်ကို သူတို့က လမ်းမှာရော ဖေဖေ့ရဲ့ခြံတံခါး မှာရော စောင့်နေမှာ သေချာပါတယ်၊ အစ်ကို ကျွန်မတို့ အိမ်အထိ လိုက်ပို့ပါ၊ ဖေဖေနဲ့လဲ မိတ်ဆက်ပေးပါရစေ'

ထို့ကြောင့်ပင် ကျန်းလီမှာ မနေသာဘဲ မြင်းရထားပေါ် တက်လိုက်ရလေသည်။

မိန်းမပျိုက မြင်းရထားမောင်းသူကို ပြောလိုက်လေသည်၊

'ချောက်စိမ်းဂေဟာခြံကြီးကို အမြန်မောင်းပို့ပါ'

မိန်းမချောက ပြောပြီးနောက် မြင်းရထားမောင်းသူက ကြာပွတ်ကို ဝှေ့ယမ်းလိုက်သည်။

'ရှမ်း ရှမ်း'

'ဂျလောင်း ဂျလောင်း'

မြင်းနှစ်ကောင်ဆွဲ မြင်းရထားမှာ မြားတစ်စင်းပမာ ပြေး ထွက်သွားလေသည်။

'ညီမ မင်းပြောသလိုဆိုရင် ခြံတံခါးကနေ အိမ်ဝင်းထဲ ဝင်လို့ဖြစ်ပါ့မလား'

'ဒါတော့ ကျွန်မအတင်ပြောတာ၊ ကျွန်မတို့ခြံစောင့် နှစ်ဦးလဲ သူတို့သတ်လို့ သေသွားပြီ၊ ဒီတော့ ခြံမှာ ဒီလူဆိုး

တွေ ရှိနေမယ်လို့ ယုံကြည်တာပါ၊ ခြံရှဲမြောက်ဘက်မှာ လှိုဏ်တံခါး ဘစ်ပေါက်ရှိတယ်၊ အဲဒီကဝင်ရင်လဲ ရပါတယ်'

မိန်းမချောနှင့် ကျန်းလဝ်မှာ မျက်နှာချင်းဆိုင်စီးလာခြင်း ဖြစ်သည်။

'မင်းအဖေက ဘာလုပ်သလဲ'

'ကျောက်ကုန်သည်ပဲ၊ ဒီမြို့မှာ ကျောက်စိမ်းသူဌေးကြီး ပိုင်ရှဲဆိုရင် အားလုံးသိကြပါတယ်'

'ဒါဖြင့် အခုပြန်ပေးဆွဲတဲ့ဂိုဏ်းက ဘယ်လူဆိုးဂိုဏ်းလဲ'

'တောင်ကိုးလုံးဂိုဏ်းလို့ ပြောတာပဲ၊ ကျွန်မတို့အဖေက လူဆိုးဂိုဏ်းတချို့ကိုတောင် အမြဲဆက်ကြေးပေးနေရတာပဲ၊ တောင်ကိုးလုံးဂိုဏ်းက အခြားလူဆိုးတွေထက် အလွန်သစ္စာမဲ့ပါတယ်'

လမ်းတစ်ဝက်လောက်ရောက်လာသော အခါတွင် မိန်းမပျိုက...

'ကျောက်စိမ်းဂေဟာမြောက်ဘက်ကို မောင်းပို့ပါ'ဟု ပြောလိုက်ရာ မြင်းရထားမောင်းသူလည်း အမြန်မောင်းလာခဲ့ပြီး အဆင်းအတက် တောင်ကုန်းလမ်းများကျော်၍ တံတားနှစ်ခုဖြတ်ကာ လမ်းတစ်လမ်း ကွေ့မောင်းလာခဲ့သည်။

ခကြာမီ မြင်းရထားရပ်သွားရာ ကျောက်စိမ်းဂေဟာ မြောက်ဘက်ရှိ ခြံတံတိုင်းရောက်နေသည်ဟု သိလိုက်ရသည်။



ကျန်းလဝ်က မြင်းရထားခကို ရှင်းပေးပြီးနောက် မြင်းရထားသမားကိုလည်း မည်သူ့ကိုမျှ မပြောရန် နှုတ်ပိတ်လိုက်သေး၏။

မိန်းမပျိုက မြောက်ဘက်ဂင်းတံခါး လှိုဏ်တံခါး ပေါက်ကို ပြလိုက်၏။ ကျန်းလဝ်မှာ အံ့အားသင့်သွားလေသည်။

'ဟင်.... ကျောက်တုံးကြီးပါလား'

'ဟုတ်ပါတယ်၊ လှိုဏ်တံခါးဟာ မြေအောက်ဥမင်လမ်း တစ်လမ်းပါ၊ အကြောင်းရှိရင် ထွက်နိုင်အောင် ဖေဖေက စီမံထားတာပါ'

သူမကပြောရင်း ကျောက်တုံးကြီးဘေးမှ ကျောက်တိုင် တစ်တိုင်အားဆွဲ၍ အောက်သို့ချလိုက်၏။

ကျောက်တုံးကြီး ရွေ့လျားသွားပြီး ဥမင်တံခါးပွင့်သွား လေတော့သည်။

မိန်းမချောလေးက ဦးဆောင်ပြီး ကျောက်လှေကားထစ် များအတိုင်း ဆင်းလာခဲ့၏။ ထို့နောက်-

'အစ်ကို မီးခတ်ကျောက်ပါသလား'

'ပါတယ်ညီမ'

နဂါးလက်သည်းကျန်းလဝ်က မီးခတ်ကျောက်ကို အတွင်း အိတ်ထဲမှ ဂွမ်းစလေးနှင့်အတူ ထုတ်ပေးလိုက်သည်။

သူမက ဥမင်တံခါးဝတွင်ရှိနေသော မီးတုတ်တိုင်ချောင်းအား မီးခတ်ကျောက်ဖြင့် မီးခြစ်၍ ထွန်းလိုက်ရာ လင်းထိန်သွားတော့သည်။

ထို့နောက် သူမက နံရံမှ ခလုတ်ပြုလုပ်ထားသော သံချောင်းတံချောင်းအား ဆွဲလိုက်ရာ ဥမင်တံခါးမှာ ပြန်၍ ပိတ်သွား၏။

'ကဲ....သွားမယ်အစ်ကို'

သူမက ဦးဆောင်၍ ဥမင်လမ်းမှနေပြီး နဂါးလက်သည်းကျွန်းလီအား ခေါ်ဆောင်သွား၏၊ နဂါးလက်သည်းကျွန်းလီမှာ ဥမင်လမ်းကို သတိထားပြီး လိုက်ခဲ့၏။

ဥမင်လမ်းတစ်လျှောက် သစ်သားများဖြင့် မိုးကာထားပြီး မြေသားအောက်ခြေတွင် ကျောက်နှင့်သံများ ခင်းထားသည်ကို တွေ့ရလေသည်။

ဥမင်လမ်း တစ်ကွေ့နှစ်ကွေ့ သွားမိသောအခါ အပေါ်သို့ တက်လာကာ တံခါးတစ်ခုသို့ ရောက်လာသည်။ ထိုတံခါးမှာ ကျောက်ပြားတံခါးတစ်ချပ်ဖြစ်ပြီး သူမက နံရံမှခလုတ်ကို ဖွင့်လိုက်သဖြင့် ပွင့်သွားလေသည်။

ထိုတံခါးမှ အပြင်သို့ထွက်လိုက်သောအခါတွင် အေးမြသော လေက ဟူးခနဲ တိုးဝင်လာ၏။ ရောက်ရှိသောနေရာမှာ အိမ်ကြီးအပေါ်ထပ်ရှိ စာကြည့်ခန်းအတွင်းပင်ဖြစ်သည်။



'ဟင်....အိမ်ထဲကို တန်းရောက်လာပါလား'

'ဟုတ်တယ်အစ်ကို၊ ဒါဟာ စာကြည့်ခန်းပဲဖြစ်တယ်၊ လျှို့ဝှက်ဥမင်ဆင်း လမ်းတံခါးရှိတဲ့ နေရာလဲဖြစ်တယ်'

ထို့နောက် စာကြည့်ခန်းထဲမှနေ၍ အပြင်သို့ ထွက်လာခဲ့လေသည်။

ယင်းအခိုက် အိမ်ကြီးအောက်ထပ်မှ အသံများ ကြားနေရသည်။ သည်အခိုက် အိမ်ဖော်အမျိုးသမီးလေး နှစ်ဦးနှင့် စကြံ့လမ်းတွင် တိုးမိကြသည်။

'ဟင်....ကျောက်စိမ်းသခင်မလေး စင်းစင်းပါလား၊ အခင်မလေးဟေ့'

'ဟုတ်ပါရဲ့ သခင်မလေး လွတ်လာပြီ'

'တိုးတိုးပြောကြပါ၊ ဒီမှာဘာတွေဖြစ်နေသလဲ'

'သခင်ကြီးကို အောက်ထပ်မှာ လူဆိုးတွေကဖမ်းပြီး ခြိမ်းခြောက်နေတယ်၊ အစောင့်တွေအားလုံးလဲ အဖမ်းခံရသူရော၊ အသတ်ခံရသူရော မနည်းပါဘူး'

'သူတို့က ဘာတွေခြိမ်းခြောက်နေတာလဲ'

'ရတနာ ကျောက်စိမ်းအိုးမပေးရင် ဖမ်းထားတဲ့သမီးရော သခင်ကြီးကိုပါ သတ်ပစ်မယ်လို့ ပြောနေပါတယ်'

'အင်း....ငါ သတိတစ်ချက်လွတ်လို့ ခံရတာပဲ'

သူမက ပြေးသွားပြီး အခန်းတစ်ခန်းထဲဝင်သွားလျက် ဓား တစ်ချောင်း ထုတ်ယူလာသည်။

'ဟင်....ညီမက သွားတိုက်မလို့လား'

'ဟုတ်တယ်၊ ညီမလဲ ပန်းလိပ်ပြာ ဘွားဘွားစုအင်းရဲ့ တပည့်တစ်ဦးပဲ'

'သူတို့က သိုင်းပညာအဆင့်မြင့်လို့ ညီမ အဖမ်းခံလိုက်ရတာ မဟုတ်လား၊ ညီမကြည့်နေပါ၊ အစ်ကိုတိုက်ပေးပါမယ်'

'အို....ညီမကိုယ်တိုင် သူတို့ကို မသတ်ရရင် မကျေနပ်ဘူး'

'တဲ ညီမသဘောပါ၊ အစ်ကိုက ညီမအစေ့းနိမ့်မှ ဝင်ကူပါမယ်'

'ကြိုက်ပြီအစ်ကို'

သူမသည် ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်၍ ပြေးသွားရာ ကျန်းလီနှင့် အိမ်ဖော်အမျိုးသမီးများက နောက်မှလိုက်သွားကြသည်။

အိမ်ဖော်အမျိုးသမီးနှစ်ဦးမှာ ရုပ်ရည်သန့်ပြန့်ပြီး ခန့်ညားသည့် လူငယ်အား ကွက်ခနဲကြည့်ကာ ရင်ထဲတွင် ပဟေဠိ ဖြစ်နေကြသည်။



အချင်းချင်းကြည့်၍ ပြုံးလိုက်ကြ၏။

ကျောက်စိမ်းဂေဟာ ငြိမ်သက်နေသယောင်ရှိသည်။

'ဖေဖေရေကျွန်မလာပြီ'

ကျောက်စိမ်းဂေဟာ၏ ဧည့်ခန်းဆီသို့ လှေကားမှ လိပ်ပြာတစ်ကောင်ပမာ ပျံဝဲဆင်းသွားသည့် ကျောက်စိမ်းသခင်ကြီး၏ သမီးပျိုအသံကြောင့် အောက်တွင်ရှိနေသည့် မီးခိုးရောင်ဝတ်စုံနှင့်လူများမှာ ဖြုန်းခနဲအံ့အားသင့်သွားကြသည်။

'သမီးသမီးလွတ်လာတယ်နော်'

ထိုင်ခုံတစ်ခုပေါ်တွင် ကြိုးများနှင့် ချည်နှောင်ပြီး အဖမ်းခံထားရသော သူဌေးကြီးပိုင်ရှုံက မျက်ရည်များစီးကျလျက်....

ထိုအခိုက် ကျောက်စိမ်းသခင်လေးသည် ဓားကိုဝင့်၍ လူဆိုးခေါင်းဆောင်အား လွှားဝင်ခုတ်လိုက်သည်။

ဓားသံများဆူညံသွားတော့သည်။

ကျောက်စိမ်းသခင်မလေး စင်းစင်းသည် ပန်းလိပ်ပြာ မယ်တော်စုအင်း၏ သိုင်းပညာကိုသင်ယူထားသူဖြစ်၍ ပန်းဝက်ပါဓားကွက်ဖြင့် ထိုးခုတ်တိုက်ခိုက်လျက်ရှိသည်။

လူဆိုးခေါင်းဆောင် ပြင်းထန်သော တိုက်ကွက်များကြောင့် နောက်ကို ခြေသုံးလှမ်းဆုတ်၍ ပြောလိုက်၏။

'ဟင်း....မင်းကဘယ်ဆိုးလို့လဲ'

'အေး နင့်လည်ချောင်းသွေးကို သောက်မယ်'

သူမ၏ဓားသည် လိပ်ပြာတစ်ကောင်ဝဲသလို အောက်မှ နေ၍ပင့်ခုတ်လိုက်ရာ တောင်ကိုးလုံးသိုင်းသမား ခေါင်းဆောင်က ကျောက်စိမ်းမင်းသမီးဓားကို တွန်းလိုက်သည်၊

ဓားနှစ်လက်ထိသံနှင့်အတူ မီးများပွင့်သွားသည်။

တောင်ကိုးလုံးခေါင်းဆောင်က ဝိညာဉ်အရိပ်မဲ့ခြေနင်းလိုက်ရာ စင်းစင်းသည် သတိထားနေသူပီပီ နောက်ဆုတ်လိုက်သည်။

တောင်ကိုးလုံးချောင်မိုးအဖို့ ခေါ်ခွဲမရ မျက်စိများ ပြာဝေသွားရသည်။

ကိုစဉ် ကောက်ကျစ်စဉ်းလဲသော သိုင်းသမားပီပီ အဆိပ်ပျံ့လက်နက်သုံးကာ သူဌေးကြီးထံ ပစ်လွှတ်လိုက်သည်။

'ဝှစ် ဝှစ် ဝှစ်'

လက်နက်ပုံးသည် ဓားသမားနှစ်ယောက်၏ ရင်ဝကို ထိုးဖောက်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်၊

'ကြည့် မင်းကသေချင်လို့ ငါတို့လူစုမှာဝင်ရှုပ်တာလား'

ချောင်မိုးကမေးလိုက်သည်။



'ဟေ့ ဒီကောင်ကို အသေသတ်ပစ်ကြစမ်း'

ဟု အမိန့်ပေးသည်။

ကျန်းလီအား မီးခိုးရောင်သိုင်းသမားက အထင်သေးသော်လည်း ဓားပျံသုံးလက်အား မည်ကဲ့သို့ ဖမ်းယူလိုက်သည်ကိုတော့ မသိချေ၊

ထိုအချိန်တွင် ကျန်းလီသည် သူဌေးကြီး၏ ကြိုးကို ဖြေပေးလိုက်သည်။

အရောင်အဆင်းမဲ့ သောဓားတစ်လက် သံချောင်သာ ဖွေးဖွေးကလေးရှိနေသည်။

'အဲ အားလုံးသတိပါ သူ့ရဲ့ကောင်းကြီးတို့ ကျပ်ကဓားသားဆိုတော့ ခပ်ကြမ်းကြမ်းပဲ'

'ချကွာ'

'တိုက်ကွာ'

'သတ်ကွာ'

သံသံချင်းထိသံနှင့်အတူပင် တစ်ခန်းလုံး ပွက်သောရိုက်သွားလေသည်၊

စင်းစင်းနှင့် မီးခိုးရောင်ဓားသမားခေါင်းဆောင်ချောင်မိုးက တစ်ဖက်၊ ကျန်းလီနှင့် တောင်ကိုးလုံး မီးခိုးရောင်ဝတ်ထားသော ဓားသမားများကတစ်ဖက် တိုက်နေကြသည်၊

ကျွန်းလီသည် နှစ်ပေါင်းများစွာ တောင်ပေါ်တွင် အတွင်းအားနှင့် သိုင်းပညာများ ထိပ်တန်း ရောက်အောင် သင်ခဲ့ပြီး ထိပ်ဆုံးအဆင့်ရောက်နေသူဖြစ်သဖြင့် တောင်ကိုးလုံး မားမားသားသား တုန်ခါလွင့်သွားလေသည်။

လက်တစ်ဖက်ကိုသုံး၍ တောင်ကိုးလုံးသိုင်းသမားနှစ်ဦးကို အတွင်းအားရိုက်ချက်နှင့်ရိုက်ရာ အားခံနိုင်အောင်၍ လွင့်သွားသည်။

တောင်ကိုးလုံးငါးဦး အနက် တစ်ဦးသာကျန်တော့သည်၊

ကျွန်းလီအား အယှဉ်မသေးရဲတော့။

ယခု သူ့လူများ ကြမ်းပြင်ပေါ်သို့ အသီးသီးလဲကျသွားသည်ကို တွေ့လိုက်ရသဖြင့် အလိတ်တလန့် နောက်ဆုတ်သွားသည်၊

ကျန်လက်တစ်ဖက်ကိုလည်း ဆောင့်နှင်းပစ်လိုက်ရာ ကျိုး ထွက်သွားပြန်သည်၊

'အမယ်လေး ချမ်းသာပေးပါ'

'ခင်ဗျားက သူများတွေအပေါ် နှိပ်စက်တာကျတော့ ဝံပု လွှလို ကောက်ကျစ်ပြီး ဝက်ဝံလိုကျင့်သုံးတယ်'



'ကျုပ် ကျုပ်သိုင်းလောကထဲ ပြန်မဝင်တော့ပါဘူး၊ ကျုပ်လက်လဲ မကောင်းတော့တဲ့အတွက် အနားယူပါတော့မယ်'

ထိုအခိုက်....

စင်းစင်းရောက်လာကာ အော်လိုက်လေသည်။

'သတ်ပစ် သတ်ပစ်တာကောင်းတယ်'

'ဒီလောက်ဆို သူတစ်သက်လုံး နောင်တရသွားပါပြီ'

'ဝုန်း'

ကျွန်းလီက တောင်ကိုးလုံးခေါင်းဆောင်ကို ကုတ်မှကိုင်၍ အိမ်အပြင်သို့ ပစ်လွှတ်လိုက်သည်။

ခဏအကြာတွင် ပုန်းကွယ်နေသော ဂေဟာအစောင့်များ ပေါ်ထွက်လာကြသည်။

သူဌေးကြီးလည်း အပြင်သို့ထွက်လာသည်၊

'ဖေဖေ'

စင်းစင်းက သူ့ဖခင်ကို ပြေး၍ပွေ့ဖက်သည်၊

'သမီး သမီး'

သူဌေးကြီးကလည်း သူ့သမီးအား ဖက်လိုက်သည်။

'သမီး သူကဘယ်သူလဲ'

'ဖေဖေ၊ သူက သမီးကိုကယ်တင်လာခဲ့တဲ့ သိုင်းသမား လူငယ်ပါ'

'မြင်ပါတယ်သမီး'

ထိုသို့ပြောပြီးနောက်....

'ထိုင်မါလူလေး၊ အခုလို အကူအညီပေးခဲ့တာ အများကြီးပဲ ကျေးဇူးတင်ပါတယ်ကွယ်'

ကျန်းလီသ လှုတ်နေသောထိုင်ခုံကြီးတစ်ခုတွင် ဝင်ရောက်ထိုင်လိုက်ပြီးမှ...

'ကျွန်တော့်ကို ကျေးဇူးတင်စရာမလိုပါဘူးဗျာ'

ထိုသို့ပြောပြီး။

သူဌေးကြီးသည် ကျန်းလီအား သိုင်းပညာ အရာတွင် အထင်ကြီးသော်လည်း သူ၏အောက်တန်းကျကျ ဝတ်ထားခြင်းများကိုတော့ အထင်သေးလျက်ရှိနေသည်၊

များသောအားဖြင့် မြို့ခံသိုင်းသမားများက ပိုးဖဲထည်ပါများ၊ အဖိုးတန်ကျောက်များ စီခြယ်ထားသည့် ရတနာများ ဆင်ယောင်ကာ ဟန်ပါကြွားကြွားဖြင့် လူလုံးပြကာ သွားလာနေတတ်ကြသည်။



ယခုလည်း ကျောက်စိမ်းသူဌေးကြီး ပိုင်ရှုံ၏ ခြံဝင်းကိုစောင့်ရှောက်နေသော သိုင်းသမားများပင် နဂါးလက်သည်းထက် အဝတ်အစား ပြောင်ပြောင်ရောင်ရောင် ဝတ်ကြသေးသည်၊

မည်သို့ဖြစ်စေ ယခုလိုအောက်တန်းကျပြီး အဆင့်နိမ့်လှန်းသော သိုင်းသမားတစ်ဦးနှင့် သမီးနှင့် ရင်းနှီးသွားမည်ကို မလိုလားပေ။

သူတို့၏မျိုးရိုးသည် ကျောက်တွင်းကြီးများ ပိုင်ဆိုင်ခဲ့သော ကျောက်သူဌေးများဖြစ်ကြသည်၊ သူလိုသူဌေးမျိုးနှင့် ဆင်းရဲသားတစ်ဦးအား လုံးဝမဖေးစားနိုင်သော မာနကသူဌေးကြီးထံတွင် ကိန်းအောင်းလျက် ရှိနေလေသည်၊

အိမ်တော်အလုပ်သမားများက ညစ်နန်းကြီးအား ရှင်းလင်းလိုက်ကြသဖြင့် ကွမ်းတစ်ရာညက်အတွင်း သန့်ရှင်းသွားလေသည်၊

'ကဲ....ကျွန်တော့်ကို ညစ်ခံမနေပါနဲ့တော့၊ ခရီးသွားဟန်လွှဲဆိုသလို ကျွန်တော်က ဝင်ကူညီတာပါ၊ ကျေးဇူးလဲ တင်မနေပါနဲ့တော့၊ နောက်မှတွေ့ကြသေးတာပေါ့'

ကျန်းလီသည် သူဌေးကြီး၏ ဟန်အမူအရာကို အကဲခတ်မိလိုက်သည်နှင့် ပါးစပ်ကအစ အူမအထိ သိလိုက်ရသည်။

'ဟာ....အစ်ကိုကလဲ ဖေဖေ ညွှန်ခံတာကို သုံးဆောင်သွားပါဦး၊ ဖေဖေစိတ်မကောင်း ဖြစ်နေပါဦးမယ်'

'ဟုတ်ပါတယ်၊ ဦးကလဲ မောင်ရင်လေးကို ဂုဏ်ပြုချင်လို့ တစ်ညတော့ဆိုင်းပါဦး'

'လုပ်မနေပါနဲ့ဦးရယ်၊ ကျွန်တော်လဲ မနက်စောစော သွားစရာရှိပါတယ်၊ လမ်းကြုံရင်တော့ ဝင်ခဲ့ပါ့မယ်'

'ဟာ....အစ်ကိုကလဲ တစ်ညတော့နားပါဦး အစ်ကိုရယ်'

'အစ်ကိုက တစ်ကိုယ်တော်သိုင်းသမားဆိုတော့ ခမ်းခမ်းနားနားတွေနဲ့ လုပ်တဲ့ညွှန်ခံပွဲမျိုးလဲ မတက်ခဲ့ပါဘူး၊ အားလုံးပဲ နှုတ်ဆက်ပါတယ်'

'အို အို....ခဏစောင့်ပါဦး၊ ကျုပ်ရဲ့လက်ဆောင်ကလေးတော့ အမှတ်တရယူသွားပါကွယ်'

သူဌေးကြီးက ထိုသို့ပြောကာ အလျင်အမြန်ပင် အပေါ်ထပ်သို့ တက်သွားလေသည်။

လူလူချင်းအထိမ်းအမှတ်အဖြစ်နှင့် လက်ဆောင်ပေးခြင်းကို ခံယူရမည်မှာ **ဓမ္မတာပင်ဖြစ်၍** ကျွန်းလဲ့က ငြိမ်သက်နေ၏။ ကျောက်စိမ်းသခင်မလေး စင်းစင်းက တားမရသဖြင့် အားမလို အားမရ ဖြစ်နေလေသည်။

'အစ်ကို့နာမည်ကို ပြောပါဦးအစ်ကို'



'နဂါးလက်သည်းကျွန်းလဲ့လို့ ဘဘက အမည်ပေးထားပါတယ်၊ သိုင်းလောက အတွေ့အကြုံ မရှိသေးပါဘူး၊ အခုမှ ရောက်လာတာပါ'

'အစ်ကို ဘယ်မှာနေတာလဲဟင်'

'အစ်ကိုက အဝေးကြီးကပါ၊ ဟိုအဝေးကြီး အင်မတန်ခေါင်တဲ့ဒေသက လာခဲ့တာပါ'

'ပြောစမ်းပါ အစ်ကိုရယ်'

'အနောက်မြောက်ပိုင်းဒေသက မိုးဘုရင်တောင်ကြီးမှာ ဘဘရသေ့ကြီးနဲ့နေပါတယ်၊ အခု အရေးကြီးတဲ့ကိစ္စတစ်ခုအတွက် တောင်ပေါ်က ဆင်းလာတာပါ'

နဂါးလက်သည်းကျွန်းလဲ့ ပြောလိုက်သည့် စကားများကို သူဌေးက ကြားလိုက်ရလေသည်။ သူ့လက်ထဲတွင် ကတ္တီပါအိတ်ကလေးတစ်လုံး ပါလာသည်။

'မောင်ရင်လေး၊ ကျုပ်တို့သားအဖရဲ့ လက်ဆောင်ကိုတော့ ယူသွားပါကွယ်'

'ဟုတ်ကဲ့ခင်ဗျာ'

သူဌေးကြီးက ကတ္တီပါအိတ်ကလေးထဲမှ သံဘူးလေး တစ်လုံးကို နှိုက်ယူကာ သံဘူးကလေးကို ဖွင့်လိုက်သည်။

သံဘူးကလေးအတွင်းတွင် တောက်ပနေသည့် ဂွမ်းစများထဲမှ ကျောက်တစ်လုံးကို တွေ့ရလေသည်။

'ဒါက မောင်ရင်လေးတို့ အနောက်မြောက်ဒေသက ထွက်တဲ့ ပတ္တမြားကျောက်တစ်လုံးပဲ၊ ကျပ်ငွေတစ်သိန်းပေးပြီး ဝယ်ထားခဲ့တာ၊ ဒီလက်ဆောင်ကို မောင်ရင်လေး ယူသွားပါ'

'ကျေးဇူးပါပဲ သူဌေးမင်း၊ ဒီလိုကျောက်မျိုးနဲ့ ဆွဲထားတဲ့ လည်ဆွဲတစ်ခု ကျွန်တော့်မှာလဲ ရှိပါတယ်'

နဂါးလက်သည်းကျန်းလီကပြောရင်း သူ၏အတွင်းအင်္ကျီ ရင်ဘတ်ကို ဖွင့်ပြလိုက်ရာ ပတ္တမြားကျောက်လုံးများဖြင့် ဆွဲထားသည့် ရွှေလည်ဆွဲတစ်ခုကို မြင်လိုက်ကြရသဖြင့် သူဌေးကြီးရော ကျောက်စိမ်းသခင်မလေးပါ အံ့အားသင့်သွားကြလေတော့သည်။

'ကျွန်တော်က ဦး လက်ဆောင်ပေးတဲ့ ပတ္တမြားကို ဟောဒီ ကျောက်စိမ်းသခင်မလေးကို ပြန်ပြီးလက်ဆောင်ပေးပါရစေ လက်ခံယူထားပါ'

ထိုသို့ပြောကာ ကျောက်စိမ်းသူဌေးကြီးက လက်ဆောင် ပေးသော ပတ္တမြားသေတ္တာလေးကို ကျောက်စိမ်းသခင်မ လေး လက်ထဲသို့ ထည့်လိုက်သည်။

ကျန်းလီသည် ကျောက်စိမ်းဂေဟာဧည့်ခန်းမဆောင်ကြီးမှ နေ၍ လျှပ်ဘစ်ပြက် လွှားထွက်သွားတော့ရာ မီးခိုးများပမာ ပျောက်ကွယ်သွားသည်။

ကျန်းလီ ကျောက်စိမ်းဂေဟာမှ လွှားထွက်သွားရာ သူဌေး ကြီးမှာ ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေ၏။



သူစိတ်တွင် ဖျင်ကြမ်းဝတ်ထားသောအဝတ်ပေါ် တန်ဖိုး ဖြတ်မရနိုင်လောက် များပြီဟု ထင်လိုက်မိသည်။

သူ လက်ဆောင်ပေးသော ပတ္တမြားမှာ တကယ်တော့ တစ်သိန်း အထိ အဖိုးမတန်လှပေ။ သူကကုန်သည်စိတ်ဓာတ်ဖြင့် တစ်သိန်းပေးရသည်ဟု ကျန်းလီကို ပြောလိုက်သည်။

သို့သော် ကျန်းလီက သူ ငယ်စဉ်က သူ့ အဘမထံက အမွေ ရခဲ့သော ပတ္တမြားလည်ဆွဲကို ထုတ်ပြလိုက်သောအခါ သူဌေး ကြီးမှာ ပို၍အံ့သြသွားရသည်။

ကျန်းလီ၏ ပတ္တမြားလုံးများကို တွေ့လိုက်ရသောအခါ တန်ဖိုးမဖြတ်နိုင်သော ရတနာဖြစ်သည်ကို ကျောက်ပွဲစား ကျောက်ကုန်သည်တစ်ဦးအနေဖြင့် သိလိုက်ရလေသည်။

'ဟင်း....ဒီကောင်လေးထံက ပတ္တမြားလည်ဆွဲကို ငါ ဘယ်လိုရအောင် ယူရမလဲ'

သမီးနှင့်သူက ပထမဆုံး ခင်မင်ရင်းနှီးလာသဖြင့် သမီးကို အကြောင်းပြု၍ သူ့ထံမှ ရတနာလည်ဆွဲအစစ်ကို ရအောင် ယူပြီး အတုကို ပြန်၍တပ်ပေးလိုက်လျှင် တော်ပေါ်သွား သည့် အဘယ်မှာ သိပါမည်နည်း။

'ဖေဖေ ဘာတွေတွေးနေတာလဲ'

ကျောက်စိမ်းသခင်မလေး စင်းစင်းခေါ် သမီးလေးက မေးသဖြင့်သူဌေးကြီးက ဟင်းခနဲ သက်ပြင်းမှုတ်ထုတ်လိုက်၏။

ကျောက်စိမ်းသခင်မလေး စင်းစင်းက ဖခင်ဖြစ်သူမျက်နှာ မသာမယာဖြစ်နေသည်မှာ ကျန်းလီကို တာဝန်ကျေကျေ ဧည့်မခံရသောကြောင့် စိတ်မကောင်းဖြစ်နေသည်ဟု ထင်မိ၏။

'ဖေဖေ ဟိုသိုင်းသမားလေးကို ညော့ဝတ်မပြုလိုက်ရတာ စိတ်မကောင်းဘူး မဟုတ်လား'

သူဌေးကြီးပိုင်ရှိကလည်း ပါးနပ်သူပီပီ....

'အေးကွယ်၊ သူကလဲ တစ်ညတောင် မအိနေတော့ ဘယ်မှာ စိတ်ကောင်းပါ့မလဲ'

ဤတွင် ကျောက်စိမ်းသခင်မလေး စင်းစင်းက....

'အို....ဒီအတွက်တော့ သမီး တာဝန်ထားပါ၊ သမီးသူ့ကို မရ ရအောင်ခေါ်ပြီးတော့ လာပါ့မယ်'

'ဖြစ်ပါ့မလားကွယ်၊ သူက သူများညော့ခံတာမျိုး လက်ခံတာ မဟုတ်ဘူး ထင်တယ်'

'ရပါတယ်ဖေဖေ၊ ကျွန်မကြိုးစားကြည့်ပါ့မယ်'

သူဌေးကြီးပိုင်ရှိသည် သူ့အကြံအစည် အောင်မြင်ရမည်ဟု စိတ်ထဲမှတွေးကာ တဟဲဟဲရယ်မော လျက်....

'လိမ္မာလိုက်တဲ့ သမီးလေးရယ်၊ တို့အသက်ကို ကယ်တဲ့ လူငယ်ကလေးကို တစ်ကြိမ်လောက်တော့ ပြုစုလိုက်ရမှ ဖေဖေ စိတ်ထဲမှာ ကျေနပ်နိုင်မှာပေါ့ကွယ်'

'မပူပါနဲ့ဖေဖေ'

'အေး....အေး၊ သမီးလဲ အတော်ပင်ပန်းနေပြီ၊ သွားပြီး အနားယူလိုက်ပါဦး'

ကျောက်စိမ်းသခင်မလေး စင်းစင်းသည် သူ့ဖခင်အား အရိုအသေပြု၍ အခြွေအရံများနှင့်အတူ အပေါ်ထပ်သို့ တက်သွားတော့သည်။

✿

အခန်း (၉)

ခေါင်းဖြူ။

သူ၏အမည်သည် သိုင်းလောကတွင် မထင်ရှားသော သိုင်းသမားလေးတစ်ဦးဖြစ်ပြီး မုန်တိုင်းလိပ်ပြာ၏ မွေးစားသား တစ်ဦးဖြစ်သည်။

တကယ်တော့ သူသည်အလွန်ကြောက်တတ်သူတစ်ဦး ဖြစ်သော်လည်း မုန်တိုင်းလိပ်ပြာသိုင်းသမားကြီး ရွှန်တိတ်လျောင်က ခေါ်ယူမွေးစားကာ သိုင်းပညာများ သင်ပေးသဖြင့် အတော်ပင် ရဲရင့်လာသောသူဖြစ်သည်။

သူတာဝကလည်း မတည်ငြိမ်၊ မပီပြင်ခဲ့ချေ။ ငယ်စဉ်ကတည်းကစပြီး မိဘများနှင့်အတူ လှေကြီးတစ်စင်းဖြင့် ရောင်းဝယ်ခြင်းလုပ်ငန်းကို မိဘများသွားရာနောက် အမြဲပါကာ လိုက်နေရသည်။

ဆိပ်ကမ်းမြို့ကလေးကအစ မြို့ကြီး တောရွာကြီးများအဆုံး မြစ်ကမ်းခြေ တစ်လျှောက် လှည့်လည်ဈေးရောင်းရသဖြင့် မြစ်ကမ်းတစ်လျှောက် ကျင်လည်ကျက်စားရသည့်အတွက် တောင်ပိုင်းနှင့် တောင်ပိုင်းဒေသတစ်လျှောက်ကို ကျွမ်းကျင်သိရှိထားလေသည်။

နောက်ဆုံး ဖခင်လည်းဆုံးသွားပြီး မိခင်လည်း မကျန်းမာဖြစ်သောအချိန်တွင် မုန့်တိုင်းလိပ်ပြာ သိုင်းသမားများက သူ့အား အတင်းအကြပ်ခေါ်သွားပြီး ရေလမ်းမှ ပို့ဆောင်ခိုင်းသည်။

ဒေါင်းဖြူခေါ်လီမှာ မုန့်တိုင်းလိပ်ပြာသိုင်းသမားတို့အား သူ့လှေဖြင့် ပို့ဆောင်ရခြင်း မဟုတ်ချေ။

မုန့်တိုင်းလိပ်ပြာ သိုင်းသမားများလှေတွင် အလုပ်သမားတစ်ဦးအဖြစ် ခိုင်းစေခဲ့ရာ သူပြန်လာသောအခါတွင် သူ့မိခင်မှာ သေဆုံးနေပြီဖြစ်သည်။

ထိုအချိန်က စာနာပြီး ကြင်နာတတ်သော သိုင်းသမားတစ်ဦးက မုန့်တိုင်းလိပ်ပြာသိုင်းဂိုဏ်းဌာနချုပ်သို့ ခေါ်သွား



ကာ ခေါင်းဆောင်ကြီးထံ ပြောဆိုအပ်နှံခဲ့သဖြင့် မုန့်တိုင်းလိပ်ပြာ သိုင်းသမားကြီး စွန်တိတ်လျှောင်က မွေးစားသားအဖြစ် လက်ခံလူးက် သိုင်းပညာများ သင်ပေးကာ သူ၏ဂေဟာစံအိမ်တော်အတွင်းတွင် လူယုံအဖြစ် စေခိုင်းလေသည်။

ယခု သိမ်းငှက်တောင်သိုင်းသမားကြီးနှင့် တိုက်ပွဲဖြစ်ရာတွင် မုန့်တိုင်းလိပ်ပြာသိုင်းသမားကြီးစွန်တိတ်လျှောင် ပေးအပ်ခဲ့သော သိုင်းကျမ်းကိုယူကာ ထွက်ပြေးခဲ့သည်။

သူသည်တောထဲတွင် တစ်ပတ်ခန့် ပုန်းအောင်းနေပြီးမှ ဈေးရောင်းသမားတစ်ဦးအဖြစ် ဟန်ဆောင်ကာ တောထဲမှ ထွက်ခဲ့ခြင်းဖြစ်၏။

ထိုနောက် ကျွားဝင်မြို့ကလေးနှင့် အယ်မိုင်ခန့်ဝေးသော တောင်ပေါ်မြို့လေး တစ်မြို့ဆီသို့ လျှိုဝှက်ပြေးသွားလေသည်၊

ထိုမြို့လေးမှာ ဆိပ်ကမ်းမြို့လေး တစ်မြို့ဖြစ်ပြီး တောင်ပေါ်မြို့ ခေါ်ခြင်းမှာ ဘောင်တန်းများပေါ်တွင် မြို့အိမ်များဆောက်ထားခြင်းအတွက်ဖြစ်သည်။

သူသည် မိဘများနှင့်အတူ လှေတစ်စင်းဖြင့် ဈေးလှည့်လည်ရောင်းခဲ့ကပင် ထိုတောင်ပေါ်မြို့လေးကိုရောက်ပြီး သူ၏မိဘများနှင့် ခင်မင်သူများရှိ၏။

ထိုလူများမှာ ယခုအခါ အဘိုးအို အဘွားအိုများဖြစ်နေပြီး အဘိုးအိုက တောင်ပေါ်ဘုရားကျောင်းတွင် ကျောင်းစောင့်အလုပ်ဖြင့်နေထိုင်ကာ အဘွားအိုက မြစ်ဆိပ်ကမ်းတွင် တို့ဟူးကြော်ဆိုင်ကလေးဖွင့်ကာ ရောင်းဝယ်စားသောက်နေသည်။

ဒေါင်းဖြူခေါ်လီသည် ယခင်က ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်သား လူငယ်တစ်ဦးဖြစ်ပြီး ယခုအခါ လူရွယ်တစ်ရွယ်ဖြစ်လာသဖြင့် ကုန်စိမ်း၊ သစ်သီးများ ထမ်းလာသည့် လူရွယ်အား အဘွားအိုက ရုတ်တရက် မမှတ်မိချေ။

ဒေါင်းဖြူခေါ်လီက အကျိုးအကြောင်းပြောပြမှသိရှိကာ အဘိုးအိုရှိသော တောင်ပေါ်ဘုရားကျောင်းသို့ လိုက်ပို့သည်။

၂

မြို့လေးအမည်မှာ မြစ်ခွဲဖြစ်ပြီး အရောင်းအဝယ်စည်ကားသော မြို့လေးအဖြစ်တည်ရှိပြီး မြစ်နှစ်မြစ်ခွဲသွားသဖြင့် မြစ်ခွဲဟု ခေါ်တွင်နေခြင်းပင်။

မြစ်ခွဲ တောင်ပေါ်ဘုရားကျောင်းဝင်းအတွင်း မုန်လာ၊ ဂေါ်ဖီ၊ ခရမ်း စသည်များ စိုက်ပျိုးထားရာ ဒေါင်းဖြူခေါ်လီမှာ ဘုရားကျောင်းမှ ကျောင်းစောင့်ကြီး၏ တပည့်တစ်ဦးအဖြစ် စိုက်ပျိုးပင်များကို မြေဩဇာထည့်၊ ရေလောင်း စသည်တို့ လုပ်ကိုင်ပေးရင်း ညအချိန်များတွင်သာ တောင်အောက်သို့ ရုပ်ဖျက်ဆင်းကာ နောက်ထပ်ရွှေ့ပြောင်းရမည့်နေရာကို ရှာဖွေသည်။



သူသည်အလယ်ပိုင်းဒေသမှ ဤအတုမဲ့ သိုင်းကျမ်းကိုယူကာ တောင်ပိုင်းဒေသသို့ထွက်ပြေးရန်ဖြစ်သည်။

သို့သော် ယခုတလော မြစ်ခွဲမြို့လေးတွင် မသင်္ကာစရာကောင်းသော သိုင်းသမားများ ခြေချင်းလိမ်လျက်ရှိသည်ကို တွေ့လိုက်ရလေသည်။

'ဒေါင်းဖြူ'

သူ၏အမည်ကို မေးနေသော လူအချို့ကိုလည်း တွေ့ရလေသည်။ ဒေါင်းဖြူခေါ်လီသည် နာမည်အတုများ ရှိနေသည် မဟုတ်ပါလား။

တစ်ချိန်က အညာကြံ့သိုင်းသမားကလေး ဒေါင်းဖြူခေါ်လီ၏ အမည်မှာ နေ့ချင်းညချင်းပင် အနက်ရောင် သိုင်းသမားလောကတွင် ထင်ရှားလာသည်။

* * *

'အဘွားကြီး ခင်ဗျား ဒေါင်းဖြူကိုသိသလား'

'ဟင့်အင်းမသိပါဘူး၊ ဪ....ကုန်ထမ်းနေတဲ့ဒေါင်းဖြူတော့ သိဘာပေါ့'

'သူက ဘယ်မှာရှိသလဲ'

'ကမ်းနားလမ်းအတိုင်းသွားရင် အဟိန်ရဲ့ပွဲရုံ ရောက်မယ်၊ အဲဒီမှာ သူရှိတယ်'

အနက်ရောင်သိုင်းသမင်း ၃ ဦးသည် မြစ်ဆိပ်လမ်းတွင်ရှိသော တိုဟူးကြော်ဆိုင်လေးသို့ဝင်ကာ တိုဟူးကြော်ကိုဝယ်၍ ရေနွေးကြမ်းဖြင့် စားသောက်ရင်း ဒေါင်းဖြူခေါ်လိုကို မေးလိုက်ခြင်းဖြစ်သည်။

အနက်ရောင်သိုင်းသမားများကအလျင်အမြန် စားသောက်ကာ ထသွားကြ၏။

'ဒေါင် ဒေါင် ဒေါင်'

အဘွားအိုက တိုဟူးကျော်ခွနသော ဒယ်အိုးကို ခေါက်လိုက်ရာ အိမ်ကလေးထဲမှ လူရွယ်တစ်ဦး ထွက်လာသည်။

အချိန်မှာ နေဝင်ပြီဖြစ်၍ မီးရောင်များနှင့် တစ်မြို့လုံး လင်း၏။



'လူကလေး မင်းအမည်ကို လူ ၃ ယောက်က လာမေးတယ်၊ ငါက ကမ်းနားလမ်းက ဒေါင်းဖြူကို ပြောလိုက်ရတယ်၊ အဲဒီတော့ သတိထားပြီးနေပါ'

'စိတ်ချပါအဘွား၊ ဒါထက် ကျွန်တော့် မျက်နှာက နှုတ်ခမ်းမွေးအတုက အဆင်ပြေရဲ့လား'

'မဆိုးပါဘူး၊ ရန်သူတွေက မင်းဒီမှာရှိနေတော့ အဝတ်အစားအသစ်တွေ မဝတ်နဲ့'

'ဟုတ်ကဲ့ပါ'

သူက တိုဟူးကြော်တစ်ပွဲ စားရင်းက လက်ဖက်ရည်ကြမ်း သောက်လိုက်၏။

'ဒါထက် အောက်ကိုစုန်တဲ့ သင်္ဘောရောက်ရင် ကျွန်တော် လိုက်သွားချင်တယ်၊ ဘယ်ရက်လောက်များ ရောက်မလဲ အဘွား'

'အင်း....၃ ရက်နေ့လောက် တိမ်ပျံရောက်မယ်၊ ဒီသင်္ဘောက အစိုးရသင်္ဘော မြန်တယ်၊ နိုင်ငံခြားကမှာယူပြီးစက်သစ်နဲ့ ခုတ်တယ်၊ သူ့ခေါင်းတိုင်က အရှည်ကြီးကွယ့်'

'ဒါ အခေါ်ပဲ၊ ၃ ရက်လောက်ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်အချိန်လဲ'

'အင်း...သူက သန်းခေါင်လောက်ကို ဒီမြို့ရောက်တယ်၊ လူနဲ့ကုန်တွေတင်ပြီးရင် ထွက်သွားတာပဲ၊ ဒီမှာထမင်းတစ်အိုးနှစ်အိုးချက်လောက်တော့ကြာတယ်'

'အတော်ပါပဲ၊ ကျွန်တော် တောင်ပေါ်ပြန်တော့မယ်'

'အား...သတိထားသွား'

သူက အဘွားအိုဆိုင်မှ ခပ်သွက်သွက် ပြန်ထွက်လာ၏၊ ဘုရားကျောင်းဆောင့် အဘိုးအိုက ဆေးတစ်ထုပ်ကို မှာလိုက်၏၊ ဆေးတံနှင့် ပါးစပ် မပြတ်အောင် သောက်နေသော အဘိုးအိုဖြစ်သည်။

ဆေးဘန်ထုပ်ကို ဝယ်ရန်အတွက် လမ်းဘေး ဆိုင်ကစီဆိုင်သို့ ဝင်လိုက်သည်။ ထိုဆိုင်ကလေးမှာ ကုန်မျိုးစုံဆိုင်ဖြစ်၏။

'ဆေးတံသောက်ဆေး တစ်ထုပ်'

စျေးရောင်းသူက အသက်(၃၀)ခန့် လူရွယ်တစ်ဦး။

'နွားသား၊ ကြောင်သား၊ ခေါင်းလား'

အမှန်တော့ ဆေးတံသောက်ဆေး၏ အမည်များပင်။

'ဘယ်ဟာ ကောင်းသလဲ'

'ခေါင်းကို လူကြိုက်များပါတယ်'



'ခေါင်းတစ်ထုပ်ပေးပါ'

ခေါင်းဆိုသဖြင့် သူက သဘောကျသွားသည်။ ထိုအခိုက် လူကစ်ယောက်၏ ခေါ်သံက မလှမ်းမကမ်းမှ ပေါ်ထွက်လာသည်။

'ဟော...ခေါင်းဖြူ'

ထိုခေါ်သံကြောင့် သူက ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။ လှည့်ကြည့်လိုက်မိခြင်းမှာ သူ့အမှားပင်၊ မှောင်ရိပ်ထဲတွင် လူနှစ်ဦး ရှိနေသည်။ သူတို့အား အနက်ရောင်ဝတ်စုံကို ဝတ်ထားကာ ခပ်ဟက်ဟက်ရယ်လိုက်သည်။

သူက တွန့်လှုပ်သွားသည်၊ သူသည် ခပ်တည်တည်ပင် ပြန်လှည့်ပြီး ဆေးထုပ်ကိုယူ၍ ငွေချေကာ ဆိုင်အပြင်ထွက်၍ ခပ်သွက်သွက် လှမ်းထွက်ခဲ့သည်။

'ဟော...နေပါဦးကွ ခေါင်းဖြူ'

သူက မရပ်ပါ၊ ဆက်၍သွားသည်။ သူ့နောက်မှ ခြေသံများ ကြားကာ ရုတ်တရက် သူ့ဘေးမှ လူနှစ်ဦးကလမ်းပိတ်ထားလိုက်၏။

'ခင်ဗျားတို့က ဘာနှောင့်ယှက်တာလဲ'

'မင်းကလဲ တို့တောင်မသိတော့ဘူး၊ တို့ဘစ်ဂိုက်တည်းနေလာခဲ့တဲ့ ရစ်ကြီးနဲ့ ရစ်ကလေး လိုင်ပြာနှစ်ကောင်လေ၊ မင်းကိုရှာလိုက်ရတာကွာ၊ မေ့နေတာပဲ'

‘ခင်ဗျားတို့ လူမှားနေပြီ၊ ကျုပ်အမည်က စွန်နက်၊ ဒေါင်းဖြူ မဟုတ်ဘူး’

‘မင်းက တို့ကိုလိမ်လို့ ဘယ်ရမလဲကွ၊ မင်းကဘယ်လောက် ရုပ်ဖျက်ပေမယ့် မင်းနားရွက် တစ်ဖက်ကတိုနေပြီး မျက်လုံး တစ်ဖက် စောင်းနေသို့ မျက်စောင်းလို့တောင် တို့ကခေါ်ကြသေးတယ်’

‘ခက်ဘာပဲ၊ ခင်ဗျားတို့ သိပ်မှားနေပြီ၊ လူဘူမရှား နာမည်တူမရှားဆိုတာ ခင်ဗျားတို့ မသိဘူးလား၊ ကျုပ်က စွန်နက်လို့ ပြောထားပြီးပြီပဲ’

ရစ်ကြီးဆိုသူက ခွေတိုးလာကာ....

‘မင်း ဆက်မလိမ်ချင်ပါနဲ့’

‘ဝုဏ်’

ရုတ်တရက် ရစ်ကြီး ကခုန်ကာ ဒေါင်းဖြူခေါ်လီ၏ နှုတ်ခမ်းမွေးအား ဆွဲဖြုတ်လိုက်သည်။

ဒေါင်းဖြူနှုတ်ခမ်းမွေးအတုသည် ရစ်ကြီးလက်ထဲ ပါသွားလေသည်။

‘ဟား ဟား ဟား၊ မင်း ဆက်လိမ်ဦးမလား’

ဒေါင်းဖြူခေါ်လီကို ရစ်ကြီးက မေးလိုက်သည်။



ဒေါင်းဖြူမှာ ဆက်၍မလိမ်ရဲတော့။

‘ခင်ဗျားတို့ ဘာဖြစ်လို့ ကျုပ်ကိုရှာရတာလဲ’

‘မင်းဆီက သိုင်းကျမ်းကို သိချင်လို့ တို့ကမင်းကို ရှာနေတာ’

‘ကျုပ်သေမှရမယ်’

‘ရွှမ်း’

ဒေါင်းဖြူသည် သူ့ဓားကို ဆွဲထုတ်လိုက်ကာ လွှား၍ ရစ်ကြီးကို ခုတ်ချလိုက်သည်။

‘ချွမ်း ချွမ်း’

‘ထန်း ထန်း’

ဓားနှစ်လက်သည် တုန်ခါသွားကြသည်။ မီးပွင့်များ ဖြာထွက်သွား၏။ ရစ်လေးက ဘေးမှရပ်ကြည့်နေသည်။

ဒေါင်းဖြူသည် ရစ်ကြီးနှင့် ရစ်လေးတို့ ညီနောင်ကို လုံးဝ မမှုချေ။ သူသည်မုန်တိုင်းလိပ်ပြာသခင် သိုင်းသမားကြီး စွန်တိတ်လျှောင် သင်ကြားထားသော ဝိညာဉ်လိပ်ပြာနှုတ် ဓားကွက်နှင့် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ရစ်ကြီးသည် ဒေါင်းဖြူအား တစ်ဂိုဏ်းတည်းနေစဉ်က လူပေါက်တစ်ဦးအဖြစ် သဘောထားခဲ့ခြင်းဖြစ်သည်။

ခေါင်းဖြူ၏ ဝိသာဉ်လိပ်ပြာနှုတ် ခါးကောက်ကို ဖျက်လတ်ပြီးလျှင် ယားခနဲခုန်၍ သူ၏ခါးဖြင့် ခုတ်ချလိုက်ရာက အောက်သို့ဆွဲ၍ဝိုက်ကာ ခါးဦးဖြင့် ထိုးသွင်းလိုက်သည်။

ဤခါးကွက်သည် မရဏမင်း ရေဲဆင်း သေမင်းခါးကွက်ပင်။

ခေါင်းဖြူဝမ်းဗိုက်သည် ပွင့်ထွက်သွားတော့သည်။ သူသည် မျက်လုံးကြီးပြူး၍ မြေပေါ်လဲကျသွားသည်။ ရဲစ်ကြီးသည် ခေါင်းဖြူ၏ အတွင်းအိတ်ထဲသို့ ရှာဖွေကြည့်လိုက်ရာ စာအုပ်ကလေးတစ်အုပ်အား တွေ့လိုက်ရလေသည်။

'ရှပြီဟေ့'

ရဲစ်ကြီးက ညီဖြစ်သူ ရဲစ်လေးကို ပြောလိုက်သည်။

ထို့နောက် အလျှင်အမြန်ပင် သူတို့ညီအစ်ကိုနှစ်ဦးသည် ထိုဈေးထန်းကလေးမှ ထွက်ခဲ့၏။

ခပ်ဆောဆောက ဓားသံများကြောင့် ဆိုင်အချို့မှာတဖုန်းဖုန်း တံခါးပိတ်လိုက်ရာက ဓားသံအေးသွားသည်နှင့် ဆိုင်များကို ပြန်လည်ဖွင့်လိုက်သည်။

'လူတစ်ယောက် သေသွားပြီဟေ့'



လမ်းသွားတစ်ယောက်ကအော်လိုက်ချိန်မှာပင် မြို့စောင့်တပ်သားအချို့ ပြေးလွှားလာကြလေသည်။ သို့သော် ခေါ်လီ၏အလောင်းမှလွဲ၍ မည်သူ့ကိုမျှမတွေ့ရတော့ပေ။

'ဟေ့ အလောင်းတင်ရထားခေါ်လိုက်ကြ'

ပိုလိပ်လုပ်သူက အော်ဟစ်၍ အမိန့်ပေးလိုက်ပြီးနောက် မကြာမီ အဘိုးအိုတစ်ဦး မောင်းသော ခေါင်းနက်ကြီးတင်လာသည့် မြင်းရထားတစ်စင်း ရောက်လာခလေတော့၏။

ထိုရထားမှာ အလောင်းတင်ရထားပင်ဖြစ်ကာ ခေါ်လီ၏ အလောင်းအား မြို့စောင့်တပ်သားများက ခေါင်းနက်ကြီးအတွင်း ပစ်သွင်းလိုက်ကြ၏။

အလောင်းတင်ရထားမောင်းသမား အဘိုးကြီးက ကျာပွတ်ကိုဝင့်လိုက်ရာ အလောင်းတင်ရထားသည် မြားတစ်စင်းပမာ ထွက်သွားတော့သည်။

* * *

ညဥ့်လယ်လမွန်းတည့်လေပြီ၊ လေပြေသည် ဖြည်းညင်းစွာ တိုက်ခတ်လျက်ရှိပြီး နှင်းပွင့်ကလေးများ လွင့်မျောဆင်းလာပြီ ဖြစ်သည်။

အနက်ရောင်ဝတ်ထားသော ဓားသမား နှစ်ဦးသည် အလျှင်အမြန်ပင် မြင်းများကိုစီးကာ ခရီးနှင်လျက်ရှိနေကြသည်။ မြစ်ခွဲမြို့ကလေးမှနေ၍ ကျားဝင်မြို့ကလေးဆီသို့ ဦးတည်လာနေခြင်းပင်။ ထိုစဉ် သူတို့နားထဲသို့ မြင်းခွာသံသဲ့သဲ့ ကြားလိုက်ရလေသည်။

မြင်းခွာသံများသည် ပို၍နီးကပ်လာလေသည်။ ကွမ်းတစ်ရာညက်ပင် မကြာပါချေ။ အစိမ်းရောင်ဝတ်ထားသော မြင်းစီးသမားငါးဦးတို့က သူတို့စီးလာသော မြင်းနှစ်ကောင် ဘေးမှပန်းပြီး ရှေ့မှကန့်လန့်ဖြတ်ရပ်လိုက်ကြသည်။

အနက်ရောင်မြင်းစီးသမားနှစ်ဦးကား ရစ်ကြီးနှင့် ရစ်ကလေးပင် သူတို့သည် မြင်းခွဲမြို့ကလေးမှ အမြန်ဆုံး သိုင်းကျမ်းကို ဒေါင်းဖြူ-ခေါ်လီကိုသတ်၍ ယူခဲ့ခြင်းပင်။

ရစ်ကြီးသည် အစိမ်းရောင်မြင်းစီးသမားကို မီးထွက်မျက်လုံးနှင့်ကြည့်လိုက်၏။ ဒေါသလည်းထောင်းခနဲထွက်သွားသည်။

'မင်းတို့က ဘယ်ဂိုဏ်းကလဲ'



'ယက္ခကိုယ်တော်သားတွေလေ၊ မင်းတို့အဖေတွေတောင် မသိတော့ဘူးလား'

'ယက္ခကိုယ်တော်ကြီး ဝမ်ကွမ်းဆိုသည်မှာ မိစ္ဆာဂိုဏ်းခွဲတစ်ဂိုဏ်းပင်။ အထက်မြက်ဆုံးသိုင်းသမားတစ်ဦးအပြင် သူ၏အပြုအမူများက ရက်စက်ခြင်း၏နိဂုံးများပင်။

သတ်သည်၊ နှိပ်စက်သည်၊ ညှင်းပန်းသတ်သည်။ ဤမျှ ရက်စက်သော လူသတ်ဂိုဏ်းတစ်ဂိုဏ်းပင်၊ ရစ်ကြီးနှင့် ရစ်ကလေးတို့က ဖြုံ့သွားကြသည်။

'ခင်ဗျားတို့ ရန်ငြိုးမရှိဘဲ ဘာပြုလို့နှောက်ယှက်တာလဲ'

'နှောက်ယှက်တာမဟုတ်ပါဘူး ဒေါင်းဖြူကိုသတ်ပြီးယူသွားတဲ့သိုင်းကျမ်းကိုယူမလို့'

'ကျုပ်တို့ ဝံပုလွေဂိုဏ်းကဆိုတာသိလား'

'သိပ်သိတာပေါ့၊ မင်းတို့က လက်ဦးလို့ရသွားတာပဲ၊ ကဲ စကားမရှည်နဲ့ ပေးမလား အသတ်ခံမလား'

'မပေးဘူးဆိုရင်ကော'

'မပေးရင် ငရဲပို့မယ်'

ယက္ခမယ်တော်ကြီး ဂိုဏ်းသား ခားသမားခေါင်းဆောင် သည် လက်ဘာစိချက်လှုပ်လိုက်သည်၊ ခားပျံလေးလက်၊ ရစ် ကြီး ရစ်ကလေးညီနောင်တို့၏ ရှင်ဝဆီသို့ တန်းဝင်သွား၏၊

ရစ်ကြီးသည် သူ၏ခားနှင့် ဝင်လာသော ခားပျံများကို ခေါက်တုတ်ပစ်လိုက်သော်လည်း ခားပျံတစ်လက်မှာ သူ့ပခုံး တွင် စိုက်ဝင်သွားသည်၊ နှင့်ခနဲနာကျင်စွာခံစားရသည်။

'မင်း ငါ့ခားပျံ ထိသွားပြီ၊ မကြာခင် အဆိပ်ဒဏ်ကြောင့် ငရဲရောက်တော့မယ်'

ကိုယ်တော်ကြီး ဂိုဏ်းသားခေါင်းဆောင်က မဲ့ပြုံးနှင့် ပြောလိုက်၏။ ရစ်ကြီးသည် အံကြိတ်လိုက်၏။

'ညီလေး မလွတ်ဘူး၊ ပြေးတော့'

ရစ်ကြီးက သိုင်းကျမ်းစာအုပ် အတွင်းအိတ်ထဲမှနှိုက်ကာ ပေးလိုက်သည်။ ရစ်ကလေး လျှပ်တစ်ပြက် မြင်းကိုစိုင်းနှင့် ထွက်ခဲ့လေသည်။

'ဟိတ် မင်းပြေးလို့လွတ်မလား'

ယက္ခကိုယ်တော်ကြီး ဂိုဏ်းသမားခေါင်းဆောင်က ဟောက် ကာ လက်တစ်ချက်ယမ်းပြလိုက်ရာ ယက္ခကိုယ်တော်၏ ဂိုဏ်းသား ခားသမားနှစ်ယောက်သည် မြင်းကို မြားတစ် စင်းပမာ စိုင်းနှင်လိုက်သွားတော့၏၊



ရစ်ကြီးသည် ပခုံးတွင်စိုက်ဝင်နေသည့် အဆိပ်မြားပျံ ကြောင့် တဖြည်းဖြည်းအဆိပ်ပျံ့တက်လာပြီး ကိုယ်မှာ ရှေ့သို့ စိုက်ဆင်းလာခဲ့၏၊

သို့သော် မြေပေါ်သို့ထို မကျသေး၊ သူ၏လက်တစ်ဘက် သည် ခါးထဲမှ အရာဝတ္ထုတစ်ခုကို ဆွဲထုတ်လိုက်သည်။ ရစ် ကြီးသည် မြေပေါ်သို့ လဲကျတော့မည်ကိုသိသော ယက္ခ ကိုယ်တော်၏ခားသမားခေါင်းဆောင်သည် မြင်းကို ရှေ့သို့ တဖြည်းဖြည်းနှင်လိုက်သည်၊

ထိုစဉ် သေးငယ်သောမြားကလေးများသည် ရှဲတရက် ပျံလာသည်။

ရစ်ကြီးသည် မြင်းပေါ်မှကျလုလုတွင် ခါးတွင်ချိတ်ထား သည့် သံပြောင်းနှင့်မှုတ်၍ ပစ်ရသည့်မြားများကို မှုတ်လွှတ် လိုက်ခြင်းပင်။

မြားအုပ်ကြီးပျံ ထွက်လာသည်မှာ သေမင်း၏ပဒူကောင် များအလား ဘင်လိုက်ရသည်။ ယက္ခကိုယ်တော်ကြီး၏ ခား သမားခေါင်းဆောင်မှာ အထိတ်တလန့်ဖြစ်ကာ သူ့ခားနှင့် ကာကွယ်ရန် ခားကိုဆွဲနှုတ်သော်လည်း အချိန်မမီတော့ချေ။

အဆိပ်မြားနှစ်ချောင်းသည် ပခုံးရင်ဝအသီးသီးသို့ စိုက် ဝင်သွားလေသည်။

'ဟား ဟား ဟား ဒါလောက်ဆိုပြည့်သွားပြီနော်သိုး။ မင်းတို့ကို အဖမ်းခံဖို့ အဖော်ခေါ်သွားမယ် မထင်ခဲ့ဘူး'

ရစ်ကြီးသည် မြင်းပေါ်မှ မြေပေါ်သို့ပြောဆိုရင်း ထိုးစိုက်ကျသွားတော့သည်။

ယက္ခကိုယ်တော်ကြီး၏ဓားသမားခေါင်းဆောင်သည် စူးဝင်နစ်မြုပ်သွားသော အဆိပ်မြှားလေးများကို အလျင်အမြန်ဆွဲထုတ်ပစ်ကာ ပုလင်းကလေးတစ်လုံး နှိုက်ယူ၍ အဖုံးဖွင့် သောက်လိုက်၏။

'အဆိပ်ဖြေဆေးပုလင်းကို ဖွင့်သောက်ကြ'

သူကပြောလိုက်သော်လည်း အဆိပ်မြှားဒဏ်က နှာကျင်ကိုက်ခဲလာ၏။ ရင်ထဲအောင့်လာသည်။ အမှန်တော့ သူတို့၏ အဆိပ်ဖြေဆေးသည် ယက္ခကိုယ်တော်က အထူးတလည် ပေးထားသော အဆိပ်ဖြေဆေးဖြစ်သော်လည်း လူ့အတွင်း ပစ်လသော အသက်ရှင်နိုင်မည်ဖြစ်သည်။

ယခုအဆိပ်ဒဏ်ကြောင့် မူးဝေလာလို့ အဆိပ်ဖြေဆေးကို သောက်လိုက်ကြသဖြင့် အဆိပ်များက နှလုံးသားအထိ မပြန့်သေးဘဲ ရပ်တန့်သွားကြသည်။

'လာတော့....ကိုယ်တော်ကြီးထံပြန်ကြမယ်'

မြင်းများကို အမြန်ဆုံးကဆုန်စိုင်းထွက်သွားကြသည်။



ထိုအချိန်တွင် ရစ်ကလေးနောက် လိုက်သွားသော ဓားသမား နှစ်ဦးတို့သည် လမ်းတစ်ဝက်မရောက်မီ မီလာကာ တစ်ဦးကလက်ထဲမှ ကြိုးခွေကြီးဖြင့် ပစ်လိုက်လေသည်။

'ဝှီး'

ရစ်ကလေးသည် သူ့မြင်းအား အလျင်အမြန်ဆုံး ကဆုန်စိုင်းနှင်လာသော်လည်း ယက္ခကိုယ်တော်၏ဓားသမားနှစ်ယောက်က တရကြမ်း မြင်းကိုနှင်၍ လိုက်လာသည်ကို သိလိုက်ရ၏။

သူ့မြင်းသည် မြှားတစ်စင်းပမာ ပြေးနေသော်လည်း ယက္ခကြီး၏ ဓားသမားနှစ်ဦးက မီလာသဖြင့် အလုပ်ရှုပ်မည်သိအောင် ဖြစ်နေမိ၏။ ယခုလိုက်လာသော ယက္ခကိုယ်တော်၏ ဓားသမားနှစ်ဦးမှာ ကြိုးနဂါးနှစ်ကောင်ဟု၍ နာမည်ရထားသော ကြိုးပစ်သမားများဖြစ်ကြသည်။

ရှည်လျားသော ပိုက်ကွန်သဖွယ် ထိုးအုပ်ကျလာသော ကြိုးကွင်းကြီးအား မြင်းရေလှုပ်ပါ တိမ်းရှောင်၍ ဓားနှင့်ခုတ်လိုက်သော်လည်း ကြိုးခွေကြီးမှာ ခိုင်မာလွန်းပြီး ရစ်ကလေး ကိုင်ထားသော ဓားကိုပင် တုန်ခါသွားသည်။

သူက အကြံရလိုက်၏။ လှုပ်တစ်ပြက်ပင် မြင်းပေါ်မှ ခုန်ချပြီး လှိမ့်ကာရှောင်လိုက်သည်။ ထို့နောက် တောထဲသို့ပြေးဝင်သွားသည်။

နဂါးနှစ်ကောင်မှာ သားကောင် ရှုတ်တရက် လွတ်ထွက်သွားရခြင်းအတွက် တောက်တစ်ချက်ခေါက်၍ မြင်းပေါ်မှ ဆင်းကာ တောထဲသို့ ပြေးဝင်လိုက်ခဲ့၏။ ထိုစဉ် အော်သံတစ်သံ ကြားလိုက်ရသည်၊

'အား'

နဂါးနှစ်ကောင် အသံလာရာဆီသို့ ပြေးသွားကြသည်၊

အသံကြားရာအနီးသို့ ရောက်သည်နှင့် သူတို့နှစ်ယောက်အပေါ်သို့ ကျားတစ်ကောင်ပမာ လွှားဝင်လာသော ရစ်ကလေးအား တွေ့လိုက်ရ၏။

သတိမလစ်သော နဂါးနှစ်ကောင်က ဓားကိုလျှပ်တစ်ပြက်ဆွဲထုတ်ကာ တိုက်ခိုက်လိုက်ကြသည်။

သံ,သံချင်းထိသံများသည် သစ်တောအတွင်း ပွတ်လောရိုက်သွားတော့သည်။

နဂါးနှစ်ကောင် ဝိုင်းညှပ်တိုက်ခိုက်မှုကြောင့် ရစ်ကလေးနောက်ဆုတ်နေရ၏။ နောက်ဆုံး ကျောက်တုံးကြီးတစ်တုံးနှင့်ခံနေသဖြင့် လေထဲလွှားတက်လိုက်ရာ နဂါးနှစ်ကောင်က သူတို့၏ကြိုးလက်နက်ကို ပစ်လိုက်သည်။

နဂါးနှစ်ကောင် ကြိုးလက်နက်က ရစ်ကလေးအား ရစ်နှောင်မိသွားလျက် မြေပေါ်သို့ ဆွဲချခြင်းကို ခံလိုက်ရသဖြင့် ဝုန်းခနဲပစ်ကျလာရတော့သည်။



'မင်း ဘာတတ်နိုင်သေးလဲ၊ ငရဲပြည်အမြန်လိုက်ပေတော့'

ရစ်ကလေးသည် ရစ်ကြီးကဲ့သို့ သူ သေကာနီး နောက်ဆုံးလက်နက်ကို ထုတ်၍သုံးလိုက်ခြင်းဖြစ်သည်။ ထိုလက်နက်ကား မြောင်းမှုတ်အဆိပ်အပ်များ လက်နက်ပင်တည်း။

နဂါးနှစ်ကောင်၏ ရင်ဝတွင် ၈ ဆိပ်အပ်များ စူးဝင်နစ်မြုပ်သွားကာ ရင်ဝတစ်ခုလုံး အောင့်တက်လာတော့သည်။

နဂါးနှစ်ကောင်ခေါင်းဆောင်က ဓားကိုထုတ်ကာ ရစ်ကလေးကိုယ်ကို ပိုင်းချလိုက်ရာ ပြတ်၍ထွက်သွားတော့သည်။

ရစ်ကလေး လည်ပင်းမှ ထွက်လာသောသွေးများက ဝေါခနဲ စီးကျလာစဉ် နဂါးနှစ်ကောင်က ကပျာကယာ သိုင်းကျမ်းစာအုပ်ကို နှိုက်ယူလိုက်ကြသည်။

'ရပြီဟေ့'

နဂါးနှစ်ကောင်ခေါင်းဆောင် အော်လိုက်ရာက ဝေါခနဲသွေးတစ်ပွက်အန်လိုက်၏။

'ညီလေး အဆိပ်ဖြေဆေးဘောက်ထားလိုက်'

ခေါင်းဆောင်လုပ်သူက ပြောရင်း ပုလင်းတစ်လုံးကို အိတ်ထဲမှ နှိုက်ယူကာ ပါးစပ်ထဲသို့ မော့၍လောင်းချလိုက်လေသည်။ ထိုစဉ်...

'မင်းတို့လဲ ရုပ်ကလေးလို သေဖို့ကောင်းတယ်'

ထိုအသံကြောင့် နဂါးနှစ်ကောင်မှာ ထိတ်လန့်သွားကြပြီး အသံလာရာသို့ ကြည့်လိုက်ရာ အမှောင်အောက်တွင် အဖြူရောင် အရိပ်တစ်ရိပ်ကို တွေ့လိုက်ရသည်။

'ဟော မင်းက ဘယ်ကလွင့်လာတဲ့အကောင်လဲ'

'မင် တို့ကိုလွင့်လာတာပေါ့၊ ငါ့လက်ထဲကို သိုင်းကျမ်း စာအုပ် အပ်လိုက်စမ်းပါ'

'မင်းက ဘာကောင်မို့ [illegible] ရမှာလဲ၊ သတ္တိရှိလာခဲ့စမ်း'

ကြီးနဂါးနှစ်ကောင်အနက် ခေါင်းဆောင်က ဒေါသနှင့်မေး လိုက်၏၊

'ငါက ခေးဘီလူးပဲ'

ထိုအသံနှင့်တပူ အဖြူရောင်အဝတ်နှင့်လူတစ်ဦး လွင့် ဝင်လာကာ သူတို့ရှေ့မတ်တတ်ရပ်လိုက်သည်၊

'ပေးစမ်း သိုင်းကျမ်း'

ခေးဘီလူးကျောက်ပန်းအာ ညာလက်ဝါးနှင့်ဖြန့်၍ တောင်း လိုက်သည်။ သူ၏ညာလက်ဝါးသည် မည်းနက်လျက်ရှိနေ သည်၊ ထိုလက်မှာလည်း ကြေးတောက်နေရာ မြွေဟောက် တစ်ကောင်ပမာ ရှိနေလေသည်။



'မင်းတို့ အဆိပ်မိသွားတဲ့သေသူတွေပဲ'

ကြီးနဂါးနှစ်ကောင်များ ခေးဘီလူးကျောက်ဖန်း စကား ကြောင့် တုန်လှုပ်သွားကြသည်၊ အကယ်ပင် သူတို့အဆိပ်မိ သွားလေပြီ၊ ဖြေဆေးက တစ်လသာခံပြီး ထိုအတွင်း သူ့ ထက် အစွမ်းထက်တဲ့ ဆေးရပါမှ မသေနိုင်မည်။

'ကျုပ်တို့လက်ထဲ ရောက်တဲ့ပစ္စည်းကို ဘယ်တော့မှ ပေး တယ်လို့ တုံးစံမရှိဘူး'

'ဖြောင် ဒီလိုလား'

ခေးဘီလူးကျောက်ဖန်းသည် အတွင်းအားကြီးမားသော သိုင်းသမားတစ်ဦးပင်၊ သူ၏ ကြမ်းကြုတ် ရက်စက်မှုသည် အနက်ရောင် သိုင်းလောကနှင့် အဖြူရောင်သိုင်းလောကတွင် ကျော်ကြားလျက်ရှိနေသည်။

ဖြင်းသန်သောသူ၏သက်ဝါးရိုက်ချက်မှာ အလွန်မြန်ဆန် လှသည်၊ ခေးထုတ်ချိန်ပင်မရလိုက်၊ ကြီးနဂါးနှစ်ကောင်မှာ ရင် ဝကို အရိုက်ခံလိုက်ရကာ မြေပေါ်သို့ လဲကျသွားရတော့ သည်။

ပါးစပ်မှသွေးများအန်ကျလာကာ ငြိမ်သက် သွားလေ တော့သည်၊ ကျောက်ဖန်းသည် တဟားဟားရယ်လိုက်ပြီး သူ့ လက်ချက်ကြောင့် အသက်ပျောက်သွားသည့် ကြီးနဂါး

နှစ်ဖော်ကိုင်မှ သိုင်းကျမ်းစာအုပ်ကိုယူ၍ သွားထွက်သွား လေတော့သည်။

သို့သော် ထိုအခင်းဖြစ်ပွားရာနေရာဘစ်ပိုက် သစ်ပင်ကြီး တစ်ပင်အထက်မှ မျက်ခြည်မပြတ်ကြည့်နေသော အမည်းရိပ် တစ်ရိပ်အား ဓားဘီလူး သတိမမူမိပေ။

ကျောက်ဖန်းသည် တောင်ပေါ်သို့ ပြေးလွှားတက်သွား ပြီးလျှင် ပိတ်ထားသည့် ကျောက်တုံးကြီး တစ်တုံးအား အတွင်းအားနှင့် တွန်းပစ်လိုက်သည်။

'ဝုန်း'

'ဟူး'

'ဟာ ကျားသစ်ကြီး'

ဂူကြီးထဲမှ သတ္တဝါကြီးတစ်ကောင် ခုန်ထွက်လာလေ သည်။ အစက်အပြောက်အဝါကွက်များနှင့် ကျားသစ်ကြီး တစ်ကောင်ပင်။

ကျားသစ်ကြီးသည် ရှစ်တောင်ခန့်ရှိပေသည်၊ မျက်လုံး များ ဝင်းဝင်းတောက်နေသည်၊ ကျောက်ဖန်းကို မြင်သော အခါ ကြောင်လေးတစ်ကောင်ကဲ့သို့ ငြိမ်သွားလေတော့ သည်။



ယင်းအချိန်မှာပင် ညဝတ်အင်္ကျီဝတ်ထားသော လူရိပ် တစ်ရိပ်က သစ်ပင်များပေါ်မှ လွှားကာလိုက်လာလေရာ ဓားဘီလူးဝင်သွားသော ဂူကိုကြည့်၍ သစ်ပင်ပေါ်မှ ညင် သာစွာ ခုန်ချလိုက်သည်။

သူသည် ဗိုလ်ပုလွေဂိုဏ်းသားလော၊ သို့မဟုတ် ယက္ခကိုယ် တော်ကြီး ဝမ်ကွမ်းထံမှလွှတ်ထားသော တမန်တော်နှစ် ဦးလော။

မည်သူဟူ၍မသိရသေး၊ သူ့လှုပ်ရှားမှုကား ပေါ့ပါး ညင်သာလှသည်၊ ထိုအချိန်တွင် ဓားဘီလူး စခန်းချထား သော ဂူကြီးအဝတွင် ကျားသစ်ကြီးသည် သူ့သခင်အား စောင့်ကြပ်နေသော အစောင့်တစ်ဦးပမာ ခြေသံ့ထိုင် ထိုင်၍ လျက်ရှိနေသည်။

ဂူဝမှ အဝတ်လေခတ်သံ ဖလပ်ဖလပ် ကြားလိုက်ရသဖြင့် အနားယူရန် ထိုင်မည့်ဆဲဆဲ အပြင်သို့လွှားသွားလေသည်။ သူ မွေးထားသောကျားသစ်ကြီးကလည်း ဝေါ့ခနဲတစ်ချက်ဟိန်း လိုက်သည်၊ သူသည် လူစိမ်းနံ့ရသွားသည် မဟုတ်ပါလား၊

'ဟေ့ ခွေးသား ငါ့နောက်လိုက်လာတာ ဘယ်အကောင် လဲ၊ အခုလာခဲ့စမ်း'

'မင်းကဘယ်သူလဲ'

'အရိုးတစ်ချောင်း'

အဝတ်နက်ဝတ်ထားသူက သူ့ညာဝတ်ရုံအနက်ကို ခွာချလိုက်သည်။

'အား အရိုးဖြိုင်းဖြိုင်းနဲ့ အရိုးတစ်ချောင်းပဲ'

ခေါ်ဘီလူး အံ့အားသင့်ကာ ပြောလိုက်သည်။

သို့သော် ပေါက်ပက်စေသော မျက်ခွံ အတွင်းမှ မျက်လုံးများသည် ပုစွန်မျက်လုံးပမာ ရှေ့ကို ပြူးလျက် ရှိနေသည်၊ နှာခေါင်းဟူ၍ လုံးဝမတွေ့ရပေ။

'သိုင်းကျမ်း'

အရိုးတစ်ချောင်းဖုန်းလီက အရိုးလက်ချောင်းများနှင့် တောင်းလိုက်သည်။

'မင်းတို့လို တစ်ချောင်းနဲ့ဘာဆိုင်သလဲ'

'ဟီး ဟီး ဟီး၊ သိပ်ဆိုင်တာပေါ့'

'ရှန်း'

ခေါ်ဘီလူးကျောက်ဖန်းသည် သူ၏ကိုယ်ကိုလွှား၍ လက်နှင့် ရိုက်ချလိုက်လေသည်၊

အတွင်းအားကြောင့် ပြင်းထန်သောလက်ဝါး ရိုက်မိလျှင် အရိုးတစ်ချောင်းဖုန်းလီမှာ အရိုးတွေ ကြိုးပြတ်ကာ မြေပေါ်သို့ တုန်းတုန်းလဲသွားရမည်သာ၊



သို့သော် အရိုးတစ်ချောင်း၏ အရိပ်မှာ ရိပ်ခနဲ ပျောက်သွားကာ ခေါ်ဘီလူး နောက်ကျောသို့ ရောက်သွားလေသည်။

ထိုစဉ် ခေါ်ဘီလူးကျောက်ဖန်း မေ့ထားသော ကျားသစ်ကြီးက အရိုးတစ်ချောင်းကို ပြေး၍ခုန်အုပ်လိုက်သည်။

အရိုးတစ်ချောင်းဖုန်းလီက သူ့ကိုယ်ကို အထက်သို့လွှား၍ လက်ဝါးရိုက်ချက်နှင့် ကျားသစ်ကြီး ဦးခေါင်းကို ရိုက်လည့်လိုက်ရာ မြေပေါ်သို့ လဲကျကာ တဖူးဖူးအော်နေတော့သည်၊ ခေါ်ဘီလူးမှာ အကြီးအကျယ် စိတ်ဆိုးသွားရသည်၊

သူသည် လေထဲသို့ ထိုးတက်ပြီး အရိုးတစ်ချောင်းဖုန်းလီအား လက်ဝါးနှင့် ရိုက်ချလိုက်ပြန်သည်။

ဖုန်းလီမှာ လေထဲမှာပင် ဝဲပျံနေသည်၊

ကျောက်ဖန်း၏ အပူလှိုင်းအားမာန်ပါသော လေလှိုင်းကို ရှောင်ကာ လေထဲတွင် လိပ်ပြာတစ်ကောင်ဝဲသကဲ့သို့ ဝဲနေရာက သူ၏အရိုးလက်ဝါးနှင့် ကျောက်ဖန်းရိုက်ချက်ကို ခံပေးလိုက်၏။

လေထဲမှာပင် အသံကြီးတစ်သံမြည်၍ မီးခိုးများ တလူလူ ထွက်သွားတော့သည်။

နှစ်ဦးစလုံး လက်ချင်းချိတ်ခဲ့ဘဲ ပူးကပ်ထားလေရာ အတွင်းအား ကြီးသူတွေဖြစ်ကြောင်း နှစ်ဦးစလုံး သိလိုက်ရ၏။

'ဝုန်း'

ကျောက်ဖန်းသည် သူ့ခြေတစ်ဖက်နှင့် ဘီလူးအရိုပ်ပျောက် တိုက်ကွက်နှင့် ခတ်လိုက်၏။ အလွန်ရက်စက်သောတိုက်ကွက် ဖြစ်သည်၊ ဖိနပ်ဦးတွင် ဓားချွန်တွေတန်းစီလျက် ရှိနေလေသည်။

ဖုန်းလီသည် ခါးကော့၍ မြေပေါ် ဆင်းလိုက်မိ၏၊

ထို့ကြောင့် လက်ဝါးနှစ်ဖက်မှ ဖြင်းထန်သောအသံကြီး ပေါ်ထွက်လာပြန်သည်၊

'ဝုန်း'

ကျောက်ဖန်း၏ ဘီလူးအရိပ်ပျောက် ခြေခတ်ချက်မှာ အရာမရောက်ဘဲ ဖြစ်သွား၏။

ကျောက်ဖန်းသည် လျှပ်တစ်ပြက် သူ့ဓားကိုဆွဲထုတ်၍ မြေပေါ်ကျွမ်းပစ်ကာ ဆင်းခဲ့ပြီး ဖုန်းလီအား ဘီလူးပလ္လင် ဆင်း ဓားကွက်နှင့် ခုတ်ချလိုက်ပြန်သည်။

ဖုန်းလီက မရှောင်ပါ၊ သူ့အရိုးဓားနှင့် ခံလိုက်သည်၊ အရိုးဓားဆိုသော်လည်း အလွန်မာကျောလှသော သံကောင်း ကို ပြုလုပ်ထားသည်၊

တကယ်တော့ ဖုန်းလီ၏ အဆင်တန်ဆာအားလုံးမှာ ချုပ်ဖျောက်ထားသည်။ စင်စစ်လူသားတစ်ဦးသာလျှင်ဖြစ်သည်၊

'ဟော ....မင်း သတ္တိမရှိဘူးလား ဖုန်းလီ၊ မင်းချက်နှာအစစ် ကို မပြရဲဘူးလား'



'ဘာလဲ၊ မင်းကိုငါက မြရအောင် ငါ့အတွက် ဘာအကျိုး ရှိမှာလဲ'

ဖုန်းလီသည် ထိုစကားတစ်လုံးကိုပြောကာ ခုန်လွှား၍ ဝင်လာပြန်သည်။ သူ့လက်ထဲမှ ဓားရောင်သည် ကျောက်ဖန်း ကိုယ်ပေါ်သို့ အုပ်မိုးကျသွားပြန်သည်။

ကျောက်ဖန်းက ကျွမ်းတစ်ပတ်ပစ်၍ ရှောင်လိုက်စဉ်မှာပင် သူ့ဘေးမှ ရိုပ်ခနဲ လွှားဝင်လာသော အရိပ်တစ်ရိပ်ကိုတွေ့လိုက် ရသည်။ ထိုအရိပ်သည် မည်သူ့အရိပ်ဟူ၍ မသိလိုက်သော်လည်း ကျောက်ဖန်းက လက်နောက်ပြန်ရိုက်ချလိုက်လေသည်။

'ထောက် · ထောက်'

'အား'

ကျောက်ဖန်းသည် အငိုက်မိသွားလေသည်။ ကိုယ်ဖော့ အရိပ်ပျောက်ကောင်းသော သိုင်းသမားတစ်ဦး ပေါ်ထွက် လာကာ သူ့ကိုယ်ထဲမှ သိုင်းကျမ်းကိုနှိုက်ယူ၍ စွန်တင်ကောင် ကဲ့သို့ ကိုးဆင်းပြေးသွားလေသည်။

ထိုလူ၏ အရိပ်မဲ့လက်ချောင်းများကလည်း ကျောက်ဖန်း နောက်စိကြောကို ထောက်သွားပြီး ကျောက်ဖန်းမှာ မြေ ပေါ်သို့ ဝုန်းခနဲကျကာ မေ့မျောသွားရလေသည်၊

ဖုန်းလီပင် အလွန်အံ့အားသင့်လျက် ရှိနေသည်။ ဤမျှ မြန်ဆန်သော ကိုယ်ဖော့အားကောင်းသည့် သိုင်းသမားကို သူ မတွေ့ဖူးသေးပေ။

ထိုစဉ် မီးတုတ်များကိုင်၍လာနေသော အရိုးဖြူတောင် သိုင်းသမားများသည် မီးခိုးပမာလွင့်မျောသွားသည့် အရိပ် တစ်ရိပ်အား တွေ့မြင်လိုက်ကြရလေသည်။

❁

## အခန်း ( ၁၀ )

'ဟား ဟား ဟား'

ကျားသူရဲ ချောင်စိန်သည် တဟားဟားရယ်မောလျက် ရှိနေသေးသည်။ သူ့ရှေ့တွင် လူရွယ်တစ်ဦး မတ်တပ်ရပ်လျက် ရှိနေသေးသည်။

'မင်းတော်တယ်၊ ခါးဘီလူးနဲ့ အရိုးတစ္ဆေတွေကြားက ဒီ သိုင်းကျမ်းကို အရယူလာနိုင်တယ်ဆိုတော့ မင်းကို ဆုတော် အများကြီး ပေးရမှာပေါ့ကွာ'

'ကျေးဇူးတင်ပါတယ် ခေါင်းဆောင်ကြီး'

အသက်အစိတ်ခန့်ရှိ အစိမ်းရောင်ဝတ်ထားသော လူရွယ်က ခေါင်းဆောင်ကြီးအား ခေါင်းညိတ်အရိုအသေပြုကာ ပြောလိုက်လေသည်။

လူရွယ်ကား မြစ်ခွဲမြို့ကို အကူးစေလွှတ်ခြင်းခံထားရသော ရွှေဂဠုန်ဆိုသူပင်။ သူသည် ငယ်စဉ်ကပင် တောင်ဆင်း တောင်တက်မြန်လှကာ ကိုယ်ဖော့အားကောင်းပြီး တိုက်ခိုက်ရာတွင် လက်နက်မသုံးဘဲ လက်ချည်းသုံးသော လက်ဗျောက်ခြေထောက်သိုင်းကွက်ကို သင်လာသဖြင့် လိုချင်သောပစ္စည်းကို အလွယ်တကူနှင့် ယူနိုင်သူဖြစ်၏။

ကျားသရဲဂိုဏ်း တည်ရာကား တောင်ပြာကြီး အနောက်ဘက် တောင်ခြေတွင် တည်ရှိသည်။

'ဖျောင်း ဖျောင်း ဖျောင်း'

ကျားသရဲဂိုဏ်းသားများက ချီးကျူးကြလေသည်၊ ဂိုဏ်းချုပ်ကြီးလျှောင်စိန်ရဲ့ လက်ထဲတွင် သူလိုချင် တောင်းတနေသော အကုမ္မသိုင်းကျမ်း ရောက်နေပြီ မဟုတ်လား။

'ကဲဟေ့....ငါ့တပည့်တွေ ဒီနေ့ ပျော်ပျော်ပါးပါးစားကြ သောက်ကြ'

အမိန့်ပေးလိုက်သဖြင့် ဂိုဏ်းသားတပည့်များက လက်ခုပ်တီးလိုက်ကြသည်၊ ရှုတ်တရက်ရယ်သံကြီးတစ်သံက လျှောင်စိန်ရဲ့ အခန်းကြီးမရှိမှ ပေါ်ထွက်လာ၏။ အဝတ်နက်ကြီး လွှမ်းခြုံထားသော သိုင်းသမားကြီးနှစ်ဦးက ခုန်ရောက်လာကြ၏။

ထိုနှစ်ဦးက လမ်းရှေ့မှ ကာဆီးပိတ်နေသော ကျားသရဲများကို လက်ဝါးနှင့် ရိုက်ထုတ်ပစ်ရာ လွင့်စင်သွားကြ၏၊

'ဟေ့....တိုက်ကြပါလား'

ခေါင်းဆောင်ကြီးက ထိုင်ခုံမှ လျှပ်တပြက်ထ၍ ဓားကိုဆွဲထုတ်လိုက်ကာ လွှားဆင်းလာခဲ့၏။



'မင်းက ကျားသရဲ ငါက ဝံပုလွေကွ'

'ချမ်း ချမ်း'

'ထန်း ထန်း'

ဝံပုလွေဂိုဏ်းချုပ်ကြီး ချေးစိုးကိုယ်တိုင် လိုက်လာခြင်းပင်၊

'ဟား....ကျားသရဲ၊ ငါ့ဓားဘီလူးရဲ့လက်ဝါးကိုမြီးပါဦး'

'ဖွန်း'

'အား'

လျှောင်စိန်မှာ ဓားဘီလူး၏တိုက်ခိုက်မှုကြောင့် ကြမ်းပြင်ပေါ်သို့လဲကျသွားရလေသည်၊

ပြေးသူပြေး သေသူသေနှင့် အတော်ပင် ရှုတ်ရှုတ်ရက်ရက် ဖြစ်သွားသည်။

ဝံပုလွေဂိုဏ်းသားများ ပြောချက်အရ ဝံပုလွေ ဂိုဏ်းခေါင်းဆောင်ကိုယ်တိုင်လိုက်လာရာ ဓားဘီလူးကျောက်ဖန်း နေရာရောက်ခဲ့ရာ၊ ဓားဘီလူးမှာ အရိုးတစ္ဆေ ဖုန်းလီနှင့် တိုက်ခိုက်ရာမှ ဒဏ်ရာရပြီး လဲကျနေခဲ့သည်။

ဓားဘီလူးကျောက်ဖန်း ကိုယ်တော်ကြီး ရှဲချိန်၏ ကြိုးနဂါးနှစ်ဖော်ထံမှ ရခဲ့သောသိုင်းကျမ်းအား ကျားသူရဲဂိုဏ်းသား ခြေမြန်တော်တစ်ဦးက လုယူထွက်ပြေးသွားကြောင်း ပြောပြခဲ့သည်၊

၁၉

ဝံပုလွေဂိုဏ်းခေါင်းဆောင် ချေးစိုးက ကျောက်ဖန်းကို ပြုစုပေးကာ ကျားသရဲဂိုဏ်းနေရာကို လိုက်ခဲ့ကြသည်။

သူတို့နှစ်ဦးမှာ ထိုဒေသ၏အတော်မြင့်သိုင်းသမားများ ဖြစ်သဖြင့် ကျားသရဲဂိုဏ်းတည်ရာဌာနချုပ်ကို မကြာမီအချိန်အတွင်း ရောက်လာလေသည်။

ထိုအချိန်တွင် ဝံပုလွေဂိုဏ်းသားအချို့လည်း ရောက်လာကြပြန်သည်။ ကျားသရဲဂိုဏ်းသားသိုင်းသမားများကို တရကြမ်း ဝင်ရောက်တိုက်ခိုက်ကြသဖြင့် ဖရိုဖရဲဖြစ်သွားလေသည်။

ဝံပုလွေဂိုဏ်းခေါင်းဆောင်ကြီး ချေးစိုးသည် ကျားသရဲခေါင်းဆောင် လျှောင်စိန် အတွင်းဆောင်ထဲမှ သိုင်းကျမ်းကို နှိုက်ယူလိုက်လေသည်။

ထိုစဉ် ကျောက်ဖန်းက ဖျတ်ခနဲ သိုင်းကျမ်းကို ဝံပုလွေဂိုဏ်းခေါင်းဆောင်ထံမှ လုယူလိုက်ကာ-

'ခင်ဗျားတစ်ဦးတည်း အပိုင်စီးလို့ ဘယ်ဖြစ်မလဲ၊ ဒီသိုင်းကျမ်းကို ကျုပ်လဲပိုင်တယ်'

ဝံပုလွေသိုင်းသမားကြီးချေးစိုးက မျက်မှောင်ကုတ်၍-

'ခင်ဗျားကို ဆေးကုပြီး ခေါ်လာရသေးတယ်၊ ကျုပ်က အလျင် ဒီကျမ်းကိုရတာပဲ၊ ကျုပ်ပိုင်သင့်တယ်'



'မဟုတ်ဘူး၊ ဒါဟာ ကျုပ်လက်ထဲက ကျားသရဲ သိုင်းသမားရသွားတယ်၊ ကျုပ်ပဲပိုင်သင့်တယ်'

'ဟေ့... ကျောက်ဖန်း၊ အခုဒီနေရာဟာ ကျုပ်နဲ့ကျုပ်တပည့်တွေ လက်ထဲရောက်နေပြီ၊ သိုင်းကျမ်းထားခဲ့ပြီး ဒေါ်းဒေါ်းထွက်သွားစမ်း'

'ဟား ဟား ဟား... ကျုပ်ဘာဖြစ်လို့ထွက်ရမှာလဲ၊ ကျုပ်အသေခံလိုက်ရလို့သာ ဒီတစ်ပွဲတော့ ကျုပ်က အပြတ်တိုက်ရလိမ့်မယ်'

ဝံပုလွေသိုင်းသမားကြီးချေးစိုးသည် ကြမ်းတမ်းပြီး လူကဲသို့ အဆင့်မြင့်သော ကျောက်ဖန်းကို မှုန်ကုပ်ကုပ်ကြည့်၍-

'ဒီတစ်ပွဲမှာအနိုင်ရသူက သိုင်းကျမ်းအပိုင်ရမယ်လို့ လက်ခံမယ်၊ မငြောင်ငြင်ယူရဘူး၊ သိုင်းကျမ်းကို ဟောဒီ ကျောက်စားပွဲပေါ်မှာတင်ထား၊ ခင်ဗျားနဲ့ကျုပ်တော့ စားပွဲတစ်ဖက်နဲ့တစ်ဖက် နေရာယူပြီးတိုက်မယ်၊ နေရာမပြောင်းရဘူး၊ လေထဲမှာ မိမိလက်နက်ကို ဖမ်းယူနိုင်တယ်၊ ကြမ်းပြင်ပေါ်ကို ရောက်ရင် အရှုံးပဲ'

'စိန်လိုက်၊ စိန်ခေါ်ရင် တိမ်းပေါ်လိုက်တိုက်မယ်၊ ဟား... ဟား...ဟား'

ကျောက်ဖန်းကပြောရင်း သိုင်းကျမ်းကို စားပွဲပေါ်သို့ ပစ်တင်လိုက်၏။ အတုမဲ့သိုင်းကျမ်းအဖုံးမှာ အနီရောင်အဖုံး ဖြစ်သည်။

ဝံပုလွေသိုင်းသမားချေးစို့နှင့် မိုးဘီလူးကျောက်ဖန်းတို့သည် စားပွဲတစ်ဖက်စီတွင် မျက်နှာချင်းဆိုင် နေရာယူလိုက်ကြသည်။ ကျောက်ဖန်းက-

'ဝံပုလွေကြီး၊ ဒီနေရာမှာ တရားမျှတတယ်ဆိုတာ ကျုပ်မယုံဘူး၊ လက်နက်ပုန်းတွေနဲ့ ခင်ဗျားတပည့်တွေက ပစ်နိုင်တယ်၊ ဒါပေမယ့် ကျုပ်ကမမှုဘူး၊ ခင်ဗျားနဲ့ကျုပ် တစ်ယောက်ချင်း တိုက်တဲ့ပွဲမို့ ခင်ဗျားတပည့်တွေ လုံးဝမပါဖို့ အရေးကြီးတယ်'

'ဟား ဟား ဟား....ရပါတယ်မိုးဘီလူးရာ၊ ဟေ....တို့နှစ်ဦးတိုက်တာကို ဘယ်သူမှမပါနဲ့၊ ပါတဲ့သူကို သတ်ပစ်မယ်'

ဝံပုလွေသိုင်းသမားကြီးက ခန်းမကြီးအတွင်း ရောက်နေသည့် သူ့တပည့်များကို လှည့်၍ပြောလိုက်သည်၊

'ဟုတ်ကဲ့ပါ ခေါင်းဆောင်ကြီး'

ဝံပုလွေသိုင်းသမားများက အရိုအသေပြုကာ ပြောလိုက်လေသည်။

ထိုစဉ် ဝှီးခနဲ လေတိုးသံတစ်ချက် ပေါ်ထွက်လာကာ စွန်ငှက်ကြီးတစ်ကောင်အလား အင်္ကျီဖားလျားနှင့် အဘွားအိုတစ်ဦး အခန်းထဲသို့ ထိုးကျလာသည်။



ချေးစို့ရော ကျောက်ဖန်းပါ ရုတ်တရက် ထိုးဆင်းရောက်လာသော အဘွားအိုကို အံ့အားသင့်ကာ ကြည့်လိုက်ကြသည်၊

အဘွားအိုမှာ ဆံပင်များကို ခေါင်းတွင်စုစည်းထားပြီး အပြာရောင်ခေါင်းစည်းဖြင့် စည်းထားသည်၊ လက်ထဲတွင် နဂါးခေါင်းလက်ကိုင်နှင့် တောင်ဝှေးတစ်ချောင်းပါလာသည်၊

ချေးစို့က....

'မြေဖြူဘွားဘွားစုကျင်းပါလား၊ ဘာကိစ္စ ဒီကိုကြွလာတာလဲဗျ'

'ငါလာတာ ငါ့သားဆီ လာတာပေါ့၊ ကြည့်စမ်း.... ငါ့သားအတွင်းဒဏ်ရာ ရနေပါပေါ့လား'

မြေဖြူမယ်တော်စုကျင်းသည် ကျားသရဲ လဲကျနေသည်ကို ပြေး၍ပွေ့ကာ ပါးစပ်ထဲသို့ ဆေးနီပုလင်းဖွင့်၍ ဆေးသုံးလုံး တိုက်ကာ သူ့လက်ဝါးဖြင့် ရင်ဝကိုဖိထားလိုက်သည်၊ သူမသည် အတွင်းအားနှင့် ကျားသရဲအား ကုထားပေးနေခြင်းပင် ဖြစ်သည်။

ထိုစဉ် သူ့ဆံပင်များကြားမှ ပါးပျဉ်ထောင်နေသော မြွေဟောက်လေးများသည် တိုးထွက်လျက် ဦးခေါင်းကာယမ်းယမ်းရှိနေသည်ကို တွေ့ရသည်၊

သူမ၏မျက်လုံးများမှာ ဝံပုလွေ သိုင်းသမားကြီးနှင့် ခေါ်ဘီလူးတို့အား မျက်မှောင်ကြုတ်၍ကြည့်လိုက်ရင်း....

'နင်တို့က ငါ့သားကို ဘာပြုလို့ဝိုင်းပြီးတိုက်ရတာလဲ'

'အဘွားကြီး သူက ကျုပ်ရထားတဲ့ သိုင်းကျမ်းကို လုယူသွားလို့ လိုက်ခဲ့တာပဲ'

'အေး မင်းနဲ့ငါ တစ်နေ့တော့ တွေ့ကြသေးတာပေါ့'

'ဟဲ ဟဲ ဟဲ တွေ့နိုင်ပါတယ်လေ'

ကျောက်ဖမ်းက ရယ်မောပြောလိုက်ရာ၊

'ဒီနေရာမှာ လူကြီးဆိုလို့ ဘယ်သူမှမရှိဘူး၊ အဲဒီတော့ အဘွားကပဲ ဒိုင်အဖြစ်နဲ့ ပြုလုပ်ပေးပါ၊ နှစ်ဦးစလုံး ရှုံးသွားလို့ အနိုင်မပေါ်ရင် အဘွားပဲ ဒီကျမ်းကိုယူသွားပေါ့'

'ဟေ့ သေကောင်းနီးအဘွားကြီးက ဒီကျမ်းကိုဘာလုပ်ရမှာလဲ'

ထိုသို့ပြောကာ လျှောင်စိန်ကိုပွေ့၍ အလျင်အမြန်ပင်ခုန်ထွက်သွားတော့သည်။

အတုမဲ့သိုင်းကျမ်း၏သတင်းသည် အလယ်ပိုင်းဒေသတွင်ထိုနာမည်ကျော်ကြားနေသည့် ကျမ်းတစ်စောင်ဖြစ်နေပြီး ထို



ကျမ်းနှင့်အတူ ရောင်ခြည်ဖြာ ရတနာခေါ်ကိုရပါကသည်းအစွမ်းထက်သည့်ဓားရတနာဖြစ်သဖြင့် သိုင်းသမားများအဖို့သူလိုချင် ငါလိုချင်နှင့် သိုင်းဘုရင်တစ်ပါးဖြစ်လို၍ လာရောက်ရှာဖွေကြသည်မှာ တောင်ပိုင်း မြောက်ပိုင်း အစုံပင်။

ယခုဝံပုလွေကြီးနှင့် ခေါ်ဘီလူးတို့ အလယ်ကျောက်ဖြူစားပွဲပေါ်တွင် ဤကျမ်း ရောက်နေပြီဖြစ်သည်။

ခေါ်ဘီလူးက စတင်မေးလိုက်သည်။

'မင်းက ဓားနဲ့အလျင်တိုက်မလား၊ လက်ဝါးနဲ့ အလျင်တိုက်မလား'

'ဟဲ ဟဲ၊ မင်းကြိုက်တဲ့ပုံစံနဲ့တိုက်နိုင်တယ်'

'မင်းက စပြီးထိုးပါ'

ကျောက်ဖန်းက ပြောလိုက်သည်နှင့်....

လေပွေလှိုင်းကြီးနှစ်လှိုင်းသည် လမ်းတစ်ဝက်မှာပင် တွေ့ဆုံလိုက်ကာ ဝုန်းခနဲအသံထွက်သွားတော့သည်။

'ဝုံး ဝုံး ဝုံး'

အနက်ရောင် အနီရောင်အရိပ်များသာမြင်ရပြီး လူရိပ်များပင် ပျောက်သွားသလောက်ရှိနေသည်။

ဓားသမားနှစ်ဦး၏တိုက်ခိုက်မှုကြောင့် ဧည့်ခန်းမကြီးထဲတွင် လေပွေလှိုင်းတစ်လှိုင်းပမာ ပေါ်လာလေသည်။

ဓားသမားနှစ်ဦးသည် သူတို့ရပ်တည်ရာကို အသီးသီး ကျွမ်းပစ်ကာ ကျလာလေသည်။

သူတို့လေထဲမှမကျသေးမီ ကျောက်ဖြူ စားပွဲပေါ်တွင် တင်ထားသည့် ကျမ်းမှာ တဖျပ်ဖျပ်ခုန်ကာ လေထဲတွင် ကွေ့ပတ်ပျံသန်းနေခဲ့၏။

ရုတ်တရက် အပြင်ဘက်မှ လေတစ်ချက်တိုးဝင် စုတ်ယူခြင်းခံရပြီး ပျံထွက်သွားလေတော့၏။

စားပွဲပေါ်တွင် အတုမဲ့ကျမ်း လုံးဝပျောက်ကွယ်သွားပြီဖြစ်သည်။

'ဟော့ တစ်ဦးဦးကယူသွားပြီ'

စံပုလွေကြီးပြောလိုက်သည်နှင့် ကျောက်ဖန်း ခေါင်းညိတ်လိုက်ကာ....

'ထောက် ဒါဟာ အရိုးဖြူလက်ချက်ပဲ'

'ကျွန်တော်မြင်လိုက်ပါတယ် ခေါင်းဆောင်ကြီး၊ သိုင်းကျမ်းဟာ လွင့်မြောက်တက်သွားတယ်၊ ပြီးတော့ ပြတင်းပေါက်က အပြင်ကိုထွက်သွားပါတယ်'

'ခွေးမသား ဒါတောင်မလိုက်ဘူး'



သိုင်းသမားကြီးက သူ့လက်ဝါးဖြင့် ဂိုဏ်းသားသိုင်းသမားကို ရိုက်ပစ်လိုက်ရာ လွင့်စဉ်သွားတော့သည်။

ဓားဘီလူးမှာ ခြေတစ်ဖက်လှုပ်ခါ၍ အပြင်သို့ မီးခိုးပမာ လွင့်သွားစဉ် သိုင်းသမားကြီးကလည်း သူ့နောက်မှပြေးလိုက်သွားတော့သည်။

* • •

'တောက်'

အခန်းကြီးတစ်ခန်းလုံးမှာ ယက္ခကိုယ်တော်ကြီး ဝမ်ကွမ်းတောက်ခေါက်သံက ဟိန်းသွားတော့သည်။

သူသည် ထိုင်ခုံကြီးပေါ်တွင် အစိမ်းရောင်ဝတ်ရုံကြီးခြုံကာ ဘုရင်တစ်ပါးပမာ ထိုင်လျက်ရှိနေသည်။

ဒဏ်ရာရလာသော ယက္ခကိုယ်တော်ကြီးဝမ်ကွမ်း၏ သိုင်းသမားများမှာ ယက္ခကိုယ်တော်ကြီးရှေ့တွင် အသီးသီးမတ်တတ်ရပ်လျက် ရှိနေကြသည်။

သူတို့သည် သိုင်းကျမ်းနောက်ကို လိုက်ရာမှ ပိုပုလဲဂိုဏ်းသားများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပြီး အဆိပ်ဒဏ်အသီးသီး ရလာခြင်းဖြစ်သည်။

ယခုတော့ တစ်လသာခံသော အဆိပ်ဖြေဆေးကို သူတို့က သောက်ထားသောကြောင့်သာ ယခုလို မိုးမိုးမတ်မတ်နေနိုင်ခြင်း ဖြစ်တော့သည်။

'ဟား ဟား ဟား၊ အခုမင်းတို့ထံက သိုင်းကျမ်းကို ဘယ်သူယူသွားသလဲ'

'ဓားဘီလူးလို့ သိရပါတယ် ခေါင်းဆောင်ကြီး'

'ဟင်း....သူကမြုပ်နေတာ အခုပေါ်လာပြီကိုး၊ ဟား ဟား ဟား တွေ့ကြသေးတာပေါ့'

ယက္ခကိုယ်တော်ကြီးဝမ်ကွမ်း သိုင်းသမားများမှာ သူတို့ဂိုဏ်းခေါင်းဆောင်အား ကြောက်လွန်းသဖြင့် တုပ်တုပ်မှ မလှုပ်ရဲကြချေ။



'မင်းတို့ရဲ့အသက်တွေဟာ တစ်လကျော်ပဲခံမယ်၊ နောက်ထပ် အဆိပ်ဖြေဆေးရမှ မင်းတို့အသက်မသေကြမယ် သိကြရဲ့လား'

'သိပါတယ် ခေါင်းဆောင်ကြီး၊ ကျွန်တော်တို့အသက်ကို ကယ်တော်ပါ'

အဆိပ်ဒဏ်ခံစားလာရသော သိုင်းသမားများအားလုံးက အရိုအသေပေးကာ ပြောလိုက်ကြသည်။

ယက္ခကိုယ်တော်ကြီးဝမ်ကွမ်းသည် မျက်လုံးပေါ်သို့ ဝဲကျနေသည့်မျက်ခုံးကြီးကိုလှုပ်ခတ်ကာ မျက်လုံးများကျဉ်းမြောင်းသွားသည်။

တကယ်တော့ သူသည် အလွန်ကောက်ကျစ်လှသော သိုင်းသမားကြီးတစ်ဦးဖြစ်ပြီး ဘီလူးဂိုဏ်းကြီး၏ခေါင်းဆောင်တစ်ဦး ဖြစ်ရန် အစဉ်မျှော်မှန်းထားသူဖြစ်သည်။

သူတို့ဂိုဏ်းတည်ရာ ား ကျားဝင်မြို့အရှေ့ဘက် ရေကန်ကြီးတစ်ကန်အနီး တောင်ကုန်းကြီးပေါ်တွင် တည်ရှိကာ အထက်မှ ခိုင်းစေညွှန်ကြားသော လုပ်ငန်းများကိုသာ လုပ်ကိုင်ပေးရသော ဂိုဏ်းခွဲကြီးပင် ဖြစ်သည်။

'ဟေ....ဒီမှာကြည့်စမ်း၊ ခေါင်းဆောင်ကြီး ချင်းအီထံက စာတစ်စောင် အခုပဲ လာပို့သွားတယ်၊ ဒီစာက အဘုမဲ့ သိုင်းကျမ်း ရ ရခြင်း အမြန်ယူခဲ့တဲ့'

ယက္ခကိုယ်တော်ကြီးက စာရွက်ကလေးကို ထောင်ပြကာ ပြော၏။ သိုင်းသမားအားလုံးမှာ တုန်လှုပ်သွားကြသည်။

'မင်းတို့အားလုံး ဒီသိုင်းကျမ်းနောက်ကို တစ်လအတွင်း အမြန်လိုက်ကြ၊ ဒီကျမ်းလိုက်နေတဲ့ သိုင်းသမားတွေရင် အပြတ်

သာ ရှင်းပစ်၊ တစ်လပြည့်လို့ ဒီကျမ်း ငါလက်ထဲရောက်ရင် မင်းတို့ရဲ့ဝမ်းထဲမှာရှိနေတဲ့ သွေးအဆိပ်တွေ ဖြေထုတ်ပေးမယ်၊ အဆိပ်ဖြေဆေးပေးမယ် ကြားကြလား'

'ကြားပါတယ် ခေါင်းဆောင်ကြီး'

'ကဲ....ဘဏ္ဍာရေးမှူးကြီး၊ လိုအပ်တဲ့ တစ်လစာတွေ ထုတ်ပေးလိုက်၊ မြန်မြန်သွားကြ'

သိုင်းသမားအားလုံးသည် အပြင်ဆောင်သို့ အားလုံးသွားကြသည်။

သူတို့အားလုံးမှာ ဝံပုလွေဂိုဏ်းသားများနှင့် တိုက်ရာတွင် အဆိပ်ပြင်းသော အပ်ဒဏ်ရာအသီးသီး ရလာသူများသာ ဖြစ်ကြသည်။

ဘဏ္ဍာရေးမှူးကြီးသည် ထိုသိုင်းသမားအားလုံးကို တစ်လစာ စရိတ်များကို ထုတ်ပေးလိုက်သဖြင့် ယက္ခကိုယ်တော်ရဲ့ ဂေဟာကြီးအတွင်းမှပြေးလာကြတော့သည်။

• • •



ခါးဘာလူးကျောက်ဖန်းနှင့် ဝံပုလွေသိုင်းသမားချေးစိုတို့သည် လျှပ်တစ်ပြက်ပင် အတုမဲ့သိုင်းကျမ်းအား အတင်းအားဖြင့် လုပ်ယူခဲ့ကြသည့် သိုင်းသမားနောက်သို့ ခြေရာခံလိုက်ခဲ့ကြသည်။

သူတို့နှင့် ကိုက်နှစ်ရာကွာတွင် အဖြူရောင်ဝတ်ထားသည့် လူရိပ်တစ်ရိပ် ပြေးလွှားနေလေသည်။

ကျောက်ဖန်းနှင့် ချေးစိုတို့လည်း ကိုယ်ဖော့အားဖြင့် လွှားကာ လိုက်ခဲ့သော်လည်း ရှေ့မှပြေးနေသူက ကိုယ်ဖော့အား အဆင့်မြင့်သိုင်းသမား ဖြစ်နေသဖြင့် မမီအောင် ရှိနေလေသည်။

အတုမဲ့သိုင်းကျမ်းကို အလစ်သုတ်သွားသော ထိုအဖြူရောင်ဝတ် သိုင်းသမားသည် တောင်အောက်သို့ ပြေးဆင်းကာ သစ်တောထဲတွင် မျက်ခြည်ပြတ်သွားတော့သည်။

ထိုသိုင်းသမားသည် မည်သူနည်း။ အဆင့်အတန်းမြင့်လှသော သိုင်းသမားကြီး လက်ထဲမှ ရအောင်စွမ်းဆောင်နိုင်ခြင်းကပင် အလွန်အံ့သြစရာ ဖြစ်နေသည်။

သို့သော် သိုင်းသမားကြီးနှစ်ဦး သစ်တောအတွင်းမှ ထွက်သွားပြီးသောအခါတွင်ကား ကျောက်တုံးတစ်တုံးအောက်မှ ထွက်လာသော အဖြူရောင်ဝတ်သိုင်းသမားကို တွေ့ရလေသည်။

ကျောက်တုံးအောက် ဂူတွင်းမှထွက်လာသူကား စင်စစ် ယောက်ျားလေးတစ်ဦး မဟုတ်ပေ။ လှပသောအမျိုးသမီးလေး တစ်ဦး ဖြစ်နေခြင်းပင်။

'ဟင်း ဟင်း၊ နင်တို့ထက်လည်းလို့ဟေ့'

သူမကာပြောရင်း တစ်ချက်ခုန်လွှားလိုက်ရာ တောင်ကျွန်းလေးများ ဝိုင်းနေသည့် သစ်ပင်များအောက် ရောက်သွားသည်။

ထိုနေရာသို့ရောက်သည်နှင့် ဝါးပင်ကြီးများကြားမှ အိမ်ကလေးတစ်လုံးကို ရောက်လှမ်းလာသည်။

ထိုအခိုက် အိမ်လေးထဲမှ သူမနှင့် သက်တူရွယ်တူနီးပါးရှိသော မိန်းမပျိုတစ်ဦး ပြေးထွက်လာသည်။

'သခင်မလေး အောင်မြင်ခဲ့ရဲ့လား'

'အောင်မြင်ပါတယ်ကွယ်'

သူမကာပြောရင်း အိမ်လေးအတွင်းသို့ အလျှင်အမြန်ဝင်လိုက်လေသည်။

ထိုနောက် ဝါးပိုးများကို ရေလောင်းနေသော အဘွားအိုသည် အိမ်လေးအတွင်းသို့ ဝင်ရောက်လာသည်။ အဘွားအိုက အဝတ်များ လဲနေသော ဝတ်ရုံဖြူဝတ် မိန်းကလေးကို မေးလိုက်သည်။

'သခင်မလေး အောင်မြင်ခဲ့ရဲ့လား'

'အောင်မြင်ပါတယ် အထိန်းတော်ကြီး'

အဘွားအိုက ခေါင်းတညိတ်ညိတ်ဖြင့်....

'ဝိပုလ္လတို့ လာသေးသလား၊ သူတို့က ဝတ်ရုံဖြူနဲ့လူတစ်ဦး မတွေ့ဘူးလားလို့၊ အဘွားက ကိုယ့်အလုပ်ကိုယ်လုပ်နေတဲ့အတွက် မသိဘူးလို့ ပြောလိုက်ရတယ်'

ဝတ်ရုံဖြူနှင့် မိန်းမပျိုသည် အဘွားအိုအား....

'ကဲ... အထိန်းတော်ကြီး၊ ပန်းငါးပွင့်တွေကို ခေါ်လိုက်ပါတော့'



အဘွားအိုသည် တဲအိမ်လေးအပြင်သို့ သွားလိုက်ကာ ငှက်တစ်ကောင်အော်သံကဲ့သို့ အသံတစ်ချက်ဖြင့် အချက်ပေးလိုက်သည်။

ယင်းသို့ အချက်ပေးလိုက်သည်နှင့် ဝန်းကျင်ရှိ သစ်ပင်များပေါ်မှ လူရိပ်များ ပျံဆင်းလာသည်။ ထိုလူရိပ်များသည် တဲအိမ်လေးဆီသို့ လွှားကာလွှားကာ ငှက်ကလေးများပမာ ပြေးလွှားလာကြသည်။

အချက်ပေးသူသည် ပန်းငါးပွင့်ဝတ်မပါ၏ အစောင့်အမျိုးသမီးတစ်ဦးပင်ဖြစ်သည်။

သို့အသံပေးလိုက်သည်နှင့် ဝင်းခြံတံခါးကြီး ကမြည်းပြည်း ပွင့်လာကာ ဓားကိုင်အစောင့်အမျိုးသမီးလေးများက မြင်းကိုယ်စီဖြင့် ဝင်လာသော သူတို့၏ခေါင်းဆောင်နှင့် ပန်းငါးပွင့်ဂိုဏ်းဝင် အမျိုးသမီးများအား စီတန်းကြိုလိုက်ကြသည်။

ပန်းဝတ်မပါ၏ ပန်းငါးပွင့်ဂိုဏ်းမှာ အမျိုးသမီးများချည်းဖြစ်ကာ ယောကျ်ားဟူ၍ တစ်ဦးတစ်ယောက်မှ မရှိခြင်းပင်ဖြစ်သည်။

အားလုံးပန်းဝတ်မပါ ခြံကြီးအတွင်း ဝင်ရောက်သွားပြီးသော်လည်း ပန်းငါးပွင့်ဂိုဏ်းသား အဘွားအိုတစ်ဦးသာ မြင်းကိုယ်စီဖြင့် နောက်ချန်လိုက်ခဲ့ကာဖြင့် နောက်ကျနေပြီး အဘွားအို ဝင်ရောက်လာသောအခါမှ တံခါးကြီးကို ပိတ်လိုက်ကြသည်။

တကယ်တော့ ရုပ်ဖျက်၍ပါလာသော ပန်းငါးပွင့်လက်ရွေးစင် အဘွားအိုယောင်ဆောင်သူဖြစ်သည်။

အဝင်လမ်းကို မျက်ခြည်မပြတ် ကြည့်ထားပြီး အစောင့်များ မည်သည့်နေရာတွင်ရှိသည်ကို သေသေချာချာမှတ်သားထားလိုက်လေသည်။

ပန်းငါးပွင့်ဂိုဏ်းသူ အမျိုးသမီးများအဖို့ ထိုနေ့သည် ပျော်စရာအကောင်းဆုံး နေ့တစ်နေ့ပင် ဖြစ်လေတော့သည်။

ပန်းငါးပွင့်ဂိုဏ်းခေါင်းဆောင် သခင်မကြီး ချိန်ချိန်သည် သူ့စံအိမ်တော်ရောက်သည်နှင့် ဧည့်ခန်းဆောင်ကြီးအတွင်းသို့ တန်းဝင်ကာ ချိတ်ဆွဲထားသော ကြေးမောင်းကြီးကို သုံးချက်တီးလိုက်သည်။

'ဒုံ ဒုံ ဒုံ'

ကြေးမောင်းကြီးအား ခေါင်းဆောင်သခင်မကြီး တီးလိုက်ခြင်းမှာ ပန်းငါးပွင့်ဂိုဏ်းသူ အမျိုးသမီးများကို ဧည့်ခန်းဆောင်ကြီးအတွင်း အလျင်အမြန်လာရောက်ကြရန် ခေါ်လိုက်ခြင်းပင်ဖြစ်လေသည်။

အစည်းအဝေးခေါ်သော မောင်းသံကြားလိုက်သည်နှင့် နေရာအသီးသီးရှိနေသော ပန်းငါးပွင့်ဂိုဏ်း အမျိုးသမီးများမှာ သိုင်းကစားခြင်းနှင့် ပန်းဝက်ပါအတွင်းရှိ တာဝန်ကျလုပ်ငန်းများကိုရပ်ကာ ပြေးလွှားရောက်လာကြသည်။

ပန်းငါးပွင့်ဂိုဏ်းသူများ အစုံရောက်သည်နှင့် ပန်းငါးပွင့်ဂိုဏ်း၏ ခေါင်းဆောင်သခင်မကြီးသည် လက်ရွေးစင်ပန်းငါးပွင့်ဂိုဏ်း၏ အဆင့်မြင့်သိုင်းမယ်တော် ဆယ်ဦးရံလျက် အတွင်းဆောင်မှ လာပြီး တဖိတ်ဖိတ်ဖြင့် ပန်းရောင်ခြယ်ထားသည့် ခုံမြင့်ပေါ်ရှိ ထိုင်ခုံကြီးပေါ်တွင် ထိုင်လိုက်လေသည်။



ပန်းငါးပွင့်ဂိုဏ်း အားလုံးပင် သူတို့၏ခေါင်းဆောင် အမျိုးသမီး သခင်မကြီး ထိုင်ခုံပေါ်ထိုင်လိုက်သည်နှင့် သံပြိုင်ပင် ဆုတောင်းသံနှင့်အတူ အရိုအသေပေးလိုက်ကြလေသည်။

'သခင်မကြီးချိန်ချိန် ကျန်းမာပါစေ'

'သခင်မကြီး အသက်ရာကျော်ရှည်ပါစေ'

'ပန်းငါးပွင့်ဂိုဏ်းကြီး တည်မြဲပါစေ'

ထိုအသံများသည် အခန်းကြီးတစ်ခန်းလုံး ဟိန်းချွဲသွားပေတော့သည်။

'သမီးတော် ပန်းငါးပွင့်တို့' –

'အသင့်ပါ သခင်မကြီး'

ပန်းငါးပွင့်ခေါင်းဆောင် သခင်မကြီးချိန်ချိန်က ခေါ်လိုက်သည်နှင့် ခေါင်းညွှတ်၍ တစ်ပြိုင်တည်းအသင့်ရှိကြောင်း ပြောလိုက်ကြသည်။

'ဒီနေ့မှာ မယ်တော်ရဲ့ ကြိုးပမ်းချက် အောင်မြင်ခဲ့တယ်၊ ဒီအောင်မြင်မှုက သိုင်းလောကကြီးမှာရှိတဲ့ သိုင်းဂိုဏ်းတွေအပေါ် ပန်းငါးပွင့်သိုင်းဂိုဏ်းကြီးက အနိုင်ယူယှဉ်ပြိုင်နိုင်မှာ ဖြစ်တယ်'

'အောင်မြင်ရမယ်'

'အောင်မြင်ရမယ်'

ခေါင်းဆောင်သခင်မကြီး စကားကို ဂိုဏ်းဝင်များက တစ်ပြိုင်တည်း ထောက်ခံလိုက်လေသည်။

‘ဒီလိုခေါ်ယူပြောလိုက်တာဟာ မယ်တော်ရဲ့ သမီးများ ဝမ်းသာရွှင်လန်းကြဖို့အတွက်နဲ့ ယောကျ်ားဂိုဏ်းသားများကို လုံးဝစိုးရိမ်စရာမရှိဖို့အတွက်ပဲဖြစ်တယ်’

‘ဝမ်းသာပါတယ် မယ်တော်သခင်မကြီး’

‘အေး...သမီးများလိုပဲ သခင်မကြီးလဲ ဝမ်းသာပျော်ရွှင်ဖို့ ဒီနေ့ည ပန်းဝက်ပါမှာ အောင်ပွဲကျင်းပမယ်၊ အကောင်းဆုံး အစားအစာတွေနဲ့ ဧည့်ခံဖို့အတွက် စားဖိုဆောင်တာဝန်ယူသူများက အမြန်ဆုံးစီမံကြပေတော့’

‘သခင်မကြီး ကျန်းမာပါစေ’

‘သခင်မကြီး သက်တော်ရာကျော် ရှည်ပါစေ’

ဧည့်ခန်းဆောင်ကြီးတစ်ဆောင်လုံး ဂိုဏ်းသူများဆုတောင်းသံများက ဟိန်းသွားလျက် အခမ်းအနားကို ရုပ်သိမ်းလိုက်လေသည်။

ထိုနေ့ညတွင် ပန်းဝက်ပါခြံကြီးအတွင်းတွင် ရောင်စုံမီးများဖြင့် လင်းလျက်ရှိနေသည်။

သာယာသော တူရိယာသံများ၊ တေးသီချင်းသံများဖြင့် ပန်းဝက်ပါခြံကြီးအား လွှမ်းမိုးလျက်ရှိနေသည်။



စံအိမ်တော်ကြီး၏ ပန်းခြံကွက်လပ်ကြီးထဲတွင် အမျိုးသမီး ကြိုက် သစ်သီးအရက်များ စားစရာများကို စားသောက်နေသော ပန်းဝါးပွင့်ဂိုဏ်း လူတစ်ရာခန့်နှင့် ဂိုဏ်းခေါင်းဆောင် သခင်မကြီးကို တွေ့မြင်နိုင်မည်ဖြစ်သည်။

လက်ရွေးစင်အဆင့်မြင့် သိုင်းအမျိုးသမီးကြီးများဖြစ်သည့် အဘွားအို ဆယ်ဦးတို့မှာ ဂိုဏ်းခေါင်းဆောင် သခင်မကြီး ဘေးတွင်ထိုင်၍ စားသောက်လျက် ရှိနေကြလေသည်။

‘ယုန်ဖြူခေါး ဘွားဘွားပိုးကျိ’

လက်ရွေးစင် ပန်းဝါးပွင့်ဂိုဏ်းမှ အဆင့်မြင့်သိုင်းပညာရှင် အဘွားအိုတစ်ဦးပင်ဖြစ်သည်။

အဘွားအိုသည်–

‘သခင်မကြီး အသင့်ရှိပါတယ်’

ဟု ပြောကာ မတ်တတ်ရပ်လိုက်သည်။

ဂိုဏ်းခေါင်းဆောင်သခင်မကြီး ချိန်ချိန်သည် ယုန်ဖြူခေါး ဘွားဘွားတစ်ဦးသာ နောက်ချန်အဝေးကြည့်အဖြစ် အတုမဲ့ သိုင်းကျမ်း ယူရာတွင် တာဝန်ပေးခဲ့သည်။

ယုန်ဖြူခေါးဘွားဘွား ဟန်အမူအရာမှာ တစ်မျိုးတစ်ဖုံ ဖြစ်နေသည်ဟု သူမက ထင်မိ၏၊ အသံပင်အနည်းငယ် အက်နေသည့်အတွက် ခရီးပမ်းလာသောကြောင့်ဟု ထင်မိသည်။

'ဘွားဘွား ဂ်ပုလေ့သိုင်းသမားကြီးနဲ့ ခါးဘီလူးတို့ဟာ သခင်မကြီးနဲ့ တွေ့လိုက်တော့ လိပ်ကလေးတွေလို ကျန်မနေခဲ့ဘူးလား'

'ကုန်ခဲ့ပါတယ် သခင်မကြီး၊ သူတို့က ဒီလောက်မြန်ဆန်တဲ့ သိုင်းသမားကြီးကို မတွေ့ဖူးသေးဘူးလို့လဲ ပြောသံကြားလိုက်ရပါတယ်'

ခေါင်းဆောင်သခင်မကြီး ချိန်ချိန်က ရယ်လိုက်သည်။

'ဟက် ဟက် ဟက်၊ ကြောင်နဲ့တွေ့တဲ့ ကြွက်စုတ်ကလေးတွေ ဖြစ်သွားတာပေါ့၊ ကဲ ကဲ....ဘွားဘွားပဲ ကျွန်မအဆောင်တွင်းမှာ တာဝန်ယူပေါ့'

'ဟုတ်ကဲ့ပါ သခင်မကြီး'

အဘွားအိုပိုးကျီသည် ပြန်၍ထိုင်ကာ အစားအစာများကို စားသောက်လိုက်သည်။ လက်ရွေးစင်ပန်းငါးပွင့်သိုင်းပညာရှင် အဘွားအိုများသည် ခေါင်းဆောင်သခင်မကြီး အဆောင်တွင်း အလှည့်ကျ တာဝန်ယူရလေရာ ယနေ့ညအဖို့ အဘွားအိုကို သခင်မကြီးက အထူးတာဝန်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ထိုနေ့ညတွင် သခင်မကြီးမှာ အခြွေအရံ မိန်းကလေးများကို ခွဲကာ သူမအိပ်ဆောင်သို့ ပြန်လည်ပို့ရလေရာ အဘွားအိုပိုးကျီက စောင့်ရှောက်လိုက်ပါခဲ့လေသည်။



ခေါင်းဆောင်သခင်မကြီး ချိန်ချိန်သည် သစ်သီးအရက် အသောက်လွန်သွားသည်။ ထို့ကြောင့်ပင် သူ့ခြေလှမ်းများက မသွက်တော့။ ဒယီးဒယိုင်ဖြစ်နေတော့သည်။

မည်သည့်သိုင်းသမားပညာရှင်ထိပ်တန်းများ၊ သိုင်းအဆင့်လွန်သူများပင် ဖြစ်စေ အရက်မူးလာလျှင် သူ့သိုင်းပညာကို အသုံးချတိုက်ခိုက်နိုင်မည် မဟုတ်ချေ။

ယခု သခင်မကြီး တကယ်ပင် အရက်သောက်လွန်သွားပြီ ဖြစ်သည်။ သူမအဆောင်အိပ်ခန်းထဲသို့ရောက်သည်နှင့် အထူးတာဝန်ကျ အဘွားအိုပိုးကျီက ရေတစ်ခွက်ကို တိုက်လိုက်သည်။

အမန်တော့ ထိုသောက်ရေထဲတွင် အဆိပ်ခတ်လိုက်သဖြင့် အနည်းဆုံး သုံးရက်ခန့် အိပ်ပျော်သွားမည်ဖြစ်ကာ အဆိပ်ဖြေဆေး တိုက်ကျွေးနိုင်ပါမှ အသက်မသေမည်ဖြစ်သည်။

ထိုအချိန်မှာ အဘွားအိုဟန်ဆောင်ထားသူသည် ပန်းဝက်ပါခြံကြီးအတွင်းမှ မြင်းတစ်ကောင်နှင့် ထွက်လာခဲ့ပြီး ခြံတံခါးရောက်သည်နှင့် အစောင့်အမျိုးသမီး နှစ်ဦးအား လျှပ်တစ်ပြက် တိုက်ခိုက်အကြောပိတ်ပြီး ဝင်းတံခါးဖွင့်ထွက်သည်။

ထို့နောက်မြှားတစ်စင်းပစ်လွှတ်လိုက်သည့်ပမာ ကဆုန်စိုင်းနှင်၍ ထွက်သွားရာ လရောင်အောက်တွင် အမည်းစက်ကလေးတစ်စက် လွင့်သွားသကဲ့သို့ ပျောက်ကွယ်သွားလေသည်။

ယင်းအချိန်မှာပင် တကယ့်ယုန်ဖြူဓားအဘွားအိုဝိုးကျို သည် သိုင်းသမားတစ်ဦးက သွေးကြောဖွင့်ပေးလိုက်သဖြင့် မန်းငါးပွင့်သိုင်းဂိုဏ်းတည်ရာ ပန်းဝက်ပါခြံကြီးသို့ ရောက်လာနေတော့သည်။

အတုမဲ့သိုင်းကျမ်းကား ဤသို့နှင့်ပင် တစ်ဦးလက်မှတစ်ဦးလက်သို့ အဆင့်ဆင့်ပါရှိသွားရလေတော့သည်။

❁

## အခန်း ( ၁၁ )

ရွှေကြက်ဖစားသောက်ဆိုင်သို့ ပြန်ရောက်လာသော အနောက်မြောက်ဒေသ မိုးဘုရားတောင်ကြီးပေါ်မှ ဆင်းလာသည့် နဂါးလက်သည်းမှာ သူ၏အိပ်ဆောင် အခန်းပြန်ရောက်ချိန်တွင် နံနက်လင်းလုလုအချိန်ပင် ဖြစ်နေတော့သည်။

သူ၏အခန်းတံခါးပွင့်နေပြီး သူ၏ ဝန်ဆောင်အိတ်အား မှောက်ရှာဖွေထားခြင်းကို တွေ့လိုက်ရသည်၊ ဝန်ဆောင်အိတ်ထဲတွင် အဖိုးတန်ပစ္စည်းများမရှိသဖြင့် မည်သည့်ပစ္စည်းမှ ပျောက်ဆုံးနေသည်ကိုမတွေ့ရချေ။

ထို့နောက် စာတစ်စောင်ကိုသာ အိပ်ခုတင်ဘေးရှိ စားပွဲပေါ်တွင် တွေ့ရသည်။

'ဂေ့ကောင်'

'မင်း ထမင်းဝဝစားထားလိုက်၊ ကိုယ်သိအမေ့ ဟောတ်ဘဲဝင်ရှုပ်တဲ့ကောင်ကို တို့ဘောင်ကြိုးလုံးအဖွဲ့က အပြတ်ရှင်းရလိမ့်မယ်'

ဘောင်ကြိုးလုံး။

နဂါးလက်သည်းက စာကိုဖတ်ပြီး ချေမွပစ်လိုက်ကာပြုံးလိုက်မိသည်။

'သိုင်းလောကထဲမှာ ယုတ်မာပြီး ရှုပ်နေတဲ့အကောင်တွေက ဒုန်းမိုက်သမားတွေပဲ၊ မင်းတို့ပြောသလို ထမင်းတော့ ဝဝစားရမှာပဲပေါ့'

တံခါးခေါက်သံကြောင့် အလျင်အမြန် တံခါးဖွင့်ကြည့်ရာ ဆိုင်အလုပ်သမားကလေးကို တွေ့လိုက်ရလေသည်။

'ညီလေး ဘာကိစ္စလဲ'

'အောက်မှာ ကျောက်စိမ်းဂေဟာသခင်မကလေး စောင့်နေတာ အတော်ကြာပါပြီ၊ ဆရာလေးကို စာတစ်စောင် အပေးခိုင်းလို့ပါ'



အလုပ်သမားကလေးက ထိုသို့ပြောရင်း စာရွက်တစ်ရွက်ကို နဂါးလက်သည်း၏လက်ထဲ ထည့်ကာ ပြန်ထွက်သွားတော့၏။

အစ်ကို....

'ကျွန်မကို ကျောက်စိမ်းဂေဟာမှာ နံနက်စာသုံးဆောင်ဖို့ ဖိတ်ခဲ့ပါ၊ ကျွန်မစောင့်နေတာ ကြာပါပြီ။ အစ်ကို ဒီတစ်ခါတော့ မငြင်းရဘူးနော်'

စောင့်နေပါမယ်၊

ညီမစင်းစင်း

ကျောက်စိမ်းဂေဟာ၊

ကျွန်းလီမှာ စာဖတ်ပြီး သက်ပြင်းချလိုက်သည်။

'ဘယ်ခက်တဲ့အမျိုးသမီးပါလား'

သူက ညည်းလိုက်ပြီး ကပျာကယာရေချိုး၊ အဝတ်လဲလိုက်လေသည်။

ထို့နောက်....

အခန်းတံခါးပိတ်ပြီး အောက်သို့ဆင်းခဲ့ရာ ကျောက်စိမ်းသခင်မလေးသည် အဝတ်အစားလဲကာ စားပွဲလွတ်တခုတွင် ထိုင်လျက်စောင့်နေသည်ကို တွေ့ရ၏၊ အခြွေအရံတစ်ဦးလည်း ပါလာသည်ကို တွေ့ရသည်။

'ညီမရောက်နေတာ အတော်ကြာပြီလား'
'မိုးလင်းတာနဲ့ရောက်နေတာပါ'
'ကဲ ဘာစားပြီးပြီလဲ'
'ညီမရောက်လာတော့ အစ်ကိုကပဲကျွေးပါရစေဦး'
'ဟား ဟား ဟား'

နဂါးလက်သည်မှာ ရယ်လိုက်မိသည်။

ထို့နောက် သခင်မလေး၏နောက်မှ အပြင်သို့လိုက်ခဲ့၏။

'ဟား ဟား ဟား ကောက်ရိုးပုံစောင့်တဲ့ ခွေးဖြစ်မယ့်တောသားပါကွာ'

နဂါးလက်သည်းအဖို့ ခွေးဟောင်တိုင်းထကြည့်လျှင် အိပ်ရေးပျက်ရုံရှိမည် ဟူသောစကားအတိုင်း လုံးဝမကြားချင်ဟန်ဆောင်နေလိုက်သည်။

ဆိုင်ရှေ့သို့ မြင်းရထားတစ်စင်းရောက်လာသည်။

သခင်မလေးနှင့်အတူ မြင်းရထားပေါ် တက်လိုက်သည်။

'ရှမ်း ရှမ်း'

မြင်းရထားမောင်းသူက ကျာပွတ်ကို ဝှေ့ယမ်းလိုက်၏။

ထိုအချိန်မှာပင် အဘိုးအိုတစ်ဦးသည် မြင်းရထားကိုကြည့်ကာ အလျှင်အမြန်ထွက်သွားလေတော့သည်။

* * *



ခပ်စောစောကအဘိုးအိုမည်သူနည်း။

စင်စစ် သူသည် အနောက်မြောက်ဒေသ စကြာဝဠာဆရာကြီး အတုမဲ့သိုင်းကျမ်းရရန်အတွက် လွှတ်လိုက်သော နတ်သမီးတောင်မှ အဆင့်မြင့်သိုင်းသမားကြီး ဆန်ဖိန်းပင်။

မိုးဘုရင်တောင်သို့ လွှတ်၍ အကြောင်းကြားစဉ်က....

သိုင်းအဖွဲ့ကြီး တွင်....

မီးတမန်တော် ဆန်ဖိန်း

စကြာတမန်တော် ဆန်လိန်း

နေ့တမန်တော် ကြောင်ခန်း

နဂါးတမန်တော် ကြောင်လန်း၊

ဟူ၍လေးယောက်ရှိသည်။

မီးတမန်တော်အား အလယ်ပိုင်းဒေသကိုလွှတ်ခဲ့စဉ်က....

သိုင်းကျမ်းကို အလယ်ပိုင်းဒေသမှာ တွေ့အောင်ရှာပြီးတော့ ကျန်းလီလက်ထဲ အပ်ဖို့ပဲ၊

ထိုသို့ နတ်မီးတောင်က မှာလိုက်လေသည်၊

တမန်တော်မှာ အတွင်းအား ထိပ်တန်းအဆင့်ရောက်နေသလို ကိုယ်ဖော့ပညာလည်း အစွမ်းထက်သည် မြင်းနှင့်

ယာဉ်ကိုမှ အားမကိုးဘဲ ခြေတောက်ကိုသာ အားကိုးသူ ဖြစ်သည်။

ကျားခင်မြို့လေးသို့ သူ ရောက်လာသောအခါတွင် နဂါးလက်သည်းကျန်းလီအား မိန်းမချောတစ်ဦးက မြင်းရထားဖြင့် ခေါ်သွားသည်ကို တွေ့လိုက်ရသောအခါ သူသည် ထိပ်တန်းကိုယ်ဖော့အား သုံး၍လိုက်သွားလေရာ ထိုမြင်းရထားရှေ့ကိုပင် ကျော်ကာ မီးခိုးငွေ့ပမာ ရောက်သွားလေသည်၊

မီးဟာမန်တော် ဆန့်ဖိန်းသ မြင်းရထားကြီး ကျောက်စိမ်း ဂေဟာခြံကြီးအတွင်းသို့ ဝင်သွားသည်ကို ကြည့်လိုက်ပြီး သစ်တောအုပ်လေးထဲသို့ဝင်ကာ သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်လိုက်သည်၊

ထို အချိန်တွင် ကျောက်စိမ်းဂေဟာ သူဌေးပိုင်ရုံမှာ နဂါးလက်သည်းကျန်းလီပါလာ မြင်းအတွက် အလွန်ပင် အားရ ကျေနပ်နေပြီး သူ့လုပ်ငန်းအကောင်အထည်ပေါ်တော့မည် ဖြစ်သဖြင့် မြင်းရထားပေါ်မှ ဆင်းလာသည့် နဂါးလက်သည်း ကျန်းလီကို ကိုယ်တိုင်ကြိုဆိုခေါ် ဝင်သွားလေသည်၊

စားသောက်ခန်းမထဲတွင်ရှိသော ကျောက် စိမ်း စားပွဲ ပေါ်တွင် စားချင်စရာ ဟင်းလျာပွဲများက အတော်များများ ရှိနေသည်။



ဟင်းလျာပေါင်းစုံ ကြော်ချက်ထားသည့် ကြွေအုပ်၊ ပန်းကန်လုံး၊ ပန်းကန်ပြားများကို အထူးချက်ပြုတ်ကြော်လှော် ထားသည့် စားဖိုကဲက တစ်ခုချင်း၊ တစ်ပန်းကန်ချင်းကို ဖွင့်ပြလိုက်၏။

ဟင်းလျာအမျိုးပေါင်း လေးသယ်နီးပါးရှိသဖြင့် နေပြည် တော်မှ ဘုရင့်စားတော်ပွဲထက်ပင် ခမ်းနားလျက်ရှိတော့၏။

ရှီးရှီးထမင်း၊ ထောပတ်ထမင်း၊ နို့နှင့်ချက်ပေါင်းထားသော ထမင်း၊ ခေါက်ဆွဲအမယ်မျိုးစုံနှင့် အကောင်းဆုံးကောင်ပိုင်းမှ လာသော အရက်များလည်း ချထားသည်၊

အထူးဧည့်သည်အဖြစ် သူဌေးပိုင်ရုံက ဖိတ်ကြားထား သူများမှာ ရှေ့ကန့်သည် သူဌေးတစ်ဦးနှင့် ရှေ့ပန်းတိမ် ဆရာတစ်ဦး၊ အိမ်တော်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ အိမ်တော်ဝင်မှူးတို့နှင့် သူ၏ ရတနာကုန်အရောင်းတိုက်မှ တာဝန်ခံနှင့် လက်ထောက်တာဝန်ခံတို့ ဖြစ်ကြသည်၊

'ဖြည်းဖြည်းပဲ စားကြပါ၊ အခုစားသောက်ပွဲဟာ သိုင်း ပညာရှင် မောင်ရင်လေးကို အကြောင်းပြုပြီး ပြုလုပ်တာပါ။ စားရင်းစကားပြောကြတာပေါ့'

ကျောက်စိမ်းသူဌေးပိုင်ရုံက သူကိုယ်တိုင်ပင် ကျန်းလီကို ချီးကျူးနှုတ်ဆက်စကား ပြောဆို၏။

ကျွန်းလီမှာ ကျောက်စိမ်းသခင်မလေး စင်းစင်း၏ လှပသော မျက်နှာလေးအား မြင်းရထားပေါ်တွင် အတော်အတန် စွဲလန်းမိငြားလည်း၊ သူ့ရင်ထဲတွင် တာဝန်အရ ကယ်တင်ရသည့် ညီမတော်ဦးအဖြစ်သာ သဘောထားလိုက်သဖြင့် သူ့စိတ်များက တည်ငြိမ်သွားရသည်။

ယခု ကျွန်းလီစိတ်များ ပြန်လှုပ်ရှားလာရပြန်လေသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ကြယ်ရောင်ကလေးလို ပြုံးနေသော အမူအရာများက သူ့အပေါ် လွှမ်းမိုးထားသည့် သူ့စိတ်များက မတည်မငြိမ်ဖြစ်၍လာရပြန်လေသည်။

'မောင်ရင်လေးအမည်က ဘယ်လိုခေါ်သလဲ'

ရွှေသူဌေးက မေးလိုက်သည်။

'နဂါးလေးလို့ ငယ်နာမည်ခေါ်ပါတယ်၊ အဘရသေ့ကတော့ နဂါးလက်သည်းကျွန်းလီလို့ အမည်ပေးထားပါတယ်'

'ဟာ....သိပ်ကောင်းတဲ့အမည်ပဲ'

ရွှေပန်းတိမ်ဆရာက ထောက်ခံလိုက်သည်။

'မိဘတွေကရော'

'ကျွန်တော့်ဖခင်ရော မိခင်ပါ မရှိတော့ပါဘူး၊ ငယ်ငယ်ကတည်းက ဆရာရသေ့ကြီးက မွေးစားပညာသင်ပေးခဲ့တာပါ'



ကျွန်းလီက ရသေ့ကြီး မွေးစားသောသားဟု ပြောလိုက်သဖြင့် ကျောက်စိမ်းသူဌေးကြီးနှင့် ရွှေသူဌေးတို့မှာ စိတ်ထဲမှ အထင်သေးသွားကြပြန်သည်။

သို့သော် ကျွန်းလီ၏သိုင်းပညာ တူးချွန်သည်ကို တွေ့မြင်ထားရသည့် ကျောက်စိမ်းသူဌေးအဖို့ သိုင်းပညာကိုမူ အထင်မသေးရဲချေ။

တဖန် ကျွန်းလီမိခင်က မသေမီ အမွေပေးခဲ့သည်ဆိုသော ပတ္တမြားလည်ဆွဲကို တွေ့ရသဖြင့် မျိုးရိုးမညံ့ကြောင်းကို အကဲခတ်လိုက်မိသည်။

သူက ကျွန်းလီပတ္တမြားလည်ဆွဲကို လိုချင်သဖြင့် ရွှေပန်းတိမ်ဆရာကြီးကိုပါ ခေါ်ထားခဲ့ခြင်းဖြစ်သည်။

ရွှေပန်းတိမ်ဆရာမှာ လည်ဆွဲအတုပြုလုပ်ပေးရာတွင် မည်သူမျှ မမှတ်မိနိုင်အောင် ပြုလုပ်ပေးနိုင်သော ပညာရှင်တစ်ဦးဖြစ်၏။

ကျွန်းလီပတ္တမြားလည်ဆွဲကို ကြည့်လိုက်ရပါက မည်သို့ ပြုလုပ်ရမည်ကို ချက်ချင်းသိနိုင်သည်။ ထို့ကြောင့်လည်း ကျောက်စိမ်းသူဌေးက ရွှေပန်းတိမ်ဆရာအား ကျွန်းလီဘေးတွင် နေရာချထားပေးလေသည်။

ထိုအချိန်တွင် ရွှေသူဌေးက အရက်တစ်ခွက် မော့ရာက ပြောလိုက်၏။

'လောကမှာ ဘယ်ရတနာဟာ အဖိုးအတန်ဆုံးလဲ မိတ်ဆွေကြီး'

'ဟား ဟား ဟား၊ လောကမှာ ပတ္တမြားဟာ အဖိုးအတန်ဆုံးပေါ့ဗျာ ရွှေသူဌေးရဲ့'

'မဟုတ်သေးဘူးဗျ၊ အရာအရောက်ဆုံးဟာ ရွှေပဲ၊ ရွှေပါရင် ပတ္တမြားထက် အသုံးဝင်တယ်၊ ရွှေကိုအခေါက်ထား သုံးစွဲနေရတယ်၊ ခင်ဗျားပတ္တမြားက ချက်ချင်းသုံးစွဲလို့ရတာမဟုတ်ဘော့ ရွှေဟာ အခေါက်အကျဆုံး ရတနာမဟုတ်လား'

ရွှေသူဌေး ကြောင်မင်းက အားကျမခံပြောလိုက်၏။

ကျောက်စိမ်းသူဌေး ပိုင်ရှိုက သူ့မုတ်ဆိတ်ကို သက်တစ်ဖက်ဖြင့် ဆွဲလိုက်ပြီး အိတ်ထဲမှသေတ္တာလေးတစ်လုံးကို ထုတ်လိုက်သည်။

'ဒီမှာကြည့်ပါ၊ ဒီသေတ္တာထဲမှာရှိတဲ့ ပတ္တမြားဟာ သေးသေးကလေးပဲ၊ ဒါပေမယ့် သူ့တန်ဖိုးကိုကြည့်ရင် ဆယ်သိန်းလောက်တန်တယ်'

ကျောက်စိမ်းသူဌေး ပိုင်ရှိုက သေတ္တာလေးထဲတွင် ဂွမ်းခုံထည့်ထားသည့် ပတ္တမြားကို ပြလိုက်၏။ ပတ္တမြားမှာ ဂွမ်းကပ်တွင် မီးကျီးခဲပမာ ရဲရဲတောက်နေသည်။

'ဟား ဟား ဟား' ပတ္တမြင်းဟာ တန်ဖိုးတော့ရှိပါတယ်၊ ဒါပေမယ့် စားသောက်ဆိုင်တစ်ဆိုင်ကို ဝင်စားသို့ပေးရင် ဒီပတ္တမြားကိုပေးနိုင်မှာ မဟုတ်ဘူး၊ ဆိုင်ရှင်ကလဲ ဝယ်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ရွှေသာလူသုံးကုန်ထဲမှာ အဖိုးအတန်ဆုံးပေါ့ ကျောက်စိမ်းသူဌေးရယ်'



ရွှေသူဌေးကြီးကြောင်မင်းက တဟားဟားရယ်၍ ပြောလိုက်သဖြင့် ကျောက်စိမ်းသူဌေးကြီး ပိုင်ရှိုး၏မျက်နှာပေါ်တွင် မှိုင်းမှောင်ကျသွားသလိုရှိသည်။

'ဒီမှာ သူဌေးကြီး၊ ခင်ဗျားမြင်ရတဲ့ပတ္တမြားဟာ အသေးအဖွဲ့ပဲရှိပါသေးတယ်၊ ပတ္တမြားငမောက် ပြည်တန်ကျောက်လို့တောင်ဆိုကြကယ်၊ ပတ္တမြားငမောက်တစ်လုံးဟာ ပြည်တစ်ပြည်လောက် တန်တယ်လို့ဆိုတာကိုတော့ ခင်ဗျားလက်ခံရမယ်'

'ဟား ဟား ဟား'

'သူဌေးကြီး ဒေါ့ဒီမှာ ကျုပ်ရဲ့ပန်းတိမ်ဆရာကြီးဟာ ပတ္တမြားကောင်းတွေကို ဘယ်လောက်အထိ တန်ဖိုးရှိတယ်ဆိုတာ အကဲဖြတ်နိုင်တယ်'

'ဟုတ်ပါတယ်'

'ဒီမှာသူဌေးကြီး ခင်ဗျားမျက်မှောက်မှာရှိနေတဲ့ သိုင်းပညာရှင် ကိုရင်လေးမှာပဲ အလွန်အဖိုးတန်တဲ့ ပတ္တမြားရှိနေတာပဲ၊ ဘယ်လိုလဲ မောင်ရင်လေး၊ ဟောဒီရွှေပန်းတိမ်ဆရာကြီး ရှိတဲ့အခိုက်မှာ တန်ဖိုးသိရအောင် ပြကြည့်ပါလား'

ရုတ်တရက် ပိုင်ရှိုကပြောလိုက်သဖြင့် စိတ်ဝင်စားစွာနားထောင်နေမိသော ကျန်းလီအဖို့ ပြာရဆက် ပြေရခက်ဖြစ်သွားတော့၏။

'ဒီနေရာမှာ အားလုံး လူကြီးလူကောင်းတွေ ချည်းပဲ သိတော့ ကြုံကြိုက်တုန်းပြသင့်တယ်ကွယ်၊ ဒါ့ထဲ ကိုယ်အမွေ ရထားတဲ့ရတနာဟာ ဘယ်လောက်တန်ဖိုး ရှိမယ်ဆိုတာ သိထားတော့ မကောင်းဘူးလား'

အချက်ပိုင်ပိုင်ပြောလိုက်သော ကျောက်စိမ်း သူဌေးကြီး စကားမှာ အလွန်မှန်နေသည်။

သခင်မလေးစင်းစင်းကလည်း ထောက်ခံလိုက်ပြန်သည်။

'ဟုတ်သားပဲအစ်ကို တစ်ခါတည်း ပြကြည့်ပါလား'

ပိုင်ရှံမှာ သူအကွက်ဆင်ထားသော ကျားကွက်ထဲဝင် လာပြီဟုတွေးကာ ဝမ်းသာလိုက်သည်။

အားလုံးသောမျက်လုံးအစုံက ချန်လီ၏အပေါ် ရောက် လျက်ရှိ၏။

'ကျွန်တော့်ရဲ့လည်ဆွဲဟာ ဘယ်လောက်တန်ဖိုး ရှိသလဲ ဆိုတာ ကျွန်တော်မသိခဲ့ဘူး၊ ကျွန်တော်သိတာ တစ်ခုတည်း ရှိတယ်၊ မိခင်ရဲ့အမွေအနှစ်ပစ္စည်းတစ်ခုဖြစ်လို့ အသက်ထက် မြတ်နိုးတာပဲ'

ကျန်းလီ၏စကားကြောင့် ပိုင်ရှံ ကွက်ခနဲ မျက်နှာပျက် သွားသည်။

ဟား ဟား ဟား'



'တန်ဖိုးဆိုတဲ့စကားဟာကုန်သည်တွေကဆုံးဖြတ်ကြတာပဲ'

ထိုအခိုက် သခင်မလေးက ဝင်ပြောလိုက်လေသည်။

'အို ဒီနေရာဟာ စားဖို့သောက်ဖို့နေရာပဲ အရောင်း အဝယ်စကားတွေနဲ့ ပစ္စည်းတွေပြနေရင် ဘယ်မှာ ကောင်း ကောင်း စားရတော့မှာလဲ'

သူမ၏စကားကြောင့် ပိုင်ရှံမှာ သူဆင်ထားသောအကွက် ပျက်တော့မည်ဟု တွေးလျက်....

'သမီးကလဲ ကြုံဆုံတဲ့အချိန်ကလေးမှာ ပြောကြဆိုကြ ရတာပဲဟာ'

လည်ဆွဲမှာ အရောင်တဖိတ်ဖိတ် တောက်လျက်ရှိသည်။

ပန်းတိမ်ဆရာကြီးမှာ သူ၏ဝတ္တရားအတိုင်းပင် လည်ဆွဲ အား သေသေချာချာအနီးကပ် လေ့လာမှတ်သားလိုက်၏။

ထိုအချိန်တွင် စားသောက်ခန်း၏ လျှို့ဝှက်ခန်းမှနေ၍ လူတစ်ဦး ချောင်းမြောင်းကြည့်နေသည်ကို မည်သူမျှမသိပေ။

ပိုင်ရှံသည် အတွင်းရေးမှူးကြီးနှင့် တိုင်ပင်လျက် ထိပ် တန်း သူခိုးကြီးဖြစ်သည့် ခြေတစ်ချောင်း ကျားဆိုသူအား ခေါ်ထားသည်ကို မည်သူမျှမသိကြ။

ကျန်းလီမှာ အဆင့်မြင့်သိုင်းသမား တစ်ဦးပင်။

ဘဘရသေ့မှာလိုက်သောစကားများကို အစဉ်သတိထားနေသူဖြစ်၍ ခင်မေဝေးဝေးမှ အသက်ရှူသံကို ကြားရပြီး အခန်းထဲမှ လူတစ်ဦးချောင်းမြောင်းကြည့်နေသည်ကို ချက်ချင်းပင် ရိပ်မိလိုက်သည်။

'သူ၏အတွင်းအင်္ကျီကျယ်သီးများအား ပြန်လည်တပ်ဆင်ကာ ဖုံးလိုက်ပြီး ပိုင်ရှင်အပေါ် သင်္ကာမကောင်းသောစိတ်များ ပေါ်လာမိလေသည်။

ထိုစဉ် အဝေးပြော မနောအာရုံနှင့် ပို့လွှတ်သည့် အသံတစ်သံကို လူ့နားထဲသို့ တိုးဝင်လာလေသည်။

'နဂါးလက်သည်း၊ မင်းကို ငါတွေ့ဖို့စောင့်နေတယ်၊ မင်းနောက်ဆုံးအရက်ခွက်ကို မသောက်ဘဲထားပြီး အမြန်ငါ့ဆီလာတွေ့ပါ'

ထိုအသံသည် အနားကပ်လာပြောလိုက်သကဲ့သို့ ကြားလိုက်ရလေသည်။ စင်စစ် မိုးရသေ့ကြီးကွမ်ချင်းနှင့် ထိပ်တန်းသိုင်းပညာရှင်ကြီးတို့သည် မနောအာရုံဖြင့် ပို့လွှတ်သော အဝေးပြောစကား တစ်ဦးနှင့်တစ်ဦး အသုံးပြုသည်ကို တွေ့ခဲ့ရ၏။

ယခု ဘဘရသေ့ကြီး ကွမ်ချင်းကိုယ်တိုင် နောက်သို့လိုက်လာလေသလား၊ သို့တည်းမဟုတ် ဘဘရသေ့ကြီးလွှတ်လိုက်သော အဆင့်မြင့်သိုင်းပညာရှင်တစ်ဦး လိုက်လာလေ



သလားဟု ကျန်းလီက တွေးလိုက်မိသည်။ ထိုစဉ် နောက်ထပ်အသံတစ်သံကို ကြားလိုက်ရပြန်သည်။

'ကျန်းလီ၊ ဘဘဟာ နတ်မီးတောင်က စကြဝဠာ သိုင်းသားကြီးထံက လွှတ်လိုက်တဲ့ မီးတမန်တော်ပဲ၊ အခု ဘဘအပြင်မှာ စောင့်နေတယ်'

ထိုအသံကို ကြားလိုက်ရစဉ်မှာပင် ကျောက်စိမ်းသူဌေးကြီးပိုင်ရှင်က သူကိုယ်တိုင်ထည့်ပေးသော အရက်ခွက်အား ကျန်းလီကို ကမ်းပေးလိုက်သည်၊ တကယ်တော့ ထိုအရက်ထဲ၌ ကျောက်စိမ်းသူဌေးက သူ၏လက်စွပ်ထဲ ဝှက်ထားသည့် အိပ်ဆေးများ ခတ်လိုက်ပြီဖြစ်သည်။

ယင်းအိပ်ဆေးများမှာ အဆိပ်မှုန့်များပင်ဖြစ်ကာ သောက်ပြီး၍ ကွမ်းတစ်ယာညက်အတွင်း အိပ်ပျော်သွားမည်ဖြစ်သည်။ နှစ်ရက်လုံးလုံး ထနိုင်တော့မည် မဟုတ်ပေ။

'ကျန်းလီ၊ ဂုဏ်ပြုတဲ့အနေနဲ့ ဒီအရက်ကို နောက်ဆုံးသောက်လိုက်ပါဦး'

ကျန်းလီမှာ အပြင်ဘက်မှ မီးတမန်တော်၏ အဝေးပြောစနစ်ဖြင့် ပေးပို့သောစကားကို ကြားထားရပြီးဖြစ်၍ သူဌေးကြီးအား ပြုံး၍ကြည့်လိုက်ပြီး—

'သူဌေးမင်း၊ ကျွန်တော့်ကို ဂုဏ်ပြုတဲ့အရက်ကို သူဌေးမင်းကိုယ်တိုင်ပဲ ကျွန်တော့်ကိုယ်စား သောက်လိုက်ပါ'

ကျန်းလီ၏ မထင်မှတ်သောစကားကို ကြားရသဖြင့် သူဌေးကြီး ပိုင်ရှံမှာ ကြက်ခနဲ မျက်နှာပျက်သွား၏။ သို့သော် သူ၏ အမူအရာပြောင်းသွားသည်ကို ချက်ချင်းပင် ပြန်၍ပြင်ရင်း–

'ဟဲ ဟဲ ဟဲ၊ မောင်ရင်လေးအတွက် ကျုပ်က နောက်ဆုံးဂုဏ်ပြုလိုက်တာ ကျုပ်ကိုပြန်ပြီးကျေးဇူးပြုနေပြန်ပါပြီ'

ထိုသို့ပြောကာ အရက်ခွက်ကို စားပွဲပေါ် ပြန်ချထားလိုက်သည်၊ ထိုအချင်းအရာကို ကျောက်စိမ်းသခင်မလေး စင်းစင်းက အနည်းငယ်ရိပ်မိသိုက်သည်၊

ကျန်းလီက....

'ကဲ–ဒီလောက်ပဲ ကျွန်တော်စားသောက်နိုင်ပါတယ်၊ အပြင်ဘက်မှာ ကျွန်တော့်ဆရာဘဘတို့ ရောက်နေတဲ့အတွက် သွားခွင့်ပြုပါဦး'

'အို....မြန်လိုက်တာအစ်ကိုရယ်'

ကျောက်စိမ်းသခင်မလေး စင်းစင်းက နှုတ်မှ ရုတ်တရက်ထွက်သွားသလို ကျန်းလီမှာ လျှပ်တစ်ပြက်ပင် မည်သူမျှမတားနိုင်သေးမီ ပြတင်းပေါက်မှ ငှက်တစ်ကောင်ပမာ လွှားထွက်သွားလေသည်။

စားသောက်ပွဲတွင် ကျန်နေသောသူများမှာ အလွန်အံ့အားသင့်နေမိကြ၏၊ ကျောက်စိမ်းသခင်မလေးစင်းစင်းက ကမျာ



ကယာ ပြေးလိုက်သွားရာ ဝင်းခြံကြီးထဲမှနေ၍ စွန်တစ်ကောင်ပမာ လွှားထွက်သွားသည်ကို တွေ့လိုက်ရသည်၊

ထိုစဉ် လျှိုဝှက်အခန်းတွင်းမှ ပုန်းအောင်းနေသော ခြေတစ်ချောင်း ကျားစစ်ကောက်၏ တံခါးအကွယ်ဆီသို့ အရာဝတ္ထုတစ်ခု ထိုးဖောက်ဝင်ရောက်လာသည်။

'ဒေါက်'

ခြေတစ်ချောင်းကျားစစ်ကောက်မှာ အလွန်ပင် ထိတ်လန့်သွားမိ၏။ သူ့မျက်စိထဲတွင် မယုံကြည်နိုင်သော လူတစ်ဦး လျင်မြန်မှုကို တွေ့လိုက်ရသည် မဟုတ်ပါလား။

တံခါးတွင်လာ၍စိုက်နေသော အရာဝတ္ထုမှာ ဓားတိုတစ်ချောင်းပင်ဖြစ်သည်။ ဓားမှာညောင်ရွက်ပုံသဏ္ဌာန်ဖြစ်၍ အလယ်ပိုင်းဒေသ ဘိုင်းသမားများသုံးသော ဓားပျံများ မဟုတ်ချေ။

'ဒီသူငယ်ဟာ လူမှဟုတ်ရဲ့လား'

သွေးသဌေးကြီးက ပြောလိုက်စဉ် ကျောက်စိမ်းသခင်မလေးက သူ့ဖခင်ကြီးအား–

'ဖေဖေလုပ်တာ မကောင်းဘူး၊ သူဟာ အလွန်အဆင့်မြင့်တဲ့ ဘိုင်းသမားတစ်ဦးပဲ၊ ဖေဖေမမှန်မကန်ကျင့်လိုက်တာ သူ ရိပ်မိသွားပြီ'

ကျောက်စိမ်းသူဌေးကြီး ပိုင်ရှံမှာ ဆိုအခါ ဇောချွေးများ ထွက်လာကာ ကြောက်စိတ်များ ဖုံးလွှမ်းသွားသည်။

ကျောက်စိမ်းသခင်မလေး စင်းစင်းလည်း အတွင်းခန်း ဆောင်သို့ ပြန်၍ဝင်သွားတော့ရာ ကျောက်စိမ်းသူဌေးကြီး ပိုင်ရှံနှင့် ရွှေသူဌေးကြီး ကြောင့်မင်း၊ ရွှေပန်းတိမ်ဆရာကြီး နှင့် အိမ်တော်တာဝန်ရှိသူများသာ ကျန်ခဲ့လသည်။

ထိုအခိုက်–

'အနယ်လေးဗျ'

ထိုအသံနှင့်အတူ စင်းစင်းသည် လူတစ်ဦးအား သွေး ကြောပိတ်၍ခေါ်ထုတ်လာခဲ့သည်။ သူမဆွဲခေါ်လာသူမှာ လမ်းလျှောက်နိုင်သော်လည်း ကိုယ်လက် လှုပ်ရှားနိုင်ခြင်း မရှိတော့ချေ။

'ဖေဖေ သူ့ကို ဘာပြုလို့ အိမ်တော်ထဲခေါ်ထားတာလဲ'

အခြားသူများမှာ အံ့ဩကာ အသံများထွက်သွားလေ တော့ရာ ပိုင်ရှံမှာ မည်သို့မျှမပြောနိုင်အောင် ဖြစ်နေတော့ သည်။

'ဒီမှာ လက်နက်ပုန်းနဲ့ပစ်သွားပြီး သတိပေးသွားသေး တယ်'

စင်းစင်းက သွေးဝင်ရှက်ပုံလက်နက်ပုန်းကို ပြလိုက်သည်၊



ထိုနောက် သခင်မလေးက ခြေတစ်ချောင်းကျားအား သွေးကြောဖွင့်ပေးလိုက်သည်။

'လုံခြုံရေးတာဝန်ခံကြီးသူ့ကိုအမြန်ဆုံးအပြင်ပို့လိုက်ပါ'

'ကျုပ်ကိုလိုက်ပို့စရာမလိုပါဘူး၊ ကျုပ်ဘာသာ သွား နိုင်ပါတယ်'

ခြေတစ်ချောင်းကျား စစ်ကောက်သည် ခြေတစ်ချောင်း တည်းနှင့်ပင် လျှပ်တစ်ပြက်ခုန်လိုက်ရာ ပြတင်းပေါက်အပြင် ဘက်သို့ ရောက်သွားလေတော့သည်။

သူသည် ခြေတစ်ချောင်းတည်းရှိသော်လည်း ခြေနှစ်ချောင်း ရှိသူများထက် ပေါ့ပါးလျင်မြန်သော အဟုန်ဖြင့် သွားနိုင် သူဖြစ်၍ အသုံးချလိုသောသူများက ငွေကြေးပေး၍ခိုင်း တတ်သဖြင့် ကြေးစားစေခဲ့ရတစ်ဦးဖြစ်နေသည်။

ကြောင်မင်းမှာလည်း ပိုင်ရှံ၏ကြီးမားသော အကြံအစည် ကိုသိလိုက်ရသောအခါ အလျင်အမြန်ထ၍ နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

ပိုင်ရှံ ဝင်းခြံအပြင်သို့ရောက်သွားသော နဂါးလက်သည်း မှာ သူ့အား မနေ့ညကရုံဖြင့်ပို့လိုက်သော ထိပ်တန်းအဆင့် မြင့်သိုင်းသမားကြီး မီးတမန်တော်ကို ရှာဖွေကြည့်လိုက်၏၊

ဤတွင် သစ်တောအုပ်ကလေးထဲမှ မျောက်တစ်ကောင်ပမာ ခုန်ဆင်းလာသည့် မီးတမန်တော် ဆန့်ဖိန်းကို တွေ့လိုက်ရလေသည်။

'ဘာဘာ မီးတမန်တော်'

ကျန်းလီက ပြေးလွှားခေါ်လိုက်သည်၊ မီးတမန်တော်က သစ်ပင်တစ်ပင်ကို လက်ညှိုးထိုးပြလိုက်သည်၊ ထိုသစ်ပင်၏ သစ်ကိုင်းများမှာ ကြိုးနှင့်ချည့်ကာ တွဲလောင်းကျနေသော လူနှစ်ဦးကို တွေ့လိုက်ရသည်။

သူတို့ သည် ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်းမှ အနက်ရောင်သိုင်းသမားနှစ်ဦးပင်။

'ဒီနှစ်ကောင်ကလဲ မင်းရဲ့နောက်ကို ခြေရာခံလိုက်နေတဲ့ သတ္တဝါနှစ်ကောင်ပဲ၊ ငါ သွေးကြောပိတ်ပြီး ကြိုးနဲ့ဇောက်ထိုးဆွဲထားလိုက်တယ်'

မီးတမန်တော်ပြောလိုက်ကာ....

'တို့ တစ်နေရာသွားပြီး စကားပြောကြတာပေါ့'

ဟု ပြောသည်။

'ဆရာကြီးတို့ခင်ဗျာ ကျွန်တော့်ကို လွှတ်ပေးပါ၊ ကျွန်တော်တို့က အန္တရာယ်ပြုမယ့်လူတွေ မဟုတ်ပါဘူး'

သစ်ပင်တွင် ဇောက်ထိုးချထားခြင်းခံရသူ တစ်ဦးက အော်၍ပြောသည်။



'မင်းတို့က ဘယ်ဂိုဏ်းကလဲ'

နဂါးလက်သည်းက မေးသည်။

'ယက္ခကိုယ်တော် ဂိုဏ်းကပါ၊ သိုင်းကျမ်းဘယ်သူရသွားတယ်ဆိုတာ သတင်းယူရအောင်စုံစမ်းနေတာပါ၊ အဲဒီသတင်းမရရင် ကျွန်တော့်ကို အဆိပ်ဖြေဆေးပေးမှာ မဟုတ်ပါဘူး'

'ဒါဖြင့် အခုသိုင်းကျမ်း ဘယ်သူ့နောက် ပါသွားသလဲ'

ကျန်းလီမေးသောကြောင့်၊

အနက်ရောင်သိုင်းသမားတစ်ယောက်က....

'ပန်းငါးပွင့်လက်ထဲကနေပြီး ရှပ်ဖျက်ထားတဲ့လူတစ်ဦးက ယူသွားတယ်လို့ကြားရတယ်'

'ကောင်းပြီ မင်းတို့သွားကြတော့ တို့လဲ ဒီသိုင်းကျမ်းနောက်လိုက်ရဦးမယ်'

အနက်ရောင်သိုင်းသမားနှစ်ဦးသည် အလျင်အမြန်ထွက်ပြေးသွားကြသည်။

မီးတမန်တော်နှင့်ကျန်းလီတို့ ရွှေကြက်ဖစားသောက်ဆိုင်သို့ ပြန်ရောက်လာကြသည်။

'ဘာဘာ ခုတင်ပေါ်မှာပဲ အနားယူပါ'

'အေး ကောင်းသွားပဲ'

ကျွန်းလီ စားပွဲထိုးလေးကိုခေါ်၍ စားသောက်စရာများ အား အခန်းထဲသို့လာပို့ရန်မှာသည်။

'ဘဘ တောင်ပေါ်ကဆင်းလာတာ ဘယ်လောက်ကြာပြီလဲ'

'နှစ်လလောက်ရှိသွားပြီ'

'ဒါထက် ဘဘရသေ့ကြီးထံ ဝင်ခဲ့သေးလား'

'မဝင်ခဲ့တော့ဘူးကွာ၊ ဒါပေမယ့် မင်းကိုရှာပြီး အကူ အညီပေးဖို့ တစ်ဆင့်ပြောလိုက်တယ်'

'ကျွန်တော်လဲ ပြဿနာပေါင်းစုံနဲ့တိုးနေရတာပဲ၊ အခုလဲ အတုမဲ့ သိုင်းကျမ်းကို မသမာသူတွေ အသုံးချသွားရင် သိုင်း လောကကြီး ပျက်စီးတော့မယ်'

'သိပ်ဟုတ်တာပေါ့ကွယ်'

ထိုအချိန်တွင် ဆိုင်အလုပ်သမားလေးက စားစရာသောက် စရာများကို လက်ဆွဲခြင်းကြီးဖြင့် ထည့်ယူလာကာ စားပွဲပေါ် သို့ တင်ထားလိုက်သည်။

'နောက်ထပ် ကျွန်တော်ဘာလုပ်ပေးရဦးမှာလဲ'

'မလိုတော့ပါဘူး'

အလုပ်သမားလေးက သူ၏ခြင်းတောင်းကြီးဆွဲ၍ ပြန်ထွက် သွားလေသည်။

## အခန်း (၁၂)

ထိုအချိန်တွင်ပင် ပန်းငါးပွင့်ဂိုဏ်း ခေါင်းဆောင် သခင်မ ကြီးက အကြီးအကျယ် ဒေါသဖြစ်နေ၏။ ယုန်ဖြူဘွားဘွားက သူမရှေ့တွင် မတ်တတ်ရပ်လျက် ရှိနေသည်။

'ဘွားဘွားကို အဲဒီလူက ရုတ်တရက် သေွးကြောပိတ်လိုက် တာဟာ ဘွားဘွားညံ့တာပဲ'

'သခင်မကြီးပြောသလို ခံရမှာပဲ၊ ရန်သူတွေများ လာမလား ဆိုပြီး ရှေ့ကိုအာရုံစိုက်နေတုန်း ခံလိုက်ရတာပါ၊ ဒီအမျိုးသမီး က သိုင်းလောကမှာ အဆင့်မြင့်သိုင်းသမား ပိတုံးမယ်ပဲ ဖြစ်ရ မယ်၊ ပိတုံးမယ်ဟာ ရုပ်ဖျက်ပညာလဲ တတ်ထားတဲ့အတွက် ဘွားဘွားနဲ့ရုပ်တူအောင် ခဏလေးနဲ့ ဖန်တီးလိုက်တာပဲ ဖြစ်တယ်၊ သူနောက်ကို ဘွားဘွား ကိုယ်တိုင်လိုက်ပြီး အဆုံး စီရင်ပစ်မယ်'

'ဒီလိုဆိုရင် ဘွားဘွား ကျားသစ်မသုံးယောက်နဲ့ ကိုယ်ရံ တော်နှစ်ဦးကို ခေါ်သွားပြီး အမြန်လိုက်ပါ'

'ကောင်းပါပြီ သခင်မကြီး'

'ကဲ....ကိုယ်ရှ တော်လိပ်ပြာဘွားဘွားနဲ့ တိမ်ဖြူဘွားဘွားတို့လဲ တစ်ပါတည်း လိုက်သွားပါ'

တိမ်ပြာဘွားဘွားနှင့် တိမ်ဖြူဘွားဘွားတို့သည် ပန်းငါးပွင့် ဂိုဏ်းခေါင်းဆောင် သခင်မကြီးအား အလေးပြုပြီးထွက်ခဲ့ကြ၏။

ပိတုံးမယ်က ဘွားဘွားပိုးချိုယောင်ဆောင်၍ ချိန်ချိန့်ထံမှ အတုမဲ့သိုင်းကျမ်းကို ယူခဲ့ပြီး သူမ၏ဝိညာဉ်ဂေဟာအိမ်ဆီကို လာခဲ့သည်။ သူမ၏ ဝိညာဉ်ဂေဟာမှာ တောင်ပြာကြီးတောင်ခြေ ရွာတစ်ရွာနှင့် မလှမ်းမကမ်းရှိသည့် လူသေအလောင်းများထားသောချောက်ဝှမ်းနှင့် တစ်ခေါ်လောက်သာကွာ၏။

သူမသည် ဝိညာဉ်ဂေဟာသို့ ရောက်သည်နှင့် ဝိညာဉ်ဂေဟာ အဘိုးအိုကံစူးက ဝံပုလွေဂိုဏ်းမှ သိုင်းသမားသုံးဦးနှင့် မိစ္ဆာကိုယ်တော်၏သိုင်းသမားနှစ်ဦးတို့ လာသွားကြောင်း ပြောလိုက်သည်။

'ဟင်း....သူတို့က ကျွန့်မကိုလာပြီး စုံစမ်းတာဟုတ်လား'

'ဟုတ်တယ်....သမီး၊ သူတို့က ဘယ်သွားလဲလို့ မေးတယ်၊ သမီး ဒီကိုရောက်နေတာ သူတို့ကလဲသိထားထယ်၊ ပြီးတော့ ပန်းငါးပွင့်ဂိုဏ်းနောက် ရှင်ဖျက်လိုက်သွားတယ် ဆိုတာလဲ သိနေကြတယ်'

'သိုင်းလောကမှာ မျက်လုံးတွေက အများကြီးဆိုတော့ သိကြမှာပဲ၊ ယုန်ဖြူဘွားဘွားကို သွေးကြော ဖြေပေးတဲ့ သိုင်းသမားကတစ်ဆင့် သိကုန်မှာပေါ့'



ထိုသို့ပြောလိုက်စဉ်မှာ အပြာရောင်မိန်းမပျိုတစ်ဦး စားသောက်စရာ ခြင်းနှစ်လုံးအား တံပိုးဖြင့်ထမ်းကာ တောင်ပေါ်ကိုတက်လာခဲ့သည်။ ခေါင်းတွင် ခမောက်တခုလုံးဆောင်းထားပြီး အဝတ်ဖိနပ် စီးထားသည်။

တခဏချင်းပင် ဝိညာဉ်ဂေဟာတံခါးဝသို့ ရောက်လာ၏။

'သခင်မလေး ရောက်လာပြီလား'

'အေး....ရောက်လာပြီ၊ မင်းပြန်လာတာနဲ့ အတော်ပဲ၊ ဘာစားစရာတွေ ဝယ်ခဲ့သလဲ'

'ဂျုံပေါက်စီ၊ ခေါက်ဆွဲ၊ ဝက်အူချောင်းနဲ့ အသားဟင်းရော၊ နောက်နေ့တွေစားဖို့အတွက် ဟင်းလျာတွေပါ ဝယ်ခဲ့တယ်'

ထိုအချိန်တွင် မီးဖိုဘေးရှိ အဘိုးအိုသည် ရေနွေးကြမ်းရေးကိုစားပွဲပေါ်တင်ကာ ဆန်ပြုတ်များကိုအိုးထဲမှပန်းကန်လုံးထဲသို့ ခပ်ထည့်လျက်ရှိနေသည်။

'ဘဘရေ ချိုးဖြူမပြန်လာတာအတော်ပဲ၊ကျွန်မလဲဆာလှပြီ'

ပိတုန်းမယ် အနံ့ချိုက ပြော၏။

ထိုနောက် ဟင်းလျာများယူလာသော ချိုးဖြူမယ်အား ကူညီလုပ်ပေးလိုက်သည်။

ချိုးဖြူမယ်သည် ကျွားဖြူမြို့ကလေးမှ ကြော်ချက်ပြီး စားသောက်စရာနှင့် အရက်တစ်အိုး ဝယ်ခဲ့ခြင်းဖြစ်သည်။

တခဏချင်းပင် စားပွဲပေါ်တွင် စားစရာဟင်းလျာပန်းကန်များနှင့် ပြည့်သွားတော့သည်။

ပိတုန်းမယ်အနံ့ချိုနှင့် ချိုးဖြူမယ်ကျိန်းကျိန်း ဝိညာဉ်ဂေဟာ

စောင့် အဘိုးကံစူးတို့သည် စားပွဲတစ်လုံးထဲတွင် ထိုင်လိုက်ကြသည်။ ပြီး စားရင်းသောက်ရင်း ပိတုန်းမယ်က....

'ကျွန်မတို့ အမြန်ခရီးထွက်စရာရှိတယ်၊ အချိန်ဆွဲနေလို့မဖြစ်ဘူး၊ ကျွန်မဒီမှာခိုအောင်းနေတာ သိသွားကြပြီ'

'ဟုတ်တာပေါ့ကွယ်၊ သမီးသွားရင် ဘဘက ဘယ်ကိုသွားသလဲလို့ ပြောရမလဲ'

'မြောက်ပိုင်းထွက်သွားတယ်လို့သာ ပြောပေါ့'

'ကောင်းပြီကွယ်'

နံနက်ခင်းနေခြည်လင်းတန်းများက နှင်းမှုန်များထိုးဖောက်လာ၍ ကျလာလေသည်။ နှင်းပွင့်များက ကြွေမျောဆဲပင်။ လေတဟူးဟူးတိုက်လျက်ရှိနေသည်။

ပိတုန်းမယ်အန်ချီက သူမတပည့် ချီးဖြူမအား သူမ၏ရုပ်နှင့် တစ်ပြေးညီးတူအောင် ရုပ်ဖျက်ပေးလိုက်သည်။

'ကဲ...ချီးဖြူမ၊ ညည်းမျက်နှာမှန်ထဲကြည့်စမ်း'

ချီးဖြူမက ကြည့်လိုက်ရာ သူ့ဆရာနှင့် မျက်နှာချင်း ခွဲမရအောင် တူသောမျက်နှာကို မြင်ရ၏။

'လုံးလုံးကို ချွတ်စွပ်တူတာပဲ'

'ညည်းက မမအယောင်ဆောင်ပြီး အခြားလမ်းက သွား။ တောင်ပိုင်းမှာဆုံကြမယ်'

'ဟုတ်ကဲ့မမ'

''မမရဲ့ဟန်မူအရာအတိုင်းပဲနေ၊ မလွဲစေနဲ့ ညည်းမမရဲ့ သိုင်းပညာတွေ အမွေရထားတော့ တော်ရုံကြောက်စရာ မလိုပါဘူး'



'ဟုတ်ကဲ့ပါမမ'

သူတို့သည် အစစအရာရာပြင်ဆင်ပြီးသည်နှင့် ဝိညာဉ်ဂေဟာမှ အလျင်အမြန်ထွက်ခဲ့ကြသည်။ ပိတုန်းမယ် အန်ချီသည် ယခုအခါတွင် အဘွားအိုတစ်ဦးဖြစ်နေပြီး ချီးဖြူမယ်ဖြစ်လာလေသည်။ တောင်ကုန်းလေးအောက် တောအုပ်ရောက်သည်နှင့် နှစ်ဦးသား လမ်းခွဲလိုက်ကြသည်။

တောအုပ်ကလေးမှ ထွက်လိုက်သည်နှင့် ချီးဖြူမသည် အဝေးပြေးလမ်းပေါ်ရောက်လာသည်၊ မလှမ်းမကမ်းတွင် ရွာလေးတစ်ရွာရှိသည်၊ ရှေ့တည့်တည့်တွင် မြင်းတစ်စင်း စီးဆင်းနေသည့်ကို တွေ့ရသည်။

ရုတ်တရက် သူမသည် မြင်းရထားတစ်စင်း လာသည်နှင့် တက်လိုက်ခဲ့၏။ ထိုရထားသည် ကျားဝင်မြို့ကလေးကိုဖြတ်၍ မြောက်ပိုင်းမြို့ကလေးကိုသွားမည်၊ ခရီးသည်မှာ အဘိုးအိုလင်မယားသာပါရှိလေသည်။

ထိုအချိန်အတွင်း မြင်းခွာသံများ ကြားရသည်။

နောက် ပြတင်းပေါက်မှကြည့်လိုက်၏။

အနက်ရောင်သိုင်းသမားလေးဦး မြင်းများကို တရကြမ်းနှင်၍လာကြခြင်းပင်။

'အနက်ရောင် ဒုစရိုက်သမားတွေပါလား'

အဘိုးအိုက ပြောသည်၊

'ရှင်က ဘာလုပ်မှာလို့လဲ'

'သူတို့က ဘာလုပ်နိုင်မှာလဲ'

အဘွားအို ဘက်သို့လှည့်ပြီး ခပ်အေးအေးနေလိုက်သည်၊

သမီးက ဘယ်လဲ'

'ကျွားဝင်မြို့လေးကိုသွားပြီး ဘောင်ပိုင်းဆက်သွားမလို့'

'သမီးကြည့်ရတာ သိုင်းပညာအဆင့်မသေးဘူးထင်တယ်'

အဘိုးအိုမှာ စပ်စုပြီးပြောနေစဉ် အနက်ရောင် ဓားသမားလေးဦးက မြင်းရထားကို ကျော်တက်လိုက်ပြီးလျှင် လမ်းကိုပိတ်တားလိုက်သည်။

'ဘေ့ အဘိုးကြီးရပ်လိုက်'

အသက်ကြီးသူအဘိုးကြီးက ရပ်ပေးသည်၊

'ဟေ့ ဆက်မောင်းစမ်း'

ရထားထဲရှိ အဘိုးအိုက ပြောသည်။

'ဟား ဟား ဟား၊ မောင်းရအောင် မောင်းသူမရှိဘဲ ဘယ်လိုမောင်းနိုင်မှာလဲ'

အဘွားက....



'ဟောတော့ ကျုပ်တို့ကို ဓားပြတိုက်နေပြီထင်တယ်'

'လမ်းဓားပြတွေဖြစ်မယ်၊ မောင်းတဲ့အဘိုးကြီးလဲ ထွက်ပြေးသွားပြီ'

မောင်းသောသူမှာ တကယ်ပင် ရထားပေါ်က ခုန်ဆင်းထွက်ပြေးသွားပြီ၊ အဘိုးနှင့်အဘွားအိုတို့ ရထားတံခါးဖွင့်၍ ထွက်လာသည်၊ သူတို့နောက်က ရုပ်ဖျက်ထားသည့် ချိုးဖြူမ ကျိုန်းကျိန်းပါလာသည်။ ကျောတွင် ဓားတစ်ချောင်းလွယ်ထားကာ အဖြူရောင်ခေါင်းစည်းနှင့် ကြည့်ကောင်းနေသည်၊ လေဘဟူးဟူးတွင် ဝတ်ရုံက လွင့်နေလေသည်၊

'ကဲ ပါသမျှရွှေငွေ ဒီမှာလာပြီးပုံ'

ခေါင်းဆောင်က ပြောသည်။

'ကျုပ်တို့အဘိုးအဘွားက ဆင်းရဲသားတွေပါ'

'ဂါမျိုးတွေရှိနေပြီ၊ မသေချင်ရင် အကုန်ထုတ်ကြ'

'ဟေ့ ဟိုကောင်မက ဘာရယ်နေတာလဲ၊ နင်ပါတဲ့ပစ္စည်း ဒီမှာလာပုံ'

'ရှင်တို့ပေးဖို့ ဘာမှမရှိဘူး'

'အမယ် လူလယ်နဲ့တွေ့နေပါလား၊ ဟေ့ ရထားထဲက ပစ္စည်းတွေ အကုန်ချစမ်း'

ရထားနောက်တွင်ရှိနေသော အနက်ရောင် ခွေးသမား တစ်ဦးက အတွင်းသို့ဝင်ကာ အထုပ်တွေပစ်ချလိုက်သည်၊

'အား'

'အမယ်လေး'

'ခွီး ခွီး'

'မြင်းရထားထဲက ခွေးသမား ခုန်ထွက်လာသည်၊ သူ့မျက်နှာတွင် သွေးတွေ ပေကျံလျက်ရှိ၏။

'ဟေ့ကောင် ဘာဖြစ်တာလဲ'

'ဆရာ ဟို ဟို ဟို လာကြည့်ပါဦး'

အနက်ရောင် ခွေးသမား ခေါင်းဆောင်က အလျင်အမြန်သွားကြည့်လိုက်သည်၊ ရထားအတွင်းမှ မျောက်ကြီးတစ်ကောင်ထိုင်နေပြီး ပါးပြင်းထောင်နေသည့် မြွေဆိုးသုံးကောင်က ခြင်းထဲက ပေါ်ထွက်လျက်ရှိသည်၊

'ရှီး ရှီး ရှီး'

ခွေးပြခေါင်းဆောင်မှာ မျက်လုံးများကျယ်သွားသည်၊ သူက ခွေးကိုထုတ်လိုက်သည်၊

'ခွီး'

'ဝုန်း'



မျောက်ကြီးကအော်၍ ခွေးကိုင်ထားသောလက်ကို ဖမ်းခုန်ဆွဲပြီး ကိုက်ပစ်လိုက်သည်။

'အား'

'ကိုက်တယ်ဟ၊ ကိုက်တယ်'

ခွေးပြဗိုလ်မှာ သွေးစွန်းသောလက်ကိုကြည့်၍ မျောက်ကြီးအပေါ် ဒေါသရောက်သွားကာ ခါးထဲက ဓားတစ်ချောင်းထုတ်ကာ မျောက်ကြီးကိုပစ်လိုက်သည်၊

မျောက်ညိုကြီးက ဝင်လာသောဓားကိုဖမ်းကာ ခွေးပြခေါင်းဆောင်အား ပြန်ပစ်လိုက်သည်၊

'ဝှီး ဝှီး'

'ဝုစ်'

ပစ်လိုက်သောဓားပျံမှာ ခေါင်းဆောင်ရင်ဝသို့ တန်းဝင်သွားသည်။

လျှပ်တစ်ပြက်ပင် ခေါင်းဆောင်ထံသို့ ခုန်ဝင်သွားရာ ခေါင်းပေါ်ရောက်သွားတော့၏၊

သူ၏လက်သီးနှင့် ခွေးပြခေါင်းဆောင်အားထုပြီး အခြားအနက်ရောင်ခွေးပြတစ်ဦးထံသို့ ခုန်ဝင်သွားတော့သည်၊

အနက်ရောင်ခေါင်းဆောင်မှာ သူ့ဦးခေါင်းအား တူကြီးနှင့်အထုခံလိုက်ရသလို အော်မြည်၍ လဲကျသွားခဲ့၏။

'ဟေ့ ဦးအကောင်ကြီးကို တိုက်ကြစမ်း'

ဓားပြခေါင်းဆောင်၏ လက်ထောက်တစ်ဦးက အော်လိုက်သည်။ သို့သော် မျောက်ညိုကြီးသည် လေထဲမှာပင် ခုန်လွှားရောက်လာပြီး ထိုလက်ထောက်ဓားပြခေါင်းဆောင်အား ရိုက်ပစ်လိုက်ပြန်သည်၊ မျောက်ညိုကြီး၏ လျင်မြန်မှုကို ချီးဖြူးပင် အံ့ဩလျက်ငေးနေမိသည်။

ထိုစဉ် မျောက်ကြီး၏လက်တဲသို့ ဓားတစ်လက်ရောက်သွားကာ ရှမ်းခနဲဝှေ့ယမ်း၍ လေထဲတွင် ကျွမ်းနှစ်ပတ်ပစ်လိုက်သည်၊ ထိုဓားပြက ခုန်လွှား ရှောင်၍ သက်သာသွားခြင်းပင်၊

ဓားပြခေါင်းဆောင်က မြေပြင်မှလူးလဲထကာ မြင်းပေါ်လွှားတက်ပြီး အချက်ပေးလိုက်သည်။

'လစ်ဟေ့ ဂိုဟ်ကောင်တွေနဲ့တွေ့နေပြီ'

အနက်ရောင် ဓားပြလေးဦးတို့သည် မြင်းများပေါ်ပြေးတက်ကာ ကဆုန်ဆိုင်းထွက်သွားလေတော့၏။

ထိုအခါမှပင် တောအုပ်ထဲဝင်သွားသည့် မြင်းလှည်းမောင်းသမား အဘိုးအိုထွက်လာပြီး ရထားပေါ်သို့တက်သွားတော့သည်။



'ဘဘရဲ့ မျောက်ကြီးက တယ်စွန့်ပါလား၊ သိုင်းပညာတွေသင်ထားတယ်နဲ့တူတယ်'

'သိုင်းသမားတွေနဲ့ နေခဲ့တော့ အတုမြင်အတတ်သင်ဆိုသလို တတ်နေတာပေါ့ကွယ်'

'ဘဘတို့က ဘယ်သွားမှာလဲ'

'ဘဘတို့က မျောက်နဲ့မြွေတွေ ကစားပြပြီး စီးပွားရှာနေတော့ မြို့တွေလျှောက်သွားရမှာပေါ့'

ယခုအခါ မြင်းရထားသည် လေထဲပြေးနေသကဲ့သို့ ပြေးလွှားလျက်ရှိနေတော့သည်။

မြင်းရထားသည် ကျားဝင်မြို့လမ်းမကြီးအတိုင်း မောင်းလာတာ ရွှေကြက်ဖဆိုင်ရှေ့ရပ်လိုက်သည်၊

နေဝန်းသည် အတော်ပင်မြင့်နေပြီဖြစ်သည်။ အစားအသောက်ဆိုင်များတွင် စည်ကားလျက်ရှိနေသည်၊ ဒယ်အိုးခေါက်သံ၊ လူခေါ်သံများနှင့် ဆူညံနေလေသည်။

ရွှေကြက်ဖစားသောက်ဆိုင်သို့ ချီးဖြူးမ ဝင်ရောက်လိုက်ပြီးနောက် အဘိုးအို အဘွားအိုက ဈေးဘက်ကို မောင်းခိုင်းလိုက်သည်၊

ထိုအခိုက် မြင်းရထားမောင်းသော အဘိုးအိုသည် ရထားရပ်ကာ လှည့်ဆင်းသည်။

'ပွဲကြီးပွဲကောင်းတော့ မြင်ရဦးမယ်မိတ်ဆွေကြီးရေ'

ရထားမောင်းသူကား စင်စစ်ကြောက်လန့်ဟန်နှင့် တကယ် မြင်းရထားမောင်းသူအသွင်ဟန် ဆောင်ထားသော မဟူရာ သိုင်းသမားကြီး ဟိုရွှေချုန်ဖြစ်သည်၊ ရထားအဖုံးမှ ထိုက် ပါလာသူများကား မျောက်တစ်ထောင် သိုင်းသမားကြီး ကျူးကျူးနှင့် အဆိပ်မယ်တော် ချူးချူးပင်။

မဟူရာသိုင်းသမားကြီးနှင့် မျောက်တစ်ထောင်သိုင်းဆရာ ကြီး၊ အဆိပ်မယ်တော်တို့သည် ရထားတစ်စီးနှင့် တစ်မြို့ဝင် တစ်မြို့သွားကာ အဘုမဲ့သိုင်းကျမ်းအား ရှာဖွေခဲ့ကြလေ သည်။

နောက်ဆုံး ပန်းငါးပွင့်လက်ထဲ ရောက်သွားပြီဟုသော သတင်းကြောင့် ကျားဝင်မြို့ကိုပြန်လာခြင်းပင်။

ထိုအချိန်မှာပင် မြင်းကိုယ်စီနှင့် ယုန်ဖြူဘွားဘွား၊ တိမ် ဝါဝါးလဲ ပါ၏။ သူတို့နောက်ကလဲ အဆင့်မြင့် သိုင်းသမား အမျိုးသမီးတွေပဲ'

ပန်းငါးပွင့်ဂိုဏ်းမှ ယုန်ဖြူဘွားဘွားပိုးကျိ ခေါင်းဆောင် သော သိုင်းသမားများသည် လမ်းမကြီးအတိုင်း မြင်းများကို



စီးလာရာက စားသောက်ဆိုင် တစ်ဆိုင်ပြီးတစ်ဆိုင်ဝင်၍ ကြည့်သွားကြသည်၊

'ရွှေကြက်ဖစားသောက်ဆိုင်'

သူတို့သည် ရွှေကြက်ဖစားသောက်ဆိုင်သို့ ရောက်သည်နှင့် လှည့်သွား၍ အတွင်းသို့ဝင်ကြသည်။

ပန်းငါးပွင့်မှ အဘွားအိုနှစ်ဦးနှင့် ကျားသစ်မသုံးဦး ဝင်ရောက်လာမှုကာမြန်ဆန်သည်၊

သူတို့သည် စားသောက်နေသူများကို မျက်လုံးဝေ ကြည့်လိုက်ပြီး...

ထိုအချိန်တွင် ချီးဖြူမ နံနက်စာ စားသောက်နေချိန် ဖြစ်သည်။

သို့သော် အန္တရာယ်အရိပ်အငွေ့ ကျရောက်လာသည်ကို ချီးဖြူမ သိလိုက်သည်၊ သူ့စားပွဲတွင် ပန်းငါးပွင့် သိုင်း သမားငါးဦး အသီးသီးရပ်နေကြသည်။

ဟင်းပန်းကန်များ လေထဲမြောက်တက်သွားသည်၊

'ဟော ငီတုံးမ တို့ထံကခိုးခဲ့တဲ့ သိုင်းကျမ်းပြန်ပေးစမ်း'

'ဟား ဟား ဟား၊ အဘွားတို့က ဘာလာပြီး စွပ်စွဲနေ တာလဲ'

'အေး နင်ကသာ ငါ့အယောင်ဆောင်ပြီးခိုးခဲ့တာ၊ ပေးမလား မပေးဘူးလား'

'မပေးဘူးဆိုရင်ကော'

'ရပါတယ်'

'ရှမ်း'

'ချွမ်း ချွမ်း ချွမ်း'

ချိုးဖြူမယ်က ဓားထုတ်ကာ တိုက်ခိုက်သည်။

စားပွဲဘေးမှနေ၍ လေထဲခုန်တက်လိုက်သည်။

သို့သော် ပိတုံးမယ်ကချိုးဖြူမ၏နောက်ကျောကို အတွင်းအားနှင့်ရိုက်ချသည်။ အယောင်ဆောင်ဖျက်ထားသော ချိုးဖြူ ယုန်ဓားဘွားဘွားနှင့်တိုက်ခိုက်နေရာမှ နောက်သို့ ကျွမ်းပစ်ကာလွင့်လာသည်။

ဤတွင် စားသောက်ဆိုင်အတွင်း ရှိနေသော ကျားသစ်မ သိုင်းညီအစ်မသုံးဖော်က ပိတုံးမယ်ရုပ်ဖျက်ထားသည့် ချိုးဖြူမကို ဝိုင်းထားကြ၏။

'ချွမ်း ချွမ်း ချွမ်း'

ချိုးဖြူမယ်ကျိန်းကျိန်းလည်း သူ့ဆရာ၏ ဓားကွက်များအတိုင်း ကျားသစ်မသုံးဦးအား 'နဂါးအမြီးယမ်း' ဓားကွက်



ဖြင့် တိုက်ခိုက်လိုက်ကာ လေထဲသို့ ခုန်တက်လိုက်ပြီး နောက်တံခါးဝကို ရောက်သွားသည်။

သို့သော် တိမ်ပြာဓား အဘွားအိုချောချောနှင့် တိမ်ဖြူအဘွားအို သွေးစုံတို့က တံခါးဝကို ပိတ်ထားသည်။

'မင်းဘယ်ပြေးမလဲ အသတ်ခံမလား သိုင်းကျမ်းပေးမလား၊

'မရှိဘူး'

ယုန်ဖြူဘွားဘွားအား သူမက ရင်ကော့၍ ပြောလိုက်လေသည်။

'ဟဲ့ နင်က တို့ကိုလိမ်လို့ဘယ်ရမလဲ'

'ဝုန်း'

ဘွားဘွားပိုးကျိုက တစ်ချက်လွှား၍ ဓားကိုမသုံးဘဲ အတွင်းအားပါသော လက်ဝါးဖြင့် ချိုးဖြူ၏ရင်ဝကို ရိုက်ချလိုက်သည်။

ချိုးဖြူက ကျွမ်းတစ်ပတ်ပစ်၍ ရှောင်လိုက်သော်လည်း အနည်းငယ်ထိသွားကာ ရင်ထဲတွင် အောင့်သွားသည်။

ချိုးဖြူ၏ ပါးစပ်မှ သွေးများ စီးကျလာသည်။ သူမက ဓားတစ်ချက်ဝှေ့ယမ်းကာ ပိုးကျိုကို လွှား၍ ခုတ်လိုက်သည်။ သူမ၏ဓားကွက်သည် သူမဆရာ၏ ထိပ်တန်းကိုယ်ပိုင် တီထွင်

ထားခဲ့သော 'ပိတုံးဓားကွက်တစ်ရာ'မှ 'ပိတုံးသွေးသောက် ဝိညာဉ်ဖျောက်' ဓားကွက်ဖြစ်သည်၊

ဘွားဘွားပိုးကျီ၏ ကိုယ်ပေါ်သို့ ဓားရိပ်များ ထိုးကျလာသည်၊ ဘွားဘွားက ထိုဓားရိပ်အောက်မှ ရိပ်ခနဲရှောင်ထွက်ကာ 'ရေလှိုင်း လေလှိုင်း မုန်တိုင်းဆင်း' ဓားကွက်ဖြင့် တန်ပြန်တိုက်စစ်ဆင်လိုက်သည်။

ချီးဖြူ၏ ဓားကွက်များ ပျက်ပြယ်ပြီး ဘွားဘွားက အတွင်းအားကို ဓားဆီပို့၍ တိုက်ခိုက်လိုက်သဖြင့် ချီးဖြူ၏ ဓားကိုင်လက်မှာ တုန်ခါနေတော့သည်။

ထိုစဉ် အရိပ်တစ်ခုက ချီးဖြူ၏နောက်သို့ ခုန်ဆင်းလာကာ အတွင်းအားနှင့် လက်ဝါးတစ်ချက် ကျောပြင်ကို ရိုက်ချလိုက်သည်။

ချီးဖြူသည် အမှတ်တမဲ့ နောက်မှဝင်လာသော အဆင့်မြင့်ရန်သူ၏ တိုက်ခိုက်မှုကို ခံရကာ ဝုန်းခနဲ ကြမ်းခင်းပေါ်ကို လဲကျတော့၏။

သူမအား တိုက်ခိုက်သော ရန်သူမှာ ပန်းငါးပွင့်ဂိုဏ်း၏ ကိုယ်ရံတော် ဆယ်ဦးထဲမှ တိမ်နီဘွားဘွား ကျင်းကျင်းပင် ဖြစ်သည်။

ကြမ်းပြင်ပေါ် လဲကျနေသော ချီးဖြူက ဘွားဘွားပိုးကျီအား မဲ့ပြုံးကလေးတစ်ချက် ကြည့်လိုက်သည်။



သူမသည် သွေးများအန်ထွက်ကျလာပြီး ငြိမ်သက်သွားတော့သည်။

ယုန်ဖြူဘွားဘွားက သူမကိုယ်ထဲမှ အတုမဲ့သိုင်းကျမ်းကို ရှာဖွေလိုက်၏။ စက္ကူတစ်စပင် မတွေ့ရချေ၊

'ဟင် ဒီကောင်မဆီမှာ သိုင်းကျမ်းလဲ မတွေ့ရပါလား'

ဘွားဘွားက တအံ့တဩပြောကာ တောက်တစ်ချက် ခေါက်လိုက်သည်။

'ဟင်....ဒီကောင်မ တစ်နေရာရာမှာ လျှို့ဝှက်ထားခဲ့ပြီနဲ့တူတယ်'

'မဟုတ်သေးဘူး၊ ဒီကောင်မဟာ ပိတုံးမယ်အစစ် မဟုတ်ဘူးဟ'

တိမ်ပြာဘွားဘွားက ပြောပြီး သူမ၏မျက်နှာကို စမ်းသပ်ပြီးလျှင် လည်ပင်းမှသားရေတုအပါးကလေးအား ဆွဲလှန်ပြီး ချွတ်လိုက်၏။ မျက်နှာအစစ်၊ ပေါ်လာသောအခါ အကြီးအကျယ် ဒေါသဖြစ်လေသည်။

'ထောက်....ပိတုံးမ ပိတုံးမ၊ သူက သူ့တပည့်ကို ရုပ်ပွားဟန်ဆောင်လွှတ်ပြီး သူက ပြေးပြီ၊ သူ့ကို အသေသတ်မိတာ မှားတာပဲ'

ယုန်ဖြူဘွားဘွားနဲ့ ပန်းငါးပွင့်ဂိုဏ်းမှ သိုင်းသမားအမျိုးသမီးများ အပြေးအလွှား ထွက်သွားတော့၏၊

ထိုအခါတွင် ဆိုင်အတွင်းတွင် ရှိနေသော ဓားသော်က် နေသူများက သူတို့၏နေရာသို့ ပြန်ထိုင်ကြသည်။

ခပ်စောစောက ရောက်နေသော သိုင်းသမားအချို့လည်း ဆိုင်ထဲက ပြေးတွက်လေတော၏။ ပိတုံးမအန်ချိုထံတွင် အတူ မဲ့ သိုင်းကျမ်း ပါသောသတင်းက သိုင်းလောကအတွင်း ကျယ် ပြန့်နေတော့မည်ဖြစ်သည်။

ထိုအချိန်မတိုင်မီလေးတွင် ကျန်းလီနှင့် မီးတမန်တော် တို့သည် ဓားသံများကြား၍ အခန်းထဲမှအပြင်သို့ လာခဲ့ကြ သည်၊ အောက်ထပ်ကိုကြည့်လိုက်သည်။

ပိုးကျိုနှင့် အဘွားအို နှစ်ဦး အပြင် လှပ၍ရှုချင်စဖွယ် ဝယ်ရှယ်သော သိုင်းအမျိုးသမီးများတွေ့သည်နှင့် တအံ့တဩ ကြည့်လိုက်မိသည်။

ဓားသမား မိန်းမတွေချည်းပင်ဖြစ်သည်။

'ငါတို့ မိန်းမသားချင်းကိစ္စ ယောကျ်ားတွေမပါနဲ့၊ အသာ ကြည့်နေပါ'

မီးတမန်တော်၏စကားကြောင့် ကျန်းလီ ငြိမ်နေလိုက်၏။

နောက်ဆုံးတော့ ပန်းငါးပွင့်လက်ထဲရောက်ခဲ့သည့် သိုင်း ကျမ်းကို ယုန်ဖြူ အဖြစ်ဟန်ဆောင်ကာ ခိုးယူလာသည့် အကြောင်းကို သိလိုက်ရသည်၊



တဖန်သေဆုံးသူမှာ ပိတုံးမယ်အစစ်မဟုတ်ဘဲ ရုပ်လွှဲထား သော ဇွဲတုံးမယ် အန်ချိုနောက် ပါသွားလေပြီ။

'ကဲ သူ့နောက်ကို တို့လိုက်ကြမယ်'

မီးတမန်တော်ကပြောလိုက်သဖြင့် ကျန်းလီလည်း အမြန်ဆုံး ဝန်ဆောင်အိတ်ဆွဲ၍ အောက်သို့ဆင်းခဲ့သည်၊

အချိန်မှာ မွန်းတည့်လုဖြစ်သည်။

မီးတမန်တော်တွင် မီးမပါချေ။

'ဘဘအတွက် မြင်းတစ်ကောင်ဝယ်မှဖြစ်မည်။

'ဘဘနဲ့မင်း 'တစ်လမ်းဆီသွားကြတာပေါ့'

ထိုအခိုက် မြင်းစီးသမားအချို့ မြင်းများကို တရကြမ်း နှင်၍လာသည်ကိုတွေ့ရသည်။

ထိုသူများသည် အနက်ရောင်သိုင်းသမားများပင်၊

မြင်းစီးသမားတစ်ဦးက တွေ့ပြီဟေ့ဟု ပြောလိုက်ရာ....

အနက်ရောင်ဓားသမားနှင့် အစိမ်းရောင်ဓားသမားများ ဖြစ်ကြသည်

သူတို့သည် မြင်းများကိုရပ်၍ လွှားဆင်းလာသသည်။

'ငါတို့လုပ်ငန်းမှာဝင်ရှုပ်တာ ဒီကောင်ပဲ'

အနက်ရောင်ဓားသမားတစ်ဦးက ကျန်းလီအား လက်လက်ပြရင်းပြောလိုက်သည်။

မီးတမန်တော်က သူ၏နဂါးတောင်ဝေ့းကို မြောက်ကာမေးလိုက်၏။

'မင်းတို့က ဘယ်သူတွေလဲ'

'တောင်ကိုးလုံးက ဝံပုလွေတွေ'

'ဘာလုပ်ချင်လို့လဲ'

'ရှင်းချင်လို့'

'မင်းတို့ ဒါ လူအကုန်ပဲလား'

'ခင်ဗျားကြီးက ဘာဆိုင်သလဲ'

'ဒါ ငါတူတစ်ယောက်ပဲ'

'မသေချင်ရင်ဘေးဖယ်နေစမ်း အဘိုးကြီး'

အနက်ရောင်ဓားသမားတစ်ယောက်က ဝင်၍ပြောလိုက်သည်။

ထိုအခိုက်....

အုပ်ချုပ်ရေးတပ်သားများ မြင်းများကို စိုင်းနှင်လာနေသည်ကိုတွေ့ရသည်။

အကြီးအုပ်တစ်ယောက်ထွက်လာပြီး....

'မင်းတို့ တိုက်ချင်ရင် မြို့အပြင်သွားတိုက်ကြ၊ ဟိုမှာ မြို့အုပ်ချုပ်ရေးတပ်သားတွေလာနေကြတယ်၊ သူတို့ကို နေပြည်တော်က ပို့လိုက်တာမကြာသေးဘူး'

အနက်ရောင်ဓားသမားများထဲမှ တစ်ဦးက...

'မင်းတို့ဘယ်ပြေးမလဲ၊ တို့လက်က မလွတ်ပါဘူး'



'စိတ်ချပါ၊ မြို့မြောက်ဘက်က စောင့်နေပါမယ်'

ကျန်းလီက တမန်တော်ကိုနှုတ်ဆက်လိုက်သည်။

'အေး ငါလိုက်ခဲ့မယ်'

မီးတမန်တော်က ပြောလိုက်သည်၊ ကျန်းလီမှာ မြင်းပေါ်ခုန်တက်ကာ စိုင်းနှင်လာခဲ့သည်၊ အနက်ရောင်ဓားသမားများနှင့် အစိမ်းရောင်ဓားသမားများက မလိုက်သေးဘဲ ကြည့်နေကြ၏။

မီးတမန်တော်က အနက်ရောင် ဓားသမားများအား....

'အေး မြို့မြောက်ဘက်လိုက်ခဲ့ကွာ၊ ဒြော် ဘယ်နှစ်ဦးလဲ၊ အင်း နှစ်ဆယ်တောင်ပါလား၊ မင်း တို့ အ တွက် အလောင်းထည့်ဖို့ တွင်းနှစ်ဆယ်တောင်တူးထားတယ်'

'ဟင်း အဘိုးကြီး စိတ်မနှံ့ဘူးထင့်တယ်'

'ဟား ဟား ဟား'

တောင်ကိုးလုံးဓားသမားများနှင့် ဝံပုလွေသိုင်းသမားတို့ကပြောနေစဉ် မီးတမန်တော်သည် လွှားထွက်သွားသည်၊ အပြာရောင်ဝတ်ရုံ လေတိုးသံနှင့်အတူ ပြေးလွှားသွားရာ မီးခိုးစက်ကလေးပမာ နောက်ဆုံးတွေ့လိုက်ရလေတော့၏။

ထိုအခါ မီးတမန်တော်က စိတ်မနှံ့သူတစ်ဦး မဟုတ်ဘဲ တကယ်ပင် သိုင်းပညာထိပ်တန်း အဆင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦး မှန်းသိလေသည်၊

'ဘာပဲဖြစ်ဖြစ်လိုက်တိုက်မယ်'

တစ်ဦးကပြောသည်၊ ခေါင်းဆောင်သူပ်သူ စဉ်းစားလျက်ရှိနေသည်၊ ဗိုလ်ပုဇလွှခေါင်းဆောင်တစ်ယောက်က....

'ကျုပ်တို့က အင်အားအများကြီးပဲ၊ မနိုင်စရာမရှိဘူး'

'ဟုတ်တယ်၊ ဟုတ်တယ်'

အစိမ်းရောင်ဓားသမားများက ထောက်ခံလိုက်ကြသည်၊

တောင်ကိုးလုံးမှ လက်ထောက်ခေါင်းဆောင် တစ်ဦးပင်၊ သူတို့သည် လက်တွေ့မျက်မြင်ခံစားထားရသဖြင့် ခပ်လန့်လန့်ဖြစ်နေသည်၊ ကျန်းလီတစ်ယောက်အဖို့ သူတို့အရေးမစိုက်၊ ယခု အဆင့်မြင့်သိုင်းသမားအဘိုးအိုတစ်ဦး ပါလာသဖြင့် ရှုံ့နေခြင်းပင်။

ဗိုလ်ပုဇလွှဂိုဏ်းသားများရှေ့တွင် သူကိုယ်တိုင် မြင်းပေါ်လွှားတက်ကာ မြို့မြောက်ဘက်ကိုလိုက်ခဲ့သည်၊ မြင်းခွာသံများက ဆူညံသွားသည်။

တောထဲတွင် ကျန်းလီနှင့် မီးဘမန်တော်တို့ စခန်းချလျက်ရှိနေသည်။ မလှမ်းမကမ်းတွင် တင်းနှမ်ဆယ်ဘိတ် တူးထားပြီးဖြစ်သည်။

'ဒုစရိုက်ကောင်တွေကို ညှာနေလို့မဖြစ်ဘူး'



'ဟုတ်တာပေါ့ [illegible] ဘမင်လိုက်ပြီး အန္တရာယ်ပြုနေတာပဲ'

'ဒီအရေးမြင်လို့ စကြဝဠာခေါင်းဆောင်ကြီးက ငါ့ကိုလွှတ်လိုက်တာပဲ၊ လူတွေဟာ အသိဘရားလက်လွှတ်ရင် မိုက်တွင်းနက်ကြတယ်ကွ၊ မိုက်တွင်းနက်တဲ့ကောင်တွေကို သေရွာပို့ပေးရမယ်'

မကြာမီ မြင်းခွာသံများ ကြားလိုက်ရ၏၊

'ကဲ တို့တစ်တွေ အသင့်ပြင်ထားမယ်၊ သူတို့နှစ်ယောက်ခွဲတိုင်ကြမယ်'

'ဟုတ်ကဲ့ ဘဘ'

'တိုက်ပွဲခိုက်ပွဲတွေမလုပ်ရတော့ တယ်ပျင်းတယ်ကွ'

ကျန်းလီက ရယ်လိုက်သည်၊ စကြဝဠာဂိုဏ်းတွင် တမန်တော်ကြီးလေးဦးသည် အဆင့်လွန် သိုင်းသမားများပင်။

ယခု အနက်ရောင်ဒုစရိုက်သမားများ လာကြပြီဖြစ်သည်၊ နှစ်ဦးစလုံး သစ်ပင်တစ်ပင်စီပေါ် ခုန်တက်လိုက်ကြသည်၊ တောင်ကိုးလုံးအဖွဲ့သားများနှင့် ဗိုလ်ပုလွှ ဂိုဏ်းသားများ ရောက်လာကြသည်၊ သူတို့သည် မြင်းများကိုရပ်ကာ....

'ကောင်လေးနဲ့အဘိုးကြီး ထွက်ပြေးကြပြီနဲ့တူတယ်ဟေ့'

'သိပ်လေထွားတဲ့အဘိုးကြီး၊ ခြေကောင်းလို့ အညောင်းဆန့်တာပါ၊ အခုတော့ ရင်မဆိုင်ရဲပါဘူး'

'ဟိတ် လေမကြွားဘူးကွ၊ အခုသများမယ့် အကောင်တွေ လာကြစမ်း'

ရုတ်တရက် ပထမဆုံး လေတိုးသံကြီးတစ်လုံးသည်မီးလှိုင်းကြီး၊ ပမာပြေးဝင်လာတော့၏၊ တကယ်တော့ မီးတမန်တော်က သူ၏အတွင်းအား အပူလှိုင်းကြီးကိုပို့လွှတ်ပြီး သစ်ပင်ပေါ်မှ ခုန်ဆင်းသည်။

အပူလှိုင်းထိသွားသော အနက်ရောင် ဓားသမားများမှာ မျက်လုံးများပြာဝေကာ မီးခိုးများက ဖုံးလွှမ်းသွားတော့သည်။

'ဝုန်း'

'အား အား'

မီးတမန်တော် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်သည်၊ အနက်ရောင်ဓားသမားများအပေါ် လွှားကာ လက်ဝါးရိုက်ချက်များကို ဆင့်ကာဆင့်ကာ ရိုက်ချလိုက်သည်။

အနက်ရောင်ဓားသမားများအဖို့ တိုက်ခိုက်ချိန်မရ မြေပြင်ပေါ်ကို လဲကျသွားတော့သည်၊



ကျန်းလီမှာ သစ်ပင်ပေါ်မှ လေထဲသို့လွှားတက်ကာ ခွန်တစ်ကောင်ပမာ ဝဲဆင်းသွားပြီး အနက်ရောင်ဓားသမားအား သူ၏မိုးရသေ ဆရာကြီးပေးလိုက်သည့် ဓားနက်ကို လေထဲဝေ့ပြီး တိုက်သည်၊

ကြောက်စရာ ကောင်းလောက်အောင် အနက်ရောင်ဓားသမားများအပေါ် လွှမ်းမိုးသွားသည်၊

ဓားဓားခြင်းထိသံများ ဆူညံသွားလေသည်။

'အား'

'အမယ်လေး'

'သေပြီဗျ'

'ဝုန်း ဂုန်း'

အနက်ရောင်ဓားသမားများသည် မီးလောင်နေသော မီးလှိုင်းများအတွင်း အော်ဟစ် လူးလိမ့်နေတော့၏။

'ပြေးကြဟေ့ လူမဟုတ်ဘူးကွ'

သို့သော်....

'ဟား ဟား ဟား မင်းတို့ပြေးနိုင်မလား၊ မင်းတို့အတွက် တွင်းနှစ်ဆယ်တူးထားတယ်'

**မီး**တမန်တော်က အော်ဟစ်လိုက်၏၊ အနက်ရောင်သိုင်းသမားသုံးဦး **မီး**စွဲလောင်နေသောအဝတ်များနှင့် မြင်းများစီးကာ ထွက်ပြေးကြသည်။

မီးတမန်တော်က သူ၏တောင်ဝှေးကြီးကို လေထဲယမ်း၍ လွှတ်လိုက်သည်၊ နဂါးတောင်ဝှေးကြီးမှာ တွန့်လိမ်ကာ နဂါးကြီးတစ်ကောင်ပမာ ပြေးသွားသူများနောက်ကို လိုက်တော့သည်။

အနက်ရောင်ဓားသမားများက လျှပ်တစ်ပြက်ပင် သူတို့နောက်ကို ပြေးလိုက်သည်၊

အနက်ရောင် သုံးဦးမှာ မြင်းပေါ်မှ ထိုးကျတော့၏။

မီးတမန်တော်က ပြောလိုက်သည့်အတိုင်းပင် တူတို့နောက်လိုက်လာသော အနက်ရောင် သိုင်းသမား နှစ်ဆယ်မှာ တစ်ဦးမှ အသက်ရှင်ခွင့်မရှိတော့ချေ။

ထိုအချိန်မှာပင် ခရီးသွားလူတစ်စုသည် မလှမ်းမကမ်းတွင် ရောက်နေရာ သူတို့၏မျက်စိထဲတွင် မီးလုံးကြီးများ တောက်လောင်နေသည်ကို တွေ့လိုက်ရ၏။

တစ်ဖန် လေထဲမှ စွန်ကြီးနှစ်ကောင်က စက်ဝိုင်းပမာ လှည့်ပတ်လျက်ရှိနေသည်ကိုလည်း ကြောက်စရာကောင်းအောင် တွေ့လိုက်ရပြီး သရဲတစ္ဆေများလောဟု ထင်ကြတော့၏။



သေဆုံးသွားသော အနက်ရောင်သိုင်းသမားနှစ်ဆယ်အား တူးထားသောတွင်းများထဲသို့ ပစ်ထည့်လျက် မြေဖို့လိုက်ကြပြီး၊ ကျန်းလီနှင့် မီးတမန်တော်တို့ ခရီးနှင်ခဲ့ကြသည်။

ကျန်းလီက တမန်တော်အား....

'ဘဘရဲ့အတွင်းအားကို တိုင်းတာလို့မရပါဘူး၊ ကျွန်တော်လဲ အတွင်းအားအရာမှာ ဘဘရဲ့ခြေဖျားပဲရှိပါသေးတယ်'

'အင်း' မင်းတို့သင့်ပေးလိုက်တဲ့ မိုးဘုရင်တောင်ကြီးရဲ့ မိုးရှသေကြီးဟာ အတွင်းအားအရာမှာ ဘဘတို့ထက် မြင့်မားလှတယ်၊ မိုးရှသေကြီးဟာ တိဗက် မိုးနဂါးကျောင်းတော်ကြီးမှာလာပြီး ငါးနှစ်တိတိ သိုင်းပညာဆည်းပူးသွားခဲ့တဲ့ ရှသေကြီးကွယ့်'

'ဒီအကြောင်းတွေကို ဘဘပြောမှပဲ ကျွန်တော်သိရပါတယ်'

'သူတို့နှစ်ဦးဟာ အလွန်ခင်မင်တဲ့ ပုဂ္ဂိုလ်ကြီးတွေပဲ၊ အနီရောင်သိုင်းဂိုဏ်းကြီးရဲ့ ခေါင်းဆောင်ဖြစ်တဲ့ မိုးနဂါးဆရာတော်ကြီးဟာ မကြာမကြာ မိုးဘုရင်တောင်ကြီးကို သွားရောက်လည် ရှိတယ်ကွယ့်၊ လူချင်းတယ်လောက်ဝေးဝေး အာရုံနဲ့ကဲဆက်သွယ်ပြီး စကားပြောကြတယ်'

'ကျွန်တော် အတွင်းကျကျတော့မသိပါဘူး၊ ဒါပေမယ့် တစ်ညမှာ ဘဘရသေ့ကြီး တရားထိုင်နေတဲ့ ကျောက်ဖျာကြီးပေါ်ကို ဘုန်းတော်ကြီးတစ်ပါးကြွလာတယ်၊ အဲဒီနောက်တော့ တောင်ပေါ်ကို ဘုန်းတော်ကြီးရော၊ ဘဘရသေ့ပါ ခုန်တက်သွားတာ တွေ့လိုက်ရတယ်'

သူတို့နှစ်ဦးသည် ခပ်စောစောက ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်ကြသည့်အကြောင်းကို မေ့ထားလိုက်ကာ စကားတပြောပြောနှင့် မြင်းများနှင်၍လာကြသည်။

မီးတမန်တော်ကား မြင်သူတိုင်း အနောက်မြောက်ဒေသမှ ဆင်းလာသော သိုင်းပညာရှင်ကြီးတစ်ယောက်ဟု မထင်ချေ။ ခရီးဆောင်အိတ်ကြီးလွယ်၍ နဂါးတောင်ဝှေးတစ်ချောင်းနှင့် သွားနေသော အရူးကြီးတစ်ယောက်ဟုသာ ထင်ကြသည်။

အဆင့်မြင့်သိုင်း ပမားမျ းကသာ မြင်ရုံနှင့်သိကြ၍ မည်သူမျှ မထိရဲကြချေ။

မီးတမန်တော်ကို အရူးကြီးအသွင် ထင်သည်မှာလည်း ကြေးကွင်းကြီးတစ်ကွင်းစီ နားနှစ်ဖက်တွင် ဆွဲထားသောကြောင့်ဖြစ်သည်၊ မကြာမီ လမ်းဆုံတစ်ခုသို့ရောက်လာသည်။

မီးတမန်တော်က....



လူကလေးနဲ့ဘဘ ဒီမှာလမ်းခွဲပြီးတော့ ပီတုံးမယ် နောက်ကိုလိုက်ကြမယ်၊ လူကလေးက ဒ ာလမ်းတစ်လျှောက် လိုက်ပေတော့၊ ဒီမိန်းကလေးက ရုပ်ဖျက်ကောင်းတယ်ဆိုတော ပုံစံအမျိုးမျိုးနဲ့သွားမှာပဲ၊ လူ ကလေးသတိထားပြီးတော့ လိုက်ပေတော့'

'ဟုတ်ကဲ့ ဘဘ'

'ဒါနဲ့ ဘဘ လမ်းမှာကြားခဲ့တယ်၊ ဒီသိုင်းကျမ်းလိုက်တဲ့လူတွေကို ြိုင်းဂိုဏ်းကြီးတွေက လွှတ်ပြီးအသတ်ခိုင်းတယ်လို့ ပြောတာကြားခဲ့တယ်'

'ဒါတော့မပူပါနဲ့၊ ကျွန်တော့်ကိုသတ်ဖို့ လူတွေမနည်းပါဘူး၊ ဒီလူတွေ သိုင်းဂိုဏ်းကြီးက လူတွေပဲ'

'ကဲ ဒီလိုဆိုရင် ဘဘသွားမယ်'

ထိုသို့ပြောပြီး မီးတမန်တော် မြင်းကိုဒုန်းစိုင်းနှင်၍သွားလေတော့သည်။

ကျန်းလီသည်း ဆက်၍မြင်းကိုနှင်ရင်း ထွက်လာခဲ့၏။ အချိန်မှာ နေဝင်လုချိန်ဖြစ်သည်။

ကျန်းလီအဖို့ ရွားပြများကိုမကြောက်သော်လည်း ခရီးပန်းလာသဖြင့် တည်တာအိပ်စက်အနားယူရန် ဆုံးဖြတ်လိုက်သည်။

'ဆရာလေး တည်းခိုမယ်ဆိုရင် အခန်းရနိုင်ပါတယ်'

စားသောက်ဆိုင်ရှေ့ မြင်းကိုရပ်လိုက်သည်နှင့် ညှိုကြိုး အလုပ်သမားတစ်ယောက်က မေးလိုက်သည်။

'ဆရာလေးရဲ့မြင်းကို အစာရေစာ ဝအောင်တိုက်ကျွေး ပေးပါမယ်'

'အေးပါကွာ၊ ငါမင်းတို့ဆိုင်မှာ တည်းခိုမပါမယ်'

ကျန်းလီက မြင်းပေါ်မှခရီးဆောင်အိတ်ကို ဆွဲယူလိုက်ရာ အလုပ်သမားလေးက မြင်းကိုဆွဲသွားတော့သည်။

သူက ဆိုင်ထဲကိုဝင်လိုက်သောအခါ...

စားသောက်နေသူများမှာ ခရီးသွားကုန်သည်အချို့သာ ဖြစ်ကြသည်။

ကျန်းလီက မြောက်ဘက်အစွန်ဆုံး အိပ်ခန်းတစ်ခန်း ငှားကာ ခရီးဆောင်အိတ်ကို အခန်းတွင်းထားပြီး တံခါးပိတ် ထွက်ခဲ့သည်။

သူက ညစာစားရန်အတွက် စားသောက်ခန်းထဲသို့ လာ၍ မြင်းခွာသံများကိုကြားရသည်။

ဆိုင်ထဲတွင်းသို့ လူသုံးဦးဝင်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူသုံးဦးမှာ အပြာရောင်ပိုးအင်္ကျီများ ဝတ်ဆင်ပြီး ခမောက်များကို ဆောင်းထားသည်။ မှားတစ်ချောင်းဆီ



လွယ်ထား၍ သူတို့ကြည့်ရသည်မှာ သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းမှ လူများဖြစ်ကြောင်း မပြောဘဲနှင့် သိသာလောက်ပေသည်။

ထိုလူသုံးဦးသည် စားစရာများကိုမှာ၍ ခပ်သွက်သွက် စားလျက်ရှိသည်၊ သူတို့အမူအယာကား ကြမ်းတမ်းသည့် လက္ခဏာမရှိပဲ ရယ်လိုက်မောလိုက်ရှိနေကြသည်။

ထိုအခိုက် လူတစ်ဦးဝင်လာပြန်သည်။

ထိုလူမှာ ယောကျ်ားမဟုတ်ဘဲ ခရီးသွားအဘွားအို တစ်ဦးပင်ဖြစ်မည်ဟု ကျန်းလီက ထင်လိုက်သည်။

သို့သော် ထိုအဘွားအိုမှာ....

ဆိုင်အတွင်းသို့ရောက်ကာ ခေါက်ဆွဲကြော် တစ်ခွက်မှာ၍ ထုတ်ပေးရန်ပြောလိုက်သည်။

ကျန်းလီသည် အရက်အနည်းငယ် သောက်တတ်သူ ဖြစ်သောကြောင့် အရက်နှင့်စားစရာ မှာယူပြီးစားသောက်နေသည်။

• •

'မင်းတို့ ဟော်တော်အတွဲကောင်တွေကွာ၊ ဒိုင်ကခ လျှော်နေတာတောင် မထိုးရဲကြဘူး'

ထိုသို့ပြောသံနှင့်အတူ ဖဲသမားနှင့်တူသော လူသုံးဦး ဝင်လာပြန်သည်။

'အခုတော့ စားသွားပြီမဟုတ်လား'

လူသုံးဦးအနက် အနည်းငယ်ကြီးပြီး လောင်းကစား အတွေ့အကြုံရှိသူက စားသောက်စရာများ မှာလိုက်သည်။

'ဆရာ၊ ကျွန်တော့် ပိုက်ဆံကုန်ပြီ ရောင်းစားစရာလဲ မရှိတော့ဘူး'

'မင်းကလဲ တော်တော်ညည်းတဲ့ကောင်ကွာ၊ ငါ အမဲတစ်ကောင်တွေ့ထားတယ်'

'ဟုတ်လားဆရာ'

'တိုးတိုးနေပါကွ၊ ငါ့အမဲက အင်မတန်အေးပါတယ်၊ ငါ့ကိုတော့ သူလိမ်ရဲမှာမဟုတ်ဘူး၊ စားသောက်ကြပြီးရင် သွားကြတာပေါ့'

'ဘယ်ကိုလဲဆရာ'

'အနောက်ဘက် သီလရှင်ကျောင်းကိုပဲ'

'ဟာ ဆရာ အမဲကလဲ သီလရှင်ကျောင်းမှာဆိုတော အခက်သားပဲ'

'မခက်ပါဘူးကွာ'

'ဆရာ ဘာတွေ့ထားလို့လဲ'



'အေး ငါမျက်လုံးက ဒီလောက်တောင် လျှင်ပါတယ်ကွာ'

ထိုလူ၏စကားမှာ အလွန်မှန်ကန်ကြောင်း ကျွန်းလီ ထောက်ခံလိုက်သည်။

ထိုလူသုံးယောက်အနက် ဖဲသမား၊ အရက်သမားဆို သော်လည်း လူရည်လည်၍ အလုပ်မလုပ်ဘဲ သူတစ်ပါး၏ ချို့ယွင်းချက်ကိုကြည့်ပြီး အညွန့်ခူးစားနေသူက ခေါင်း ဆောင်နေသည်ဟု ဆိုနိုင်ပါလေသည်။

အမှန်တော့ ထိုသူများ၏စကားကို အခြားသောစားပွဲမှ လူများကလည်း စိတ်ဝင်စားလျက်ရှိသည်၊

ခေါင်းဆောင်လုပ်သူမှာ အရက်အိုးရောက်လာသည်နှင့် အမြန်ဆုံးတစ်ခွက်သောက်လိုက်ကာ ထွီခနဲ တံတွေးထွေး လိုက်သည်။

'ဟေ့ကောင် မင်းတို့အရက်တွေ ရေများတယ်၊ ပိုက်ဆံ ပေးသောက်တာကွ'

ဆိုင်အလုပ်သမားလေးကို ပြောလိုက်သည်၊

'ဒီအရက်က မြောင်က်ပိုင်းက အကောင်းဆုံးပါဆရာ'

'တော်စမ်းပါကွာ၊ မြောက်ပိုင်းကဲဆိုပြီး ငါ့ကိုလိမ်ရောင်းလို့မရဘူးကွ'

'ဆရာကလဲဗျာ ဆရာသိရင်ပြီးတာပဲ ကျွန်တော်ပြန်လဲ ပေးပါမယ်'

အလုပ်သမားကလည်း ဖွင့်ပြီး တစ်ခွက်သောက်ထားသည့် အရက်ကို ပြန်ယူသွားတော့၏။

ထိုလူမျက်စိက ဆိုင်အတွင်း အမဲဘစ်ကောင်များရှိလေ မလားဟူသော အကြည့်ဖြင့်....

'ဟေ့ ပုတ်သင်ဖူးရှင်၊ မင်းတို့ရလာရဲ့လား'

ဟင်တွင်းသို့ လူတစ်ယောက်ဝင်လာပြန်သည်။

အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးက ခေါင်းဆောင်ကိုမေး လိုက်သည်။

'သူတို့မရပါဘူးကွာ ငါနည်းနည်းပဲရတယ်'

ဝင်လာသောလူနှစ်ဦးလည်း ထိုသူများ၏စားပွဲတွင် ဝင် ထိုင်လိုက်သည်။

'မင်းတို့မရခဲ့ဘူးလား'

'မရပါဘူးကွာ၊ ဒီဘစ်ခါကန့်တာပါပဲ'

ဝင်လာသူ ပိန်ပိန်လူက ညည်းလိုက်သည်။

'ငွေရှာပြီး နောက်တစ်ခေါက်ပြန်သွားပေါ့ကွာ၊ မင်း ယောက္ခမကြီးဆီသွားဆဲ့ကွာ'



'မဖြစ်ဘူး၊ ငါနဲ့မုန်းဖြစ်ထားတယ်'

'ကောင်းတယ်၊ မင်းကလဲ ယောက္ခမ ကျေနပ်အောင်မှ မနေတာ'

'ဟေ့ အရက်တစ်အိုးယူခဲ့ဦး၊ ကြက်ကြော်တစ်ပွဲလဲယူခဲ့'

ခေါင်းဆောင်ကအလုပ်သမားအားမှာလိုက်သည်။

ကျန်းလီစားသောက်နေသော စားပွဲနှင့် ကပ်နေသော စားပွဲတွင် အဘိုးကြီး သုံးဦး အေးအေးဆေးဆေး အရက် သောက်လျက် စကားပြောနေကြသည်။

သူတို့သုံးယောက်မှာ မွေးမြူရေးအကြောင်း ပြောနေ ကြခြင်းပင်။

ထိုအခိုက် သိုင်းသမားနှင့်တူသော လူတစ်ယောက်ဝင် လာသည်။

သူသည် ဆိုင်အဝတွင် အနည်းငယ်မတ်တပ်ရပ်လိုက်ပြီး ဖဲသမားများ စားပွဲဆီသို့ တန်းဝင်သွားလေသည်။

'ဟေ့ မိကျောင်းဝမ်ပေါင် မတွေ့တာကြာပါရော'

'ခရီးထွက်နေလို့ပေါ့ကွာ၊ မင်းနဲ့တွေ့ရတာ အတော်ပဲ ပုတ်သင်ရေ'

ဝင်လာသူကို ပုတ်သင်ဆိုသူက မေးသလို မိကျောင်း ကလည်း ပြန်လည်ပြောလိုက်သည်။

'မင်းတွေ့ရတာ အတော်ပဲ၊ မင်းက အခုတလောပုနေပုံ ရတယ်'

'ဒါပေါ့ကွာ တို့ဆရာကြီးတွေ ခိုင်းတာကိုလုပ်ရတော့လဲ ထိုက်သင့်သလောက် ရတာပဲ'

'အေး မင်းအခုနပေးသလို တစ်ခုတော့ မင်းကိုပေး နိုင်တယ်'

'ကျားကြီးက ပြောလိုက်သည်။

'အေး ပြောစမ်းပါကွာ'

'ပြောမယ်လေကွာ၊ မင်းဆီကမရသေးဘဲ ငါကပြောရ မှာလား'

'ကျားကြီးက သူငယ်ချင်းအချင်းချင်းတောင် စားချင်တဲ့ အကောင်'

'ဒါငါ့အလုပ်လေကွာ၊ မင်းကပဲစပြီးမေးသေးတယ်၊ အဲ ဒီတော့ အလုပ်စရင် စရံငွေအရင်ပေးမှဖြစ်မယ်၊ အလကား ပေးထားကျွေးတာက တခြားပဲ'

'ကောင်းပြီလေ၊ ပေးချာရဲ့လား'

'မသေချာဘဲ ငါမပြောဘူး'



မိကျောင်းဆိုသောသိုင်းသမားသည် သူ၏အိတ်ထဲမှ ငွေစ ကလေးတချို့ နှိုက်ကာ ကျားကြီးရှေ့ချပေးသည်။

'မင်းက ထိပ်တန်းသိုင်းသမားတစ်ဦးဖြစ်ပြီး ဒါလောက် ပဲလားကွ'

မိကျောင်းက နောက်ထပ်ငွေစ နှစ်ခုကို ကျားကြီးရှေ့သို့ ချပေးပြန်သည်။

အမှန်တော့ သူတို့မှာ အတော်ပင်ရင်းနှီးသောသူများဖြစ် သော်လည်း အလုပ်ကိစ္စနှင့်ပတ်သက်၍ ကျားကြီးက တစ်ပြား မှအလျှော့မပေးဘဲ အရောင်းအဝယ်လုပ်နေခြင်းပင်။

'မင်းကတော့ လျင်တယ်၊ ပါးတယ်၊ တချို့က တိုက်မယ် ခိုက်မယ်၊ ခိုင်းတာလုပ်မယ် သတင်းရောင်းစားတဲ့လူတွေ ရေ ကောက်သာရပြီး ဆုံးတာတော်တော်များတယ်ကွ'

'ဟား ဟား ဟား မင်းဆီကစရံသောက်နဲ့ ဆုံးသွားမှာ စိုးလို့ပြောတာလား'

'မင်းကိုတော့ ငါမပြောပါဘူးကွာ၊ အခုသတ်မှတ်တာ သုံးရာနော်'

'ထားပါတော့ကွာ'

ထိုအခါ ကျားကြီးက ဝမ်းပေါင်နှာနားကပ်၍ တိုးညင်း သော လေသံနှင့်ပြောၡ၏။

'သေချာဘယ်နှော်'

'ငါမသေချာပဲပြောရင် သေတာကြာလှပြီ'

မိကျော့င်းကလည်း အရက်တစ်ခွက်ကို အလျင်အမြန် သောက်ကာ ထွက်သွားသည်။

ကျွန်းလီမှာ ခပ်စောစောက ကျားကြီးပြောသောစကား များကိုကြား၍ အလျင်အမြန်စားသောက်ကာ အပြင်သို့ လာခဲ့သည်။

❁

## အခန်း ( ၁၃ )

မိကျော့င်းဝမ်ပေါင် ကြေးစားခါးသမား တစ်ယောက် ပင်၊ သိမ်းငှက်ဂိုဏ်းမှ ငှားထားခြင်းဖြစ်၍ သူသည် အတုမဲ့ သိုင်းကျမ်းကို လိုက်နေသည်မှာကြာပြီဖြစ်သည်။

သို့သော်....

အဆင့်မြင့်သောသိုင်းသမားများလက်ထဲကို ပါသွားသော ကြောင့် အလစ်ချောင်းနေခြင်းပင်။

ယခုအခါ ပိတုံးမယ်ကျိန်းကျိန်းသည် ကျားဝင်မြို့လေး ပန်းငါးပွင့်ဂိုဏ်းမှ အမျိုးသမီးသိုင်းသမားများ လက်ချက် ကြောင့် သေဆုံးသွားပြီ။

ပိတုံးမယ် ရုပ်ပြောင်းကာ ထွက်ပြေးသွားခဲ့ပြီ၊

ထို့ကြောင့် သူ၏ဒေသလည်းဖြစ်၊ မိတ်ဆွေများလည်းရှိသော ရွာလေးသို့ခြေဦးလှည့်လာခြင်းမင်း။

ဤသတင်းကို မိဧကျောင်း အနံ့ရလိုက်သည်။

ကျားကြီးက ဖဲသမားတစ်ဦးဖြစ်ပြီး ထိုသတင်းကို သူက ရောင်းစားသည်။

အမှန်တော့ ကျားကြီးသည် သိုင်းသမားမဟုတ်သော်လည်း သိုင်းသမားအဟောင်းများများကို သူကသိသည်။

ယခုရွာလေးမှာ မြို့ကလေးတစ်မြို့နှင့် ငါးမိုင်ကွာဝေးသော်လည်း တစ်ဖက်ကမ်းကိုကူးလိုက်လျှင်လည်း မြို့တစ်မြို့ကို ရောက်နိုင်သည့် လမ်းဆုံရွာလေးဟုဆိုနိုင်သည်။

ထိုမြို့မှလာဖွင့်သော သောင်းကစားဝိုင်းများရှိသလို လူမျိုးစုံလည်းရောက်လာတတ်သောကြောင့် သတင်းစုံလည်းရနိုင်သည့် ရွာကလေးဖြစ်သည်။

ဆိုင်ယံမှ ကျားကြီးသတင်းပေးချက်ကြောင့် အလျှင်အမြန်ထွက်လာသည့် မိဧကျောင်းသိုင်းသမားမှာ အနောက်ဘက်လမ်းကျဉ်းကလေးအတိုင်းလာခဲ့ရာ တောအုပ်ထဲရောက်လာခဲ့သည်။

နေဝင်သွားပြီဖြစ်၍ အမှောင်ရိပ်ကြီးစိုးလာသည်။

ဝမ်ပေါင်သည် သီလရှင်ကျောင်းကိုသွားသော လမ်းကလေးအတိုင်းမသွားဘဲ မြေကွက်လပ်တစ်ခုကို ဖြတ်ကျော်လိုက်သည်။



တောကြက်တွန်သံ ငှက်အော်သံများ ဆူညံလျက်ရှိသည်။

တောထဲပြေးဝင်လာပြီး သီလရှင်ကျောင်းလေးသို့ ရောက်လာခဲ့သည်။

ထိုအခိုက် သီလရှင်ကျောင်းမှ ဘုရားဝတ်တက်ရန်အတွက် တီးခေါက်လိုက်သည့် ကြေးစည်သံကိုကြားရ၏။

ဝမ်ပေါင် တောင်ကုန်းလေးပေါ် ပြေးတက်ခဲ့ရာ တောထဲ ရောက်လာပြန်သည်။

သူသည် သစ်ပင်တစ်ပင်ပေါ် လွှား၍တက်လိုက်သည်။

ထိုသစ်ပင်မှာ ချယ်ရီပင်ကြီးတစ်ပင်ဖြစ်သော သူနှင့်ကပ်နေသော ထင်းရှူးပင်ကိုကူးပြန်သည်။

သီလရှင်များဝတ်ပြုသံ ကြည်နူးစွာကြားရသည်။

ဝမ်ပေါင်က ထင်းရှူးပင်ကြီးမှတစ်ဆင့် ကျောင်းခေါင်မိုးပေါ်တက်သည်၊ ထိုကျောင်းမှာ အလယ်ကျောင်းဆောင်ဖြစ်သည်။

ထို့နောက် ကျောင်းဆောင်ဆီသို့ အလျှင်အမြန်ပြေးလွှားခဲ့၏၊ လေတိုးသဖြင့် အဝတ်များ ဖလပ်ဖလပ်မြည်နေသေးသည်။ အရှေ့ကျောင်းဆောင်သို့ရောက်သည်နှင့် အခန်းဆောင်များကို ပြူတင်းပေါက်မှကြည့်သွားခဲ့သည်။

အရှေ့ကျောင်းဆောင်၏ တောင်ဘက်သို့ ထုတ်ထားသော အဆောင်တစ်ဆောင်ကို တွေ့ရသည်။

မိချောင်းစမ်းပေါင်က ကျောင်းခေါင်မိုးမှတစ်ဆင့် တံစက်မြိတ်ကို ဇောက်ထိုးဆွဲကာ ပြတင်းပေါက်မှအတွင်းကို ချောင်း ကြည့်လိုက်သည်။

အဘွားအိုတစ်ဦးထိုင်နေသည်ကို တွေ့လိုက်ရ၏။ သို့သော် တင်ပျဉ်ခွေထိုင်၍ အတွင်းအားကျင့်နေခြင်းပင်၊ ရုတ်တရက် သူမ၏နားထဲတွင် တိုးညင်းသော အသံတစ်သံကို ကြားလိုက်ရသည်။

'ဟိတ်... ဘယ်သူလဲ'

'ဝှစ်....ဝှစ်'

အဘွားအိုက ရုတ်တရက် အတွင်းအိတ်ထဲမှ ဓားပျံနှစ်လက်ကို ထုတ်ယူ၍ ပြတင်းပေါက်ဆီသို့ပစ်လိုက်သည်။ ဓားပျံနှစ်လက်သည် ပြတင်းပေါက် လေထဲမှဖြတ်၍ ပိတုံးနှစ်ကောင် ဝဲသကဲ့သို့ ဝမ်းပေါင်ထံ ပြေးဝင်လာတော့၏။

ဝမ်းပေါင်သည် ခါးကော့၍ ကျောင်းအမိုးပေါ်ပျံတက်ကာ ရှောင်လိုက်ရ၏။

ပြေးထွက်လာသော ဓားပျံနှစ်လက်က တစ်ပတ်ပျံဝဲကာ ဝမ်းပေါင်ထံ ပြန်ရောက်လာပြန်လေသည်။

မိချောင်းဝမ်းပေါင်က ခါးသဲမှဓားကို ဆွဲထုတ်ပြီး ကာကွယ်လိုက်ရလေ၏။



ထိုစဉ် ပြတင်းပေါက်မှ အရိပ်မည်းကြီးတစ်ခု ထိုးထွက်လာကာ ကျောင်းအမိုးပေါ်သို့ ရောက်လာသည်။

ဝတ်ရုံရှည်ကြီးလေတိုးသဖြင့် တဖျပ်ဖျပ်လွင့်နေသည်။ မည်းနက်သောအရိပ်မည်းကြီးက မိချောင်းဝမ်းပေါင်နှင့် မလှမ်းမကမ်းတွင် ရှိနေသည်။

ရောက်လာသူက ကျောင်းဆောင်ထဲမှ အဘွားအိုတစ်ဦးပင် ဖြစ်သည်။

'ဟိတ်....သူခိုး မင်းဘယ်ပြေးမက်'

'ဟား....ဟား....ဟား၊ ငါကသူခိုးလား၊ မင်းကသူခိုးလား၊ မင်းဘယ်လောက် ရုပ်ဖျက်ဖျက် ငါ့ကိုတော့လိမ်လို့မရဘူး ပိတုံးမယ်အန်ချို'

'မင်း ဘယ်သူလဲ'

'ငါက မိချောင်းဝမ်းပေါင်၊သိန်းငှက် ဂိုဏ်းက ဓားသမားပဲကွ'

'ဘာလာလုပ်တာလဲ'

'နင့်ဆီက သိုင်းကျမ်းကို လိုချင်လို့၊ နင့်တပည့်ကိုတော့ ပန်းငါးပွင့်ဂိုဏ်းက သတ်လိုက်ပြီ၊ နင်ပဲကျန်တော့တယ်'

'ဟင်း ဟင်း....နင်ကများ ငါ့ကိုခြိမ်းခြောက်နေလို့ ငါက ကြောက်မယ်များ ထင်သလား'

'ကဲ… စကားမရှည်နဲ့၊ အသက်မသေချင် သိုင်းကျမ်းထုတ်ပေး'

'မပေးဘူး'

'မပေးရင် ငါ့ဓားကို မြည်းကြည့်ဦး'

ဝမ်းပေါင်သည် အဘွားအိုဟန် ရုပ်ဖျက်ထားသော ပိတုံးမယ်ထံ လွှားဝင်ကာ 'မြွေဟောက်တွင်းထွက်' ဓားကွက်ဖြင့် ခုတ်ချလိုက်သည်။

ပိတုံးမယ်က သူမ၏ဓားဖြင့် ဝမ်းပေါင်၏ ဝမ်းဗိုက်ကို အားကုန်ထိုးသွင်းလိုက်၏။

'ချွမ်း ချွမ်း ချွမ်း'

'ထန်း ထန်း ထန်း'

သူတို့နှစ်ဦးသည် အဆင့်မြင့် သိုင်းသမားများ ဖြစ်သော်လည်း အတွင်းအားမှာ မိချောင်းဝမ်းပေါင်က တစ်ပန်းသာလျက် ရှိနေသည်။

ဝမ်းပေါင်က အတွင်းအားကို ဓားတွင်မှီကာ တိုက်ခိုက်နေသဖြင့် အန်ချီမှာ နောက်သို့ ဆုတ်နေရ၏။

ထိုအခိုက် အန်ချီသည် သူ၏ဓားကို တစ်ချက်ဝှေ့ယမ်းပြီး ဓားပျံနှစ်လက်ကို ဆွဲထုတ်၍ ဝမ်းပေါင်ထံ ပစ်လိုက်သည်။



ဝမ်းပေါင်မှာ အန်ချီက ဓားဖြင့် တန်ပြန်တိုက်ခိုက်တော့မည် ထင်သဖြင့် သူ့ဓားကို အသင့်ထိုးကာ အန်ချီ၏ဓားပျံနှစ်လက်ဆီကို တန်းဝင်လာသောကြောင့် ကပျာကယာဓားဖြင့် ခါထုတ်လိုက်သည်။

ဓားပျံနှစ်လက် လွင့်သွားချိန်တွင် အန်ချီက ကျောင်းဆောင် အမိုးပေါ်မှ လွှားဆင်းထွက်ပြေးသွားသည်။

'နင် ဘယ်ပြေးမလဲ ပိတုံးမ'

ကြေးစားဓားသမား ဝမ်းပေါင်သည် ကျောင်းဆောင်ပေါ်မှ လွှားဆင်းကာ ပြေးလိုက်သွားခဲ့သည်။

အန်ချီသည် ဝင်းတံတိုင်းကို ကျော်လွှားကာ တောင်ကုန်းကလေးဆောက်သို့ ပြေးဆင်းသွား၏။ တောအုပ်ကလေးထဲသို့ ရောက်သောအခါ ဝမ်ပေါင်က ပိတုံးမယ်အားမီသွားလေသည်။

'နင် ဘယ်ပြေးမလဲ'

ဝမ်းပေါင်ကလွှား၍ အန်ချီအား 'ဝိညာဉ်လည်းပျောက် လူဂည်းပျောက်' ဓားကွက်နှင့် ခုတ်ချလိုက်ရာ အန်ချီကရှောင်ပေးလိုက်ပြီး သူမ၏ ပိတုံးနှစ်ကောင် ကွင်းဆင်းဓားကွက်နှင့် တိုက်ခိုက်လိုက်သည်။

'ယား'

'ချွမ်း ချွမ်း'

မိချောင်းက ကျားတံခါးပုတ်ဘိုက်ကွက်ဖြင့် ခုတ်ချလိုက်စဉ် အန်ချိုက သူမ၏ခေါးပျံတစ်လက်ကို ရုတ်တရက်ပစ်လွှတ်လိုက်သည်။

ငမ်ပေါင်က ဓားပျံဝင်လာမှန်းသိ၍ သူ့ဓားကွက်ကို ဖျက်ကာ ရှောင်ပေးလိုက်သည်။

အန်ချိုက ပြေးလွှားသွားပြန်သည်။ ငမ်ပေါင်ကနောက်မှလွှား၍ လိုက်သွားသည်။

'အား'

အန်ချို ရုတ်တရက်ချောလဲသွက်သွားရာ ငမ်ပေါင် အနားရောက်သွားကာ....

'ကဲ....သေပေတော့ပိတုံးမ'

မိချောင်းက ဓားကိုဝင်၍ အနီးကပ် ခုတ်ချလိုက်သည်၊ ဤတွင် အန်ချိုက ဝိညာဉ်အရိပ်မဲ့ ခြေကန်ချက်ဖြင့် ငမ်ပေါင်၏ ခြေသလုံးအား ကန်ပစ်လိုက်သည်။

'ဒုတ် ဒုတ်'

'အား'

ငမ်ပေါင်မှာ အန်ချို၏ ခြေကန်ချက်ထိသွားကာ နောက်သို့ လွင့်ထွက်သွားသည်၊ ဤတွင် အန်ချိုက ခုန်ထလိုက်၏၊



တကယ်တော့ အန်ချိုက ဟန်ဆောင် လဲကျလိုက်ခြင်းဖြစ်ကာ တိုက်ကွက်ပြောင်းလိုက်ခြင်း ဖြစ်သည်၊

သို့သော်... သူမ၏ ခြေကန်ချက်မှာ ယောက်ကျားတစ်ဦးအဖို့ အားနည်းနေပြီး ထိရောက်မှု မရှိလှပေ။ ငမ်ပေါင်မှာ နောက်ကို ယိုင်ဆင်းသွားရပြီး သူကလည်း ပရိယာယ်ဖြင့် ကျွမ်းတစ်ပတ်လှိမ့်၍ မြေပေါ် ထဲချလိုက်၏။

ပိတုံးမယ်က ပြေးဝင်လာကာ ဓားဖြင့်မိုး၍ ကြယ်ခြွေဓားကွက်ဖြင့် ခုတ်ချလိုက်သည်။

'ဝုန်း'

'အား'

ငမ်ပေါင်က ရှောင်ပြီး သူ့ခြေတောက်ကို အရိပ်မဲ့ကန်ချက်နှင့် အန်ချိုအား ကန်လိုက်ရာ အော်ဟစ်လဲကျသွားတော့သည်။

'ရွှမ်း'

'စွပ်'

ငမ်ပေါင်သည် လွှားခုန်ကာ သူ့ဓားနှင့် ဆက်ရက်ခုတ်ချက်နှင့်ခုတ်လိုက်သဖြင့် အန်ချိုမှာ ရှောင်တိမ်းချိန်မရဘဲ လဲကျလေတော့သည်။

'ဟား ဟား ဟား'

'အန်ချို နှင်ပြေးလို့မလွတ်တော့ဘူး၊ ငါ့လက်ချက်နဲ့ သေရပြီ၊ ငရဲမင်းထံကိုရောက်ရင် ကြွေးဆပ်ဖို့ခွင့်တောင်းပြီး လာခဲ့ဦးပေါ့'

ဝမ်ပေါင်သည် ပါးစပ်မှ ပြောရင်း ငြိမ်သက်သွားပြီ ဖြစ်သော အန်ချို၏ကိုယ်ထဲမှ အတုမဲ့သိုင်းကျမ်းကို ရှာယူလိုက်သည်။ ထို့နောက် အလျှင်အမြန်ပင် တောထဲသို့ ပြေးလာတော့သည်။

လဝန်းသည် မြင့်တက်လျက်ရှိရာ သစ်ပင်ထိပ်ဖျားတွင် ရောက်လျက်ရှိပြီး အေးမြသည့်လင်းခြည်များ မြေပေါ်ကို လွှင့်ထုတ်လျက်ရှိသည်။

မတော်အပေါ်တွင် နိမ့်ချည်မြင့်ချည်နှင့် ပြေးလွှားနေသည့် လူရိပ်တစ်ခိုက်ကိုတွေ့ရသည်။

ထိုလူရိပ်သည် တောထဲမှ ရှက်အရက်လွှားတက်လာသည်ကို တွေ့ရ၍ သူခြေလှမ်းများရပ်သွားသည်။

တောတဲမှထွက်လာသောလူရိပ်ကား ဝမ်ပေါင်ပင်။

လေက တဟူးဟူးတိုက်ခတ်နေသဖြင့် ဦးထုပ်တောင်း ထားသော ဝတ်ရုံအင်္ကျီမှာ လေတွင် တဖျပ်ဖျပ်။

ဝမ်ပေါင်သည် သူ့ရှေ့တွင် ပိတ်ရပ်ထားသော သူ့အား မေးလိုက်သည်။

'ဟေ့ ဘယ်ကလွင့်လာတဲ့အကောင်လဲ'



'မနေ့ာက်ယှက်ပါဘူး၊ အန်ချို ဆီကယူလာတဲ့ သိုင်းကျမ်းပဲ ပေးလိုက်ရင်ပြီးတာပဲ'

'ခြော် မင်းဘယ်ဂိုဏ်းကလဲ'

'ကျုပ်ဂိုဏ်းဝင်တစ်ဦးမဟုတ်ဘူး၊ လမ်းပေါ်က လူတစ်ယောက်ပဲ'

'ဒါဖြင့် ကလေကာလွင့်တစ်ယောက်ပေါ့'

'ပြောနိုင်ပါတယ်၊ သိုင်းကျမ်းသာ ထည့်လိုက်ရင် ဒီနေရာက လွင့်သွားမှာပေါ့'

'ဟင် ငါ့အကြောင်းမသိလို့ ပြောနေတာလား'

'ခင်ဗျားနာမည်က မီကျောင်းမဟုတ်လား'

'အေး ဒီလိုဆိုရင် အမြန်ရှောင်၊ မီကျောင်းဟာ ကုန်းရော ရေရော ကျက်စားနေတဲ့ ဓားသမားတစ်ဦးပဲ၊ မင်းအသက် သေချင်သလား'

မေးလာတာဟာ သေဖို့ဖြစ်လာတာပဲ'

'ဟင်း သိပ်သေချင်တဲ့အကောင်'

'ရှမ်း'

'ချွမ်း ချွမ်း'

ဝမ်ပေါင် လွှားဝင်ခုန်လိုက်သည်။

ပထမဓား၊ ဒုတိယဓားကွက်နှင့်တိုက်သည်၊ ကြယ်တံခွန် မြွေလူးဓားကွက်နှင့် လည်ပင်းကိုပိုင်းသည်။

'ချွမ်း'

နှင်းခံဦးထုပ်ဆောင်းထားသော ဓားသမားက မရှောင်၊ သူ့ဓားဖြင့် စဉ်ရော်တိမ်ဖမ်း ဓားကွက်နှင့် ဓားကိုလှန်၍ ဝမ်ပေါင်၏ဝမ်းဗိုက်ကို ဓားဦးနှင့်ထိုးသွင်းသည်။

ဝမ်ပေါင် တစ်ပတ်ကျွမ်းပစ်၍ ရှောင်သွားသည်။

'အင်း ဒီအကောင်ရဲ့အတွင်းအားက မသေးပါလား'

ဝမ်ပေါင် ထိတ်ခနဲဖြစ်သွားပြီး သူ၏အတွင်းအားကို ဓားဆီပို့၍ နှင်းခံဦးထုပ်ဆောင်းထားသော ဓားသမားကို သက်တန့်ရောင်ခြည်ဓားကွက်နှင့် ခုတ်ချလိုက်သည်၊ ဓားရိပ်များပြာထွက်သွားသည်။

နှင်းခံဦးထုပ်ဆောင်း ဓားသမားသည် ထိုအကွက်ကိုမြင်ကတည်းက ဘဘပိုးရသေ့ကြီး သင်ပေးထားသော ခုံတုံ ဓားကွက်မှ သက်တန့်ရောင်ခြည် ဖြစ်ကြောင်းသိလိုက်သည်။

စင်စစ်သူကား ဝမ်ပေါင်နောက်ကို နောက်ယောင်ခံ လိုက်လာသော ကျွန်းလီပင်



ကျွန်းလီက မိုးနဂါးကွက်မှ နဂါးတိမ်ဖမ်းဖြင့် ထိုးဖျက် လိုက်သည်၊

'ချွမ်း ချွမ်း'

'ထန်း ထန်း'

ဝမ်ပေါင်နှင့်ကျွန်းလီ အကွက်ပေါင်းနှစ်ဆယ်ကျော်သည် အထိ အပြင်းအထန်တိုက်ခိုက်လျက်ရှိကြသည်။ ကျွန်းလီက အတွင်းအားကို အပူလှိုင်းပြောင်းကာ ဓားထဲပို့လိုက်ရာ အခိုးအငွေ့များထွက်လာသည်။

'ချွမ်း ချွမ်း'

ဓားနှစ်လက် ထိလိုက်သည်နှင့်တစ်ပြိုင်နက် ဝမ်ပေါင်ဓား ကိုင်လက်မှာ မီးစကြီးနှင့်ထိုးလိုက်သလို ခံစားလိုက်ရသည်။

'ဟင်း ဒီကောင်ရဲ့အတွင်းအားက ကြောက်စရာကောင်း လှချည်လား'

သူသည် လစ်ပြေးရန်သာစိတ်ကူးလိုက်ကာ လေထဲသို့ ခုန်တက်လိုက်၏။ သို့သော် ကျွန်းလီကအလွတ်မပေးဘဲ လေထဲ ခုန်တက်ပြီး နှင်းမုန်တိုင်းတောင်ပိတ် ဓားကွက်များကိုသုံး၍ တိုက်ခိုက်လိုက်ရာ ဓားသံနှင့်အတွင်းလှိုင်းကြောင့် လေပြင် မြေပြင် သိမ့်သိမ့်တုန်သွားတော့သည်။

ဤတွင် ခါးသံများက ဆူညံသွားပြီး ဝမ်ပေါင် မြေပေါ် ကျွမ်းပင်ဆင်းလာ၏။ ကျန်းလီသည်း မြေပေါ် ဆင်းလာကာ ခါးကို ရှေ့သို့ဆန့်ထုတ်ကာ ထားလိုက်သည်။

ထိုစဉ် အရိပ်တစ်ရိပ် လှစ်ခနဲလွှားဝင်လာသည်၊ ထိုအရိပ်မှာ အလွန်ပေါ့ပါးသော အရိပ်ပင်။

ရုတ်တရက် လူရိပ်သည် မိချောင်းဝမ်ပေါင်ထံ လွှားဝင်လာကာ အိတ်ထဲမှပေါ်လာသော စာအုပ်ကလေးအား ဖျတ်ခနဲဆွဲယူလျက် မြားတစ်စင်းပမာ ထွက်ပြေးသွားလေသည်။

'ဟင်'

ဝမ်ပေါင်မှာ လွတ်ခနဲ အံ့အားသင့်သွားသည်။

သူ့အိတ်ထဲမှ သိုင်းကျမ်းကို လူငယ်တစ်ယောက်က ရုတ်တရက် အလစ်နှိုက်ကာ ထွက်ပြေးသွားခဲ့ပြီ မဟုတ်ပါလား။

ကျန်းလီလည်း မိကျောင်းကဲ့သို့ အံ့အားသင့်သွားသည်။

အမှန်တော့ ဝမ်ပေါင်သည် လေထဲမှနေ၍ မြေပေါ်ကို ကျွမ်းပစ်ကာကျလာစဉ် သိုင်းကျမ်းမှာ အိတ်ထဲမှ တစ်ပိုင်းတစ်စ ပေါ်ထွက်နေခြင်းဖြစ်သည်။



ဆက်လက်၍ ကျန်းလီနှင့်တိုက်ခိုက်၍ ဘာအကျိုးရှိမည်နည်း၊ သူခိုးရှိခဲ့သောသိုင်းကျမ်းကို အလစ်နှိုက်ယူသွားသည့် သိုင်းသမားနောက်ကို တရကြမ်း ပြေးလိုက်သွားလေတော့သည်။

ကျန်းလီမှာလည်း မိကျောင်းနောက် အလျင်အမြန်ပြေးလိုက်တော့သည်၊ သူသည် တောထဲတွင် တောင်များအား ဖြတ်ကျော်စဉ် ရုတ်တရက် ညည်းသံကိုကြားရသည်။

ကျန်းလီမှာ ကြင်နာတတ်သော သိုင်းသမားတစ်ယောက်ပီသစွာ အသံကြားရာဆီသို့လှည့်၍ပြေးလာသည်။

တောအုပ်၏ ကွက်လပ်မြေပေါ်တွင် လူတစ်ယောက် လဲကျနေသည်ကို တွေ့ရသည်။

သေသေချာချာကြည့်လိုက်သောအခါ အန်ချီဖြစ်နေသည်ကိုတွေ့ရသည်။

အဘွားအိုရုပ်ဖျက်ထားသော အန်ချီ၏မျက်နှာမှာ သွေးတွင်ကွာကျလျက်ရှိကာ ခါးဒဏ်ရာကြောင့် ညည်းညူလျက်ရှိသည်။

ကျန်းလီ အလျင်အမြန်ပင် သွေးထွက်များသော သူမ၏ ပခုံးမှဒဏ်ရာကို ခါးစည်းပဝါနှင့် စည်းနှောင်ပေးကာ သွေးသွေးတိတ်ဆေးတစ်လုံးကျွေးလိုက်သည်။

အန်ချီက မျက်စိများဖွင့်ကြည့်လိုက်သည်။

'မင်း မင်း ဘယ်သူလဲ'

'ကျွန်တော် ဘောင်ပေါ်ကဆင်းလာတဲ့ အဖြူရောင်သိုင်းသမားပါ'

'အင်း အင်း'

သူမသည် မျက်စိကိုပြန်မှိတ်လိုက်သည်၊ သူမရရှိထားသော ဒဏ်ရာမှာ သေးလွန်းကာ ဖြူဖတ်ဖြူရော်ရှိနေ၏။

'ငါသေတော့မယ်၊ ငါသေတော့မယ်'

'ခင်ဗျားမသေအောင် ကျွန်တော်ပြုစုပါ့မယ် ပိတုံးမယ်'

'အင်း စိတ်ကောင်းရှိတဲ့လူငယ်ပါလား၊ မင်းလဲ သိုင်းကျမ်းနောက်လိုက်သလား'

'ဟုတ်ကဲ့'

'မင်းကိုမှန်တာပြောခဲ့မယ်၊ မဟာမိတ္တာဂိုဏ်းခွဲ ကိုယ်တော်ဂိုဏ်းကပါ၊ မဟာပေးတဲ့ တာဝန်အရ လုပ်ကိုင်နေရတယ်၊ ဒီသိုင်းကျမ်းကို မပြောမယ် ဒီ သိုင်း သိုင်း ကျမ်းဟာ'

သူမ အနည်းငယ်သာစကားပြောနိုင်သည်၊ အားယူပြောနိုင်ခြင်းမှာလည်း ကျွန်းလီ၏သွေးတိတ်ဆေး တန်ခိုးကြောင့်ပင်တည်း။



နောက် ပြောသည့်စကားများ မပွင့်တပွင့်နှင့် လျှို့ဝှက်စကားလုံးများပင်၊ ထိုစကားများကို ကျွန်းလီကြားလိုက်ရသောအခါ ရင်ထဲစိမ့်ကာ မျက်စိပြူးသွားသည်။

အန်ချီသည် သူမပြောချင်သောလျှို့ဝှက်စကားများကိုပြောလိုက်ရသဖြင့် ရင်ထဲရှင်းသလို ပြုံးလိုက်လေ၏။

'လိမ္မာတဲ့လူကလေး မင်း မင်း မမပြောတာကိုယုံပါ၊ ဆက်ပြီး မကြိုးစားပါနဲ့ကွယ် အင့်'

သူမသည် ပြောရင်း ပါးစပ်ထဲမှ သွေးများအန်ကျလာသည်။

တကယ်တော့ သူမရရှိသည့် ဒဏ်ရာမှာ ကြေးစားမားသမား ဝမ်ပေါင်၏လက်ချက်ပင်၊ ဒဏ်ရာကပြင်းသည် မည်သို့မျှကုရတော့မည်မဟုတ်မှန်း ကျွန်းလီကသိလိုက်၏။

'ဝေါ့'

အန်ချီပါးစပ်က သွေးများအန်လာပြီး ဇက်ကျိုးကာ ငြိမ်သက်သွား၏၊ ကျွန်းလီက တိတ်ဆိတ်နေသော ဝန်းကျင်တစ်ခုလုံးအား ကြည့်မိ၏။

လဝင်သွားပြီ၊ အမှောင်ရိပ်လွှမ်းသွားပြီ၊ အမှောင်ရိပ်လွင့်ပြေး၍ အဖြူရောင်သမ်းလာကာနီးပေပြီ၊

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံကို မနီးမဝေးက ကြားရသည်။

'ကျလောက် ဂျလောက်'

ရထားတီးသံပေါ်လာသည်၊ ခရီးသည်များ ထွက်စပြုပြီ၊ ကျန်းလီက အန်ချီအလောင်းကို တောင်ကုန်းလေးပေါ် ရွှေ့ပြောင်းထားသည်၊ သို့မှသာ လူမျက်စိကျသားများ လာရောက်ယူကြမည်ပင်။

မိုးလင်းကာနီးပြီ၊ ကြက်ဘွန်သံနှင့်ငှက်အော်သံများကြားလာရသည်၊ ကျန်းလီလည်း သူတည်းခိုသောရွာလေး၏ စားသောက်ဆိုင်သို့ အမြန်ဆုံးပြေးလာလေသည်၊

စားသောက်ဆိုင် ပြန်ရောက်သောအခါ လင်းရောင်ခြည် သမ်းစပြုပြီ၊

ကျန်းလီ ပြဘင်းပေါက်မှလှသွားဝင်ကာ အခန်းကို လာခဲ့သည်၊ တစ်ညလုံးပင်ပန်းသည်ကိုအနားယူရန် ခုတင်ပေါ်လှဲချလိုက်ရာ အိပ်ပျော်သွားသောဘော၏၊



ကြေးစားခေါးသမား မိကျောင်း သူ့အိတ်ထဲက နှိုက်ယူပေးလာ သိုင်းသမားနောက်ကို ပြေးလိုက်ခဲ့သော်လည်း တော ထဲမှာပျောက်ကွယ်သွားသဖြင့် စိတ်ဓာတ်ကျသွားရသေသည်။

သူရောက်နေသည့်နေရာမှာ မြို့ကလေးတစ်မြို့နှင့်နီးလျက်ရှိပြီး ရှေ့ခရီးမှာ နယ်ခြားဒေသနှင့်နီးသော တောင်အသွယ်သွယ်ကို မြင်နေရသည်။

နေဝန်းပင်ထွက်လာပြီဖြစ်သည်၊ ဝမ်ဓောင်သည် သူရလိုက်သော သိုင်းကျမ်းနှင့်ပတ်သက်၍ သူ့ထံမှအလစ်သုတ်သွားသော သိုင်းသမားအား တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်ထားသည်၊

တို့နောက် တောင်ကုန်းပေါ် သို့တက်လိုက်သည်၊ နောက်ဝန်းကျင်ကို မျှော်ကြည့်လိုက်သည်၊ ချောင်းကလေးတစ်ချောင်း ဒရယ်တစ်အုပ် ရေသောက်ဆင်းနေသည်၊ဝမ်းဗိုက်က တကျိုကျိုမည်နေလေပြီ၊

ရုတ်တရက် ခြေတစ်ချက်ဆောင့်ကာ ဒရယ်အုပ်ထံသို့ ခုန်တစ်ကောင်ပမာ ဆင်းခဲ့သည်။ ဒရယ်များ ရုတ်ရုတ်ရက်ရက်ဖြစ်သွားသည်၊

'ရှမ်း'

'ဝိုး'
'ဒုတ် ဒုတ်'

ဒရယ်ပေါက်တစ်ကောင်မှာ မိကျောင်း၏မွားချက်ကြောင့် လည်ပင်းကို ထိမိသည်။

သူသည် သေဆုံးသည့် ဒရယ်ပေါက်လေးကို အလျင်အမြန်ဖျက်၍ မီးကင်သည်။

နံနက်စာ အတွက် မပူရတော့၊ သိုင်းကျမ်းနောက်ကို ဆက်လိုက်ရန် ပြင်ဆင်သည်၊ ထိုအခိုက် သူ့ထံ လူတစ်ယောက် ပြေးဝင်လာသည်ကို တွေ့ရသည်။

'မိကျောင်း'

'ရှေ့ဆုံးကလူက လှမ်းခေါ်သည်၊ ထိုလူသည်အနက်ရောင် ဝတ်ရုံကိုဝတ်ထားပြီး ခမောက်ဆောင်းလျက်ရှိ၏။

သူတို့သည် သိမ်းငှက်တောင် သိုင်းသမားများဖြစ်ကြ၏၊ စုစုပေါင်း ငါးဦးဖြစ်သည်။

မကြာမီအနီးသို့ရောက်လာကြ၏၊ ခေါင်းဆောင်လုပ်သူက အသက်လေးဆယ်နီးပါးရှိမည်။

'ဟာ ဆရာကြီး ချီတို့အဖွဲ့ပါလား'



'အေး မင်းသိုင်းကျမ်းရသွားတယ်ဆိုတဲ့ သတင်းကြားကြားခြင်း ခေါင်းဆောင်ကြီးက တို့ကိုအမြန်လွှတ်လိုက်တာပဲ'

ဂမ်ပေါင်က အန်ချူထံမှ တိုက်ခိုက်ရလာပြီးမှ သိုင်းသမားတစ်ဦးက လမ်းမှဆီး၍ တိုက်ခိုက်လိုက်သဖြင့် တိုက်ခိုက်နေစဉ် အမည်မသိ လူငယ်တစ်ဦးက ကြားဖြတ်လုယူ ပြေးကြောင်း ပြောလိုက်သည်။

'အေး ခေါင်းဆောင်ကြီးက မင်းထံက သိုင်းကျမ်းယူဖို့ တို့ကိုလွှတ်လို့ ရှာပြီးလိုက်ခဲ့ရတယ်၊ သိုင်းကျမ်းကို သုံးရက်အတွင်း မင်းရအောင်ရှာပေတော့၊ ခေါင်းဆောင်ကြီး ထံက မင်း ငွေယူပြီးပြီမဟုတ်လား'

'ဟုတ်တယ်၊ အခုပဲ အဲ့ဒီသိုင်းသမားနောက်ကို ဆက်လိုက်မလို့'

မိကျောင်းကြ ခပ်တင်းတင်းပြောသည်။

ထိုနောက် ဘောင်ကုန်းပေါ်မှလွှားဆင်း၍ အလျင်အမြန် ပြေးရာ သိမ်းငှက်တောင် သိုင်းသမားငါးဦး ငေးမောကာ ကျန်တော့သည်။

အမှန်တော့ ကြေးစားမိကျောင်းမှာ လူသတ်သမား မဟုတ်၊ သို့သော် သူလက်ခံရသောလုပ်ငန်းမျိုးတွင် လူသတ်ယူ၍ ရသည်ဖြစ်စေ ယူမည်သာဖြစ်သည်။

ငွေသုံပြီး သူကတာဝန်ကျေကျေဆောင်ရွက်မည်၊ ယခု သုံးကျပ်ရပြီးမှ တစ်ဦးသောသိုင်းသမားက အစ်ယူသွား ခြင်းအတွက် ထိုသိုင်းသမားကို အပြတ်ရှင်းရပေဦးမည်။

နှစ်ဦးစလုံး ရင်ဆိုင်တိုက်ခိုက်၍ အပိုင် ရယူ ခြင်း မှာ အကြောင်းမဟုတ်။

အလစ်သုတ်ခံရခြင်းမှာ ရှက်စရာလည်းကောင်းပါသည်။ လူကြားရှိမှတော့၊ ဝါရင့်သိုင်းသမားများအဖို့ ဤအဖြစ်မှာ တွေးလေ ရှက်စရာကောင်းလေပင်တည်း။

• • *



ပန်းဂါးပွင့်ဝိုက်ကြီးက ခေါင်းဆောင်အမျိုးသမီးကြီး ချန်ချိတစ်ယောက် ဇာတ်သိမ်းသွားကြောင်း သတင်းရလိုက်သည်။

သတင်းလာပို့သူကား သူမ၏အထူးသတင်းပေး တစ်ဦး ဖြစ်သည်၊

'သခင်မကြီး ပီတုံးမယ်ထံက သိုင်းကြမ်းကို ကြေးစား သမား မိကျောင်းရသွားတယ်၊ အခုသူက မြစ်ဆုံမြို့ဘက်ကို သွားနေတာတွေ့လိုက်ပါတယ်'

ပန်းဂါးပွင့်ခေါင်းဆောင် အမျိုးသမီးကြီး ချိန်ချိန်သည် ယုန်ဖြူဓားသမား အဘွားအိုကိုခေါ်လိုက်သည်။

ထိုအဘွားအိုက ပန်းဂါးပွင့်ခေါင်းဆောင် ချိန်ချိန်ကို ဦး ညွှတ်လိုက်သည်။

'သခင်မကြီး အကြောင်းထူးပါသလား'

'ကြေးစားသမားမိကျောင်းကို သိတယ်မဟုတ်လား'

'သိပါတယ် သခင်မကြီး'

ယုန်ဖြူအဘွား မိုးကျိုက မသိဘဲရှိပါမည်နည်း၊ ကြေးစား ဝမ်ပေါင်ကို သူမ ကောင်းကောင်းသိပါသည်။ အဆင့်မြင့် သိုင်းသမားတစ်ယောက်ပင်။

'အဲဒီနောက်ကို သိုင်းကျမ်းပါသွားတယ်၊ ကျွန်မတို့ လူစုခွဲလိုက်ကြမယ်၊ ကျွန်မကတစ်ဖွဲ့၊ အဘွားနဲ့ တိမ်ပြာတို့က တစ်ဖွဲ့၊ တိမ်နီနဲ့ တိမ်ဖြူတို့က တစ်ဖွဲ့'

ယုန်ဖြူအဘွား ပိုးကျိုက ခေါင်းညိတ်လိုက်သည်၊ ကျန်အဖွဲ့များကလည်း လိုက်ရန်အသင့်ဖြစ်နေသည်။

ထိုအခိုက် ပန်းဝက်ပါခြံကြီးဆီသို့ မြားတစ်စင်းလွှတ်သည့်ပမာ မြင်းတစ်စီးပြေးလွှားသလျက်ရှိ၏၊ မြင်းပေါ်တွင် အဖြူရောင်နှင့် အနီရောင် ခေါင်းစည်း၍ ကျောတွင် ဓားတစ်ချောင်းလွယ်ပိုးထားသော လူတစ်ဦးပါလာ၏၊

ဝက်ပါခြံစောင့်များက ထိုမြင်းစီးသမားကို သိကြသည်၊

သူ့အမည်မှာ သိုင်းလောကတွင်ထင်ရှားသော ငှက်နီကောင်းလီဆိုသူပင်၊ အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်ပြီး ပန်းငါးပွင့်ခေါင်းဆောင် ချိန်ချိန်နှင့် ရင်းနှီးသောသူဖြစ်၏၊

သူသည် သူရလာသော သတင်းများအား လာ၍ပေးခြင်းဖြစ်သည်၊ မကြာမီ ပန်းငါးပွင့် ခေါင်းဆောင် အမျိုးသမီးကြီးထံသို့ရောက်လာ၏။

သူက ဦးညွှတ် အရိုအသေပေးလိုက်၏။

'ဘာများအကြောင်းထူးသလဲငှက်နီ'

ခေါင်းဆောင်အမျိုးသမီးက မေးမြန်းလိုက်သဖြင့် သူက...

'သခင်မကြီးတို့ထံကလုသွားတဲ့ ပိတုံးမယ် အလောင်းကို မိစ္ဆာကိုယ်တော်ရဲ့ ဂိုဏ်းသားများက မြင်းရထားနဲ့တင်သွားတာတွေ့ရတယ်၊ ဒါလဲထူးခြားတာပဲ၊ သိုင်းကြမ်းကိုတော့ ကြေးစား မိခကျောင်းနောက်ပါသွားတယ်သိရတယ်'

'အေး တို့လဲအခုပဲလိုက်ဖို့အစီအစဉ်လုပ်နေတယ်၊ ဒီတော့ သခင်မကြီးနဲ့ ပညာသင်ဘက် ဟောဒီရွှေလိပ်ပြာကို မင်းက စောင့်ရှောက်ပြီးတော့ခေါ်သွားပါ၊ သခင်မကြီးက ကျားသစ်သုံးကောင်နဲ့ လိုက်ခဲ့မယ်'

ယခုဆိုလျှင် ပန်းငါးပွင့်ဂိုဏ်းမှ အမှတ်တစ် ယုန်ဖြူဝါအဘွားအို ပိုးကျိုနှင့် တိမ်ပြာချောချောတို့က တစ်ဖွဲ့၊

အမှတ်နှစ် တိမ်နီအဘွားအို ကျင်းကျင်းနှင့် တိမ်ဖြူသွေးစုတို့ကတစ်ဖွဲ့၊

အမှတ်သုံး ငှက်နီသိုင်းသမား ကောင်းလီနှင့် ရွှေလိပ်ပြာတို့က တစ်ဖွဲ့၊

အမှတ်လေး ပန်းငါးပွင့်ခေါင်းဆောင် သခင်မကြီးနှင့် ချိန်ချိန်၊ ကျားသစ်မ ရင်ဆန်း သုံးဦးကတစ်ဖွဲ့၊

စုစုပေါင်း လေးဖွဲ့ဖွဲ့၍လိုက်ရန် စီစဉ်ကြသည်၊

ပန်းငါးပွင့်ခေါင်းဆောင် အမျိုးသမီးကြီးချိန်ချိန်ကနံနက်စာအတွက် အမြန်ဆုံး အပြင်ခိုင်းလိုက်သည်။

အားလုံးစားသောက်ပြီးသည်နှင့် သတ်မှတ်ထားသော နေရာ မြို့နယ်များသို့ အမြန်သွားရောက်ရှာဖွေရန်အတွက် ပန်း

ဝက်ပါခြံကြီးအတွင်းမှ မြင်းများကိုဒုန်းစိုင်း၍ ထွက်သွားကြတော့သည်။

ငှက်နီသိုင်းသမား ကောင်းလီကား မြစ်ဆုံမြို့ကို သွားပြီး ရှာဖွေမည့် ယန်ဖြူအဘွားပိုးကျိုနှင့် တိမ်ပြာဓားအဘွားအဖွဲ့နှင့်အတူ တစ်ပါတည်းသွားပြီးမှ တောင်ပြာတောင်တန်းကြီးနှင့် ဆက်နေသော လင်းနို့တောင်တန်းဆီကို လမ်းခွဲထွက်ခဲ့၏။

လင်းနို့တောင်ခြေမှ လင်းနို့မြို့လေးမှာ အနောက်ဘက်ကို သွားသော လမ်းမကြီး တစ်လမ်းပေါ်တွင် ရှိနေ၏။

အနောက်ဘက် ဝါးတောင်၊ ကျောက်နီတောင်များမှ ကျောက်စိမ်းများ၊ ရွှေများထွက်သဖြင့် ကုန်သည်များ၊ ကျောက်တူးသူများ၊ ရွှေရှာသမားများနှင့် အလွန်စည်ကားလျက်ရှိနေလေသည်။

ထိုလမ်းမှသွားလျှင် အနောက်ပင်လယ်ကမ်းရိုးတန်း ဒေသဘက်ကို ရောက်သွားနိုင်ပြီး တောင်ဘက်ဒေသကို သင်္ဘောများ၊ လှေများနှင့် ဖြတ်သန်းသွားနိုင်သလို အခြားတိုင်းနိုင်ငံများကိုလည်း သွားရောက်နိုင်သည်။

ငှက်နီကောင်းလီ တွေးမိသည့်မှာလည်း မဆိုးလှပါ၊ သူက မကြာမီ လင်းနို့မြို့လေးရောက်မီ တောရွာလေးတစ်ရွာသို့ ညနေစောင်းတွင် ရောက်ခဲ့၏။



ထိုရွာလေးတွင် မိကျောင်းမှာ တို့ဟူးကြော်ဆိုင်တွင် စားသောက်နေရာက ပန်းဝါးပွင့်ဂိုဏ်း၏ အဆက်အသွယ် ငှက်နီနှင့် ပန်းဝါးပွင့်ဂိုဏ်းဝင် ရွှေလိပ်ပြာတို့အဖွဲ့ ရောက်လာသဖြင့် အလျင်အမြန်ပင် မြင်းပေါ်သို့ လွှားတက်ကာ ဒုန်းစိုင်းခဲ့၏။

ငှက်နီကောင်းလီသည် မိကျောင်းဝမ်ပေါင်မြင်းစီးပြေးသည်ကို အဝေးမှ တွေ့လိုက်ရသဖြင့် ကဆုန်စိုင်း၍ လိုက်ခဲ့၏။

ထိုအချိန်မှာ ယန်ဖြူအဘွားနှင့် တိမ်ပြာအဘွားတို့သည် မိကျောင်းတစ်ယောက် လင်းနို့တောင်မှာရှိနေကြောင်း သတင်းရလိုက်သဖြင့် အလျင်အမြန် လိုက်ခဲ့ကြသည်။

ကြေးစားသိုင်းသမား မိကျောင်းသည် တောအုပ်ထဲကို ပြေးဝင်လိုက်ကာ မြင်းကိုတစ်နေရာတွင် လွှတ်ထားခဲ့ပြီး သစ်ပင်ပေါ်ကို လွှားတက်လိုက်သည်။

နောက်ကလိုက်လာသော ကောင်းလီကား အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်ပြီး မိကျောင်း ပုန်းရှောင်နေသည်ကို ရိပ်မိလိုက်သည်။ သူသည် ဝန်းကျင်ကို အကဲခတ်၍ ရွှေလိပ်ပြာအား သစ်ပင်တစ်ဆီကို မျက်ရိပ်ပြလိုက်သည်။

ရွှေလိပ်ပြာအမျိုးသမီးက သစ်ပင်ပေါ်ကို လွှားခနဲခုန်တက်ကာ သစ်ရွက်များအုပ်နေသော သစ်ကိုင်းကြီးတစ်ကိုင်းဆီကို ကူးရန် ပြင်လိုက်စဉ်စွန်တစ်ကောင်ပမာ မိကျောင်းကပုန်းကွယ်နေသော သစ်ပင် သစ်ကိုင်းထက်က အခြားသစ်ပင်ဆီကို ကူးလိုက်ပြီး မြေပြင်ကို လွှားဆင်းလိုက်သည်။

'ရှမ်း'

မိကျောင်းက သူ့ခေါးကို ဆွဲထုတ်ပြီး ခေါးဦးကို ရှေ့သို့ညွှန်ထားလျက် ကောင်းလီကို မေးမြန်းလိုက်သည်။

'ငှက်နီ....ခင်ဗျားနဲ့ ကျွန်တော် ရန်ငြိုးမရှိဘဲနဲ့ ဘာဖြစ်လို့ ကျုပ်ကို တိုက်ချင်တာလဲ'

ငှက်နီခေါးသမားက ပြုံးပြီး....

'မင်းနဲ့ ငါ ရန်ငြိုးမရှိပါဘူး၊ ဒါပေမယ့် ပန်းငါးပွင့်ဂိုဏ်းသခင်မကြီးအတွက် အလုပ်လုပ်ပေးနေတဲ့ လူဆိုတော့ မင်းရထား တဲ့သိုင်းကျမ်းကို ငါ့လက်ထဲပေးပါ'

'အဲဒီသိုင်းကျမ်းက ငါ့လက်ထဲမရှိဘူး'

'မင်း လိမ်တာပဲ'

'တကယ်မရှိဘူး၊ သိုင်းသမားတစ်ဦးလက်ထဲ ရောက်နေပြီ'

'ဟင်း....မင်းလိမ်တာ'

'မလိမ်ဘူး'

'ပေးမလား'

'ရှိမှမရှိဘဲ ငှက်နီ'

'ဟေ့ကောင် ဘာလိမ့်ထုန်းရှိသေးလဲ'



'ရှမ်း'

'ချွမ် ချွမ်'

ကောင်းလီက ခေါးကိုဆွဲထုတ်၍ စင်ရော်အစာသုတ် ခုတ်ချလိုက်သည်၊

မိကျောင်းက ခေါးကို ကန့်လန့်ခံပြီး လှန်၍ပက်ထုတ်ပြီး ခေါးဦးနှင့် ငှက်နီရင်ညွှန့်ကို ထိုးချသည်၊ သူက ခေါးဦးနှင့်ခံ၍ ပူးကပ်ပြီး မိကျောင်းခေါးဆီကို အဘွင်းအားနှင့်ဖိကပ်ထားလိုက်သည်။

သို့သော် သူ၏အတွင်းအားနှင့် မတိမ်းမရိမ်းရှိနေရာ လမ်းတစ်ဝက်မှာပင် အထက်မရောက် အောက်မရောက် ရှိနေသည်။

ဘေးမှ ပွဲကြည့်မရိသတ်အဖြစ်ကြည့်နေသော ရွှေလိပ်ပြာက ဝင်ရောက်တိုက်ရန် အသင့်ရှိနေသော်လည်း ကောင်းလီက တားထားသဖြင့် ဘေးမှပင်ကြည့်နေ၏။

ထိုစဉ် မိကျောင်း အကြံဘစ်ခုရလိုက်၏။ သူ့ခေါးကို အပေါ်မှဖိ၍ ဆွဲကပ်ထားသော ကောင်းလီ၏ခေါးအား လျှော့ပေးလိုက်၏။

ထိုအခါ ကောင်းလီခေါးနှင့် လူကအရှိန်နှင့် အောက်ကို ဒိုက်ကျလာစဉ် မိကျောင်းက သူ၏ခြေအစုံနှင့် ကောင်းလီအား ကန်ထည့်လိုက်၏။

'ပုန်း'

'အင့်'

ကောင်းလီ အလစ်ခံလိုက်ရသည်နှင့် လှင့်ထွက်ကာ ရွှေလိပ်ပြာတစ်ကောင်ဝဲသလို ဝဲဆင်းကာ သူ၏ခါးနှင့် ခုတ်ချလိုက်လေ၏။

'ချွမ်....'

'ထန်း....'

ရွှေလိပ်ပြာခါးကွက်မှာသည်း ခေသည်မဟုတ်ပေ၊ သူမသည် ပန်းငါးပွင့်ခေါင်းဆောင် အမျိုးသမီးကြီး ချိန့်ချိန်နှင့် အတူ မြောက်တက် ဘောင်သုံးတောင်တွင်နေထိုင်သည့် ဘွားဘွားဟာဘွင် ပညာသင်ခဲ့သူပင်။

ထို့ကြောင့် ပန်းလိပ်ပြာ ဘွားဘွား၏ ခါးကွက်ကိုမှသူ ဖြစ်၍ သူမ၏ခါးချက်များကလိပ်ပြာတောင်ခတ်သလို တချွမ်းချွမ်းမြည်နေတော့၏။

သူမ လိပ်ပြာလီလူး ပန်းခြွေခါးကွက်များကို တစ်ကွက်ပြီးတစ်ကွက် တိုက်ခိုက်လိုက်သည်။

လိပ်ပြာတောင်ဆင်း၊

လိပ်ပြာတောင်တက်၊

'လိပ်ပြာပန်းခြွေ၊

လိပ်ပြာအရိပ်ဖက်၊

လိပ်ပြာတွင်းဝင် တွင်းထွက်။



စသည်နှင့် ခါးကွက်များကို တစ်ကွက်ပြီးတစ်ကွက်သုံး၍ တိုက်နေသဖြင့် ကြေးစားမိကျောင်းက ဆုတ်ခံတိုက်နေရ၏။

ခါးသံများ ဆူညံနေစဉ် ကောင်းလီမှာ မိကျောင်း၏ ကန်ချက်အထိနာသွားသဖြင့် ဒေါသဖြစ်ကာ ထလာခဲ့သည်၊

သူသည် မိကျောင်းက လုံးဝအလွတ်မပေးတော့တဲ့ အသေ သတ်ပစ်ရန် ဆုံးဖြတ်သည်၊

သူ၏ခါးကိုထုတ်၍ ဝမ်ပေါင်နောက်သို့ ခုန်ဝင်သွားတော့သည်၊ သူက လျှင်တင်ပြက်ခုတ်ချလိုက်လေသည်၊

သူ့ခါးအား ခါးတစ်ချောင်းက ရုတ်တရက် ကန့်လန့်ဖြတ်ခံထားလိုက်၏။

အကယ်၍ ထိုခါးမခံလိုက်လျှင် မိကျောင်းမှာ လည်ပင်းသို့ထိမိသည်မှာသေချာ၏၊ ယခု ကောင်းလီ၏ သုံးလက်မလောက်အလိုတွင် ခါးတစ်ချောင်းက ဖြတ်၍ကန့်လန့်ခံထားသည်နှင့် မိကျောင်းသက်သာသွားသည်။

ဝမ်ပေါင်သည် လေထဲကို ခုန်တက် လိုက်သော် လည်း အမည်းရိပ်တစ်ရိပ်က သူ၏အင်္ကျီစကိုဆွဲချလိုက်ကာ လက်ဝါးစောင်းချက် ရိုက်ထုတ်လိုက်သည်။

'ဝုန်း'

မိကျောင်း မြေပေါ်ကိုလိမ့်ထွက်သွားသည်၊ ကန့်လန့်ခံ၍ အတွင်းအားနှင့်ရိုက်ထုတ်လိုက်၏။

'ရုန်း'

'အား'

ဝမ်ပေါင် မြေပေါ်သို့ လိမ့်ထွက်သွားသော ဓားနှင့် တန့်လန့်ခံကာ အတွင်းအားနှင့်ရိုက်ထုတ်သူကား ယုန်ဖြူ ဘွားဘွား ပိုးကျိုပင်ဖြစ်တော့၏၊

ဝမ်ပေါင် မြေပေါ်ကိုကျရာက သွေးများ ပါးစပ်ထဲက ကျလာသည်၊ သည်တွင် ဒဏ်ရာရသွားပြီဖြစ်တော့သည်၊

သို့သော် ရရှိသောအတွင်းဒဏ်ရာမှာ ယုန်ဖြူဘွားဘွားက အတွင်းအားကို အစွမ်းကုန်မသုံးသေးဘဲ ရိုက်လိုက်ခြင်း ကြောင့်သာ ဤမျှခံရခြင်းပင်။

'ဟင် ဘွားဘွားလည်း ကျွန်တော့်နောက်လိုက်လာတာကိုး'

'အေး မိကျောင်း ဒီဘက်ထွက်သွားပြီဆိုတာ လမ်းမှာ သတင်းကြားတာနဲ့ ဘွားဘွားနဲ့တိမ်ပြာတို့ လိုက်ခဲ့ကြတာ'

ထိုအခိုက် ဝမ်ပေါင်သည် လဲကျနေရာမှ ဒယီးဒယိုင်နှင့် ထလာပြီး ပါးစပ်မှသွေးများသုတ်လိုက်သည်။

'အမေ'

မိကျောင်းဝမ်ပေါင်က ယုန်ဖြူအဘွားပိုးကျိုကို အမေဟု ခေါ်လိုက်သည်နှင့် အားလုံးအံ့သြကြသည်။



ပိုးကျိုက ဝမ်ပေါင်ကို တွဲယူလိုက်ကာ သူမ၏မျက်ဝန်း ထဲမှထွက်လာသောမျက်ရည်များ သုတ်ပစ်လိုက်၏၊

'သား မင်းရထားတဲ့သိုင်းကျမ်းကို အမေတို့ကိုပေးလိုက်ပါ'

ဝမ်ပေါင်က သက်ပြင်းကိုချကာပြောသည်၊ ပိုးကျို ဝမ်ပေါင်ပြောသည်ကို မယုံကြည်ပေ'

'မင်းဟာအတွင်းဒဏ်ရာရထားပြီ၊ အမေမရောက်ရင် မင်း သေမယ်၊ ဒီတော့ မင်းကညာချင်သေးတယ်၊ အမြန်ထုတ် ပေးလိုက်ပါ၊ မင်းဒဏ်ရာအတွက် အမေဆေးကျွေးလိုက်မယ်'

မိကျောင်းကပြုံးကာ....

'ကျွန်တော်မညာပါဘူး၊ ကျွန်တော့်တစ်ကိုယ်လုံး ရှာကြည့်ပါ၊ ပိတုံးမင်းထံက သိုင်းကျမ်းရခဲ့ပြီး လမ်းတစ်ဝက် အရောက်မှာ သိုင်းသမားတစ်ဦးနဲ့တိုက်ရတယ်၊ တိုက်နေ တုန်းမှာ ဘယ်ကလူငယ်တစ်ယောက် ပေါ်လာတယ်မသိဘူး၊ ကျွန်တော့်ထံက နှိုက်ပြေးသွားခဲ့တယ်၊ ဒါကြောင့် ကျွန် တော်လိုက်ခဲ့တာပါ'

'မင်းအမှန်ပြောနေတာလား'

'အမှန်ပါအမေ'

ယင်းသို့ ဝမ်ပေါင်ကရှင်းပြသည်နှင့် အားလုံး ဟာခနဲ ဖြစ်တော့သည်။

ငှက်နီက....

'ဒါနဲ့ မိကျောင်းနဲ့ ဘွားဘွားက ဘာဘောင်သလဲ ရှင်းပါဦး'

'အို.... ဒါတွေရှင်းရင်ပြီးမှာ ဟုတ်ဘူး၊ သူကငါ့သားအရင်း ငါ့ထံကထွက်သွားတာကြာပြီ၊ ငါ့စကားလဲနားထောင်တာဟုတ်ဘူး၊ သူ့အဖေဟာ လူယုတ်မာသိုင်းသမားကြီးတစ်ဦးပဲ....

'တို့ကိုပစ်ပြီးတော့ ထားခဲ့တာကြာပြီ၊ တို့က အလယ်ပိုင်းဒေသကမဟုတ်ဘူး၊ တောင်ပိုင်းကပဲ၊ သူ့အပေရဲ့သတင်းနားထောင်ရင်း သိုင်းကျမ်းသတင်းရလို့ အလယ်ပိုင်းရောက်လာခဲ့တာ....

'ငါက ပန်းငါးပွင့်ဂိုဏ်းမှာဝင်နေပြီး၊ ငါ့သားကတော့ကြေးစားဓားသမား လုပ်နေတာကြာပြီ၊ တို့သားသမီးတွေပါ တောင်ပိုင်းကလာတုန်းက အတူတူပဲ၊ ဒီရောက်မှသူကလဲ ဖအေသတင်းနားထောင်မယ်ဆိုပြီး ခွဲထွက်သွားခဲ့တာကွယ်'

ထိုသို့ပြောရင်း အဘွားပိုးကျိုက ပုလင်းတစ်လုံးထုတ်ကာ အနီရောင်ဆေးနှစ်လုံးကို ဝမ်ပေါင်အား တိုက်လိုက်သည်၊

ထိုဆေးစားပြီးနောက် ခဏချင်းလန်းလာသည်။

ငှက်နီ၊ ရွှေလိပ်ပြာတို့တို့မှာကြေးစားဝမ်ပေါင်ကိုအောင်းပန်လိုက်ကြသည်။



ဝမ်ပေါင်က....

'ဒီကစ်ခါ ကျွန်တော်လဲ တော်တော်အရှက်ကွဲသွားတယ်၊ သိုင်းသမားလုပ်နေပြီး အလစ်မှာခံလိုက်ရလို့ မကျေနပ်ဘူး၊ ကျွန်တော့်ကိုလဲ သိုင်းကျမ်းရတယ်ဆိုပြီး အန္တရာယ်ပေးကြမှာ သိပါတယ်၊ အခုတော့ အမေနဲ့ကိုလာပြီး တိုးတော့တာပဲ'

ပိုး[illegible]က...

'ကဲ မေမေတို့မှာလဲတာဝန်ရှိသေးတယ်၊ သိုင်းကျမ်းမရရင်မဖြစ်ဘူး ဆက်လိုက်ရမယ်၊ သားနဲ့မေမေ ကျားပင်မြို့မှာပြန်တွေ့ကြမယ်၊ မေမေလဲသားနဲ့အတူမခွဲဘဲနေချင်ပြီ'

'ကျွန်တော်လဲတာဝန်နဲ့ပါအမေ၊ ကျွန်တော်လဲ ဆရာကြီးအတွက် ဆက်ပြီးလိုက်ရဦးမယ်'

'အာကယ်လို့ အဲဒီသိုင်းသမားတွေ့ရင် တွေ့တဲ့အကြောင်းအမေ့ကိုသတင်းပေးပါ'

'ဟုတ်ကဲ့ပါအမေ'

ထိုစဉ် ငှက်နီကသတိရသလို....

'ဒါထက် အဘွားရှာနေတဲ့ သိုင်းသမားကြီးဆိုတာ ဘယ်သူလဲ'

'တောင်ပိုင်းမုတ်ဆိတ်လို့လဲခေါ်တယ်၊ တောင်ပိုင်းကျွန်းဘီလူးလဲခေါ်တယ်၊ သူက တရင့်အပြစ်ဒဏ်ခံရပြီး အပမ်းခံခဲ့

ရတယ်၊ အဲဒီထောင်ကနေ အပေါင်းအသင်းတွေနဲ့ထွက်ပြေးသွားခဲ့တာ ဆယ်နှစ်ကျော်ပြီ'

'ဒီအမည်မျိုးနဲ့ ဒီဒေသမှာ မရှိပါဘူး'

'ဒါတော့ အမည်တစ်မျိုးပြောင်းထားမှာပေါ့ကွယ်၊ သူ့ရဲ့ သိုင်းပညာကလဲ အလယ်ပိုင်းသိုင်းသမားတွေထက် အများကြီးသာတယ်ကွယ့်၊ ပြီးတော့တပည့်တပန်းလဲ ပေါတာပေါ့၊ ဂိုဏ်းတစ်ဂိုဏ်း ဆောင်နေမှာ သေချာတယ်'

ယုန်ဖြူအဘွားက ပြောက်လိုက်ပြီးနောက် မိကျောင်းကို ပန်းငါးပွင့်ဂိုဏ်းသို့ လာတွေ့ရန် မှာလိုက်သည်။

'ကျွန်တော့်တာဝန်ပြီးဘာနဲ့လာခဲ့ပါ့မယ် အမေ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

မိကျောင်းက ယုန်ဖြူအဘွားအား ရိုသေစွာကန်တော့ပြီးနောက် သူ၏မြင်းကိုဆွဲယူကာ အလျင်အမြန်ပင် ဒုန်းစိုင်းသွားတော့သည်။

ကောင်းလီ၏ စိတ်ထဲတွင် မိကျောင်း လက်ချက်ကြောင့် သေဆုံးသွားသော အန်ချုံအား မိစ္ဆာကိုယ်တော် ရှဲချိန်း၏ ဂိုဏ်းသားများက သယ်ဆောင်သွားခြင်းနှင့် ယုန်ဖြူအဘွားနှင့် မိကျောင်းတို့က သားအမိတော်စပ်ကာ တောင်ပိုင်းကျွန်းဘီလူးနောက် လိုက်ခဲ့ကြသည့်အတွက်. ပဟေဠိသဖွယ်ဖြစ်နေသည်။



သူတို့အဖွဲ့နှစ်ဖွဲ့သည် အနည်းငယ်တိုင်ပင်ပြီး နောက်တွင် ပန်းငါးပွင့်ဂိုဏ်းခေါင်းဆောင် ချိန်ချိန်နှင့်တွေ့ရန် အတွက် အမြန်ဆုံးလာကြသည်။

သူတို့သိကြသည်မှာ ဤမျှ လျှင်မြန်ဖျတ်လတ်ပြီး သူတို့လက်ထဲက သိုင်းကျမ်းကို လုယူသွားသော ပိတုံးမယ်အန်ချုံထက် ပို၍လျင်မြန်သူမှာ သိုင်းလောကတွင်အလယ်ပိုင်းဒေသမှ ရောက်လာသည့် 'လင်းယုန်မယ်'ဟုခေါ်သော သိုင်းပညာအဆင့်မြင့်သည့် အမျိုးသမီးတစ်ဦးသာ ရှိသည်။

လင်းယုန်မယ် စန်းစန်းက မည်သည့်နေရာတွင် ခိုအောင်းနေသည်ကို မသိရသော်လည်း မကြာမီ သိရပေတော့မည်။

ထို့ကြောင့် ယောက်ျားကလေးဟန် ဆောင်၍ မိကျောင်းထံမှ သိုင်းကျမ်းကို အလစ်နှိုက်ယူသွားသူကား သိုင်းသမားယောက်ျားကြီးတစ်ဦး မဟုတ်ဘဲ မိန်းမပျိုတစ်ဦးသာ ဖြစ်ရမည်ဟု ယုံကြည်လိုက်ပေသည်။

သူတို့ ပန်းငါးပွင့်ဂိုဏ်းအဖွဲ့များသည် မြစ်ဆုံမြို့တွင်ဆုံစည်းကြရန် တိုင်ပင်ထားကြသည့်အတိုင်း မြစ်ဆုံမြို့သို့ ခရီးနှင်လိုက်ကြတော့သည်။

* * *

နဂါးလက်သည်း ကျန်းလီမှာ အန်ချီဆီက စိတ်ပျက်စရာသတင်း ကြားရသဖြင့် ဆက်လက်ပြီး ခရီးထွက်လာခဲ့ရာ မြစ်ဆုံမြို့ကလေး မရောက်မီ မြင်းခွာသံအချို့ကို ကြားရသည်။

မြင်းရထားတစ်စီးနှင့် မြင်းရထားကို စောင့်ရှောက်ရန် လိုက်ပါလာသော သိုင်းသမားများကို တွေ့ရ၏။

ထိုမြင်းရထားအား ကျန်းလီက လမ်းဘေးဆင်းကာရှောင်ပေးသည်။

ထိုသော် မြင်းရထားမှာ ရှေ့ဆက်မသွားတော့ဘဲ လမ်းပေါ်၌ရပ်တဲ့ ရထားအထဲမှ အမျိုးသမီးတစ်ဦးနှင့် ကိုယ်ရံတော် အဘွားအိုတစ်ဦးတို့ မြင်းရထားပေါ်မှ ဆင်းလာကြသည်။

ဆင်းလာသူကို မြင်လိုက်ရသောအခါ ကျွန်းခင်မြို့တွင် တွေ့ခဲ့ရသော ကျောက်စိမ်းဂေဟာ သူဌေးကြီး၏ သမီး ကျောက်စိမ်းသခင်မ စင်းစင်း ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

ကျောက်စိမ်းသခင်မ စင်းစင်းက မြင်းရထားပေါ်မှဆင်း၍ အပြုံးပန်းလေးပွင့်ပြီး....

'အစ်ကို ဖေဖေ့ကို စိတ်နာသွားသလား၊ ဖေဖေ လုပ်ပုံကလဲ မကောင်းပါဘူး၊ ဒါကြောင့် ကျွန်မကိုယ်တိုင်တောင်း



ပန်ချင်လို့ လိုက်ရှာတာ၊ အခုတော့ အဖေသဲ နောင်တရသွားပါပြီ'

နဂါးလက်သည်း ကျန်းလီက ရယ်လိုက်ကာ...

'ကျွန်တော့်ကို တောင်းပန်စရာ မလိုပါဘူး၊ ကျွန်တော်က ဒုက္ခရောက်နေတဲ့သူကို ကူညီတာပါ၊ အဲဒီတော့ ညီမက တောင်းပန်မနေပါနဲ့တော့'

'ဘာပဲဖြစ်ဖြစ် ညီမကတော့ တောင်းပန်ရမှာပဲ၊ ညီမပေးတဲ့ လက်ဆောင်လေး လက်ခံသွားရင် ညီမ စိတ်ချမ်းသာပါပြီ'

သူမက ကိုယ်ရံတော်အထိန်းကြီးကို သေတ္တာလေးယူခဲ့ရန်ပြောလိုက်သည်၊ ကျန်းလီ မြင်းပေါ်က လှားဆင်းခဲ့ပြီဖြစ်သည်။

သည်တစ်ကြိမ်တော့ သူမငြင်းသာတော့ချေ။

ကျောက်စိမ်းသခင်မလေး စင်းစင်းကပေးသော လက်ဆောင်ကား ကျောက်စိမ်းနှင့်ပြုလုပ်ထားသော နဂါးရုပ်ပါသည့် လည်ဆွဲတစ်ခုပင်။

သူမသည် ကျောက်စိမ်းလည်ဆွဲကို လက်ဆောင်ပေးရာမှ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာကာ....

'အစ်ကို ညီမသွားမယ်နော်'

ကျန်းလီကား အမျိုးသမီးချောတစ်ဦးက သူ့အတွက်နှင့် ပတ်သက်၍ မျက်ရည်ကျသည်ကို ယခုတစ်ကြိမ်သာ သူ့တစ်သက်သာတွင် ကြုံရသေးသည်။

သူ့အသည်းနှလုံးသားများ တုန်ခါသွားရသည်၊

ဘာရသေ့ကြီးက....

'ဓားတစ်ထောင်က မင်းတစ်ကိုယ်လုံးကို နုပ်နုပ်စင်းလဲ မင်းမျက်ရည်မကျဘူး၊ မတုန်လှုပ်ဘူး၊ မင်းတစ်ကိုယ်လုံး မီးထဲပစ်ချလဲ မင်းအသည်းကြွေမှာမဟုတ်ဘူး မီးနဲ့တူတဲ့ မိန်းမတစ်ဦးရဲ့ မျက်ရည်စက်က မဟာသမုဒ္ဒရာကြီးထက် အင်အားကြီးတယ် ငါ့တပည့်၊ ဒီတော့ မိန်းမတွေကိုတော့ အတတ်နိုင်ဆုံးရှောင်ရလိမ့်မယ်'

ဘာရသေ့ကြီး ကွမ်းချင်း၏စကားများက အလွန်မှန်ကန်လှချည်လားဟု သူကတွေးရင်း ငေးနေမိသည်၊

လက်ဆောင်သေတ္တာလေးကို ဖွင့်နေမိစဉ် သူ့ကိုနှုတ်ဆက်၍ ကျောက်စိမ်းသခင်မ စင်းစင်း ထွက်သွားသည်ကို မျက်စိတစ်ဆုံး ကြည့်နေမိသည်၊—

'ဪ....သခင်မလေးရယ်'



သူ၏ရင်ထဲကသိပါသည်၊ စင်းစင်းဖခင်မှာ သူဌေးကြီး တစ်ဦးဖြစ်သည့်အားလျော်စွာ သူဌေးတစ်ဦး၏ သားနှင့်သာ လက်ဆက်ပေးမည်မှာမလွဲချေ။

သူလိုတောင်ပေါ်ကဆင်းလာသော အညတြ တောသား တစ်ဦးအား စိတ်ထဲပင်ထည့်မည်မဟုတ်။

လောဘ၏အလိုကို မတားနိုင်ဘဲ ရသမျှလိုချင်သောစိတ် ဆန္ဒများက ဖုံးလွှမ်းလျက်ရှိနေလေသည်။ စီးပွားရေးခေတ်အရာတွင် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ရှာဖွေစုဆောင်းလိုသော လောဘသားကောင်၊ ထိုလူမျိုး၏ သားသမီးဖြစ်ရသူများအတွက် အဘယ်မှာစိတ်ကောင်းရှိပါမည်နည်း။

တစ်နှယ်ခင် တစ်စင်ပါဆိုသကဲ့သို့ပင် ရွှေငွေရတနာသည်သာ အဓိကဖြစ်နေသည်။

ယခု ကျောက်စိမ်းသခင်မလေး စင်းစင်းအဖို့ ဤကဲ့သို့စိတ်ဓာတ်များမရှိသဖြင့် တော်ပေသေးသည်ဟု ဆိုရပေမည်၊

ကျန်းလီသည် မြင်းပေါ်ကို လွှားခနဲခုန်တက်လိုက်စဉ် မထင်မှတ်သောတစ်နေရာတောအုပ်အတွင်းမှ ဝှီးခနဲမြားသံ စင်း ပေါ်ထွက်လာလေသည်၊

ကျန်းလီ ချတ်ဘချက် သူ၏အင်္ကျီလက်စနှင့် ယမ်းခါထုတ်လိုက်သည်။

'ဖြန်း ဖြန်း ဖြန်း'

မြားသုံးစင်းဘေးကိုလွင့်သွားသည်။ တစ်ချိန်တည်းမှာပင် တဖျားဖျားဖျား ဟူသောရယ်သံနှင့်အတူ သစ်ပင်ပေါ်က တီလူးတစ်ကောင်ကဲ့သို့ လူတစ်ယောက် မြားနှင့်လေးကိုင်ထားသောလူတစ်ယောက် လမ်းပေါ်ခုန်ဆင်းလာသည်။

တီလူးကြီးလိုလူမှာ ကြီးမားသော ဓားမြှားကြီးတစ်လက်ကိုင်ထားကာ တဖျားဖျား ရယ်သလို သူ့တပည့် လူပုလေးကလည်း ရယ်သည်။

'မိတ်ဆွေလေး ပါသမျှကျုပ်တို့ အလှူခံပါတယ်'

ကျန်းလီ လူတီလူးကြီးကိုမြင်ကတည်းက အံ့ဩသွားသည်။

'ခင်ဗျားက ဘာလဲ'

'တို့က ဒီဘက်တောနဲ့ ဟိုဘက်တောင်မှာနေတဲ့ ကင်းမြီးကောက် ဓားပြဂိုဏ်းကွ၊ ဒီနေ့တစ်နေ့လုံးဘာမှမရသေးဘူး ခပ်စောစောက ဟိုကလေးမပေးသွားတဲ့ပစ္စည်း တို့လက်ထဲ လွှဲပြောင်းပေးလိုက်ပါ'

ထိုလူကြီးက လက်ဝါးဖြန့်ကာတောင်းသည်။



'နေပါဦး၊ ခင်ဗျားက ကင်းမြီးကောက် ဓားပြအဖွဲ့မှာ ဘာလဲ'

'ငါက ဒုတိယခေါင်းဆောင် တီလူး'

'ခင်ဗျားတို့ခေါင်းဆောင်ကရော'

'မင်းသိချင်ရင်ပြောပြမယ်၊ ကင်းခြေများ ခေါင်းနက်သို့ခေါ်တယ်'

'တယ်ဟုတ်ပါလား၊ ဒီလောကလူတွေအများကြီး ကောင်းကောင်း မွန်မွန် လုပ်ကိုင်စားပေ၊'

'အလိုလေး ဘုန်းကြီးနဲ့လာတွေ့နေပါလား၊ ကဲ မြန်မြန်ပေးစမ်း'

'မပေးရင်ရော'

'မပေးရင် မင်းငါ့ဓားကြည့်'

'ဟူး ဝိုး ဝိုး'

တီလူးကြီး သူ့ဓားပြားကြီးကို ဝေ့ယမ်းပစ်လိုက်ရာ လေပွေကြီးလာသလို သစ်ရွက်နှင်ပုန်များပါ တထောင်းထောင်း ထသွားသည်။

'ကဲ ကြာတယ်ဟေ့၊ မြန်မြန်မင်းသေတ္တာထုတ်စမ်း'

'မထုတ်နိုင်ဘူး'

'ဝုန်း'

'ဝှီး....'

'ဘီလူးကြီး လေထဲခုန်တက်ပြီး ကျန်းလီအား ဓားပြားကြီးနှင့်ခုတ်လိုက်သည်။

ကျန်းလီ လေထဲသို့လွှားတက်ပြီး သူ့ဓားပြားကြီးနှင့်ခုတ်နေသည့်ကြားမှပင် ဘီလူးကြီးဦးခေါင်းအား ခြေဖြင့်ကန်၍ ကျွမ်းဘစ်ပတ်ပစ်ကာ မြေပေါ်လွှားဆင်းသည်။

ကျန်းလီ ဒုတိယအကြိမ် ပြေးကန်လိုက်ရာ ဘီလူးကြီးမှာ အလစ်မိကာ အီးကနဲအော်လိုက်သည်။

သူသည်အလွန်ဒေါသဖြစ်ကာ ဓားပြားကြီးနှင့် တရကြမ်း လိုက်ခုတ်သော်လည်း ကျန်းလီ၏အကွက်ကိုပင် မထိချေ။

ကျန်းလီ လွှားကာခုန်လိုက်သည်နှင့် ဘီလူးကြီး နောက်ကျောကို အတွင်းအား လက်ဝါးပို့ကာ တအားထုချလိုက်သည်။

အလွန်ဗလကောင်းသော ဘီလူးကြီး အီးကနဲအော်ကာ မြေပေါ်လဲကျသွားသည်။



သို့သော် ချက်ချင်းပြန်ထကာ ခွေးကောင်သေပေတော့ဟု အော်၍ ဓားကြီးဒဝှေ့ကာ ပြေးလာပြန်သည်။

လမ်းတစ်ဝက်မှာပင် သူ့ထံသို့ လေးလံသောအရာဝတ္ထု တစ်ခုကိုင်ပစ်လိုက်ခြင်း ခံရပြန်သည်။

သေချာကြည့်လိုက်သောအခါ သူ့တပည့် လူပုလေးဖြစ်နေသည်ကို အံ့ဩစွာတွေ့ရ၏။

'ဟေ့ကောင် ဒီတစ်ခါ မင်းပြေးမလွတ်ဘူး'

'ကျုပ်မပြေးပါဘူး'

ကျန်းလီကပြောစဉ် သူက သူ့ဓားပြားကြီးကိုဝှေ့ကာ ဝင်လာပြန်သည်။

'ဝှီး....'

'ချွမ်း....'

'ထန်း....'

နဂါးလက်သည်း ကျန်းလီ၊ အတွင်းအားလှိုင်းပုကြီးကို ဓားတွင်ပို့ကာ ခံ၍တိုက်ခိုက်လိုက်သည်။

'ချွင်း ချွင်း'

သူ၏ဓားပြားကြီးမှာ အငွေ့တစ်ထောင်းထောင်းထကာ အပိုင်းပိုင်းပြတ်ထွက်သွားလေသည်။

သူ၏ဓားပြားကြီးနှင့် သူ၏ဓားကိုင်လက်မှာလည်း မိုးပေါင်သကဲ့သို့ဖြစ်သွားကာ အလွန် တိတ်လန့်သွားတော့၏။

'ဟင် ဒီကောင်လေးရဲ့အတွင်းအားက ကြောက်စရာကောင်းလှချည်လား'

ဘီလူးကြီး နှုတ်မှတီးတိုးရေရွတ်လိုက်စဉ်မှာပင် ကျန်းလဲမြင်းပေါ်လွှားတက်ကာ ဒုန်းစိုင်းသွားလေတော့သည်။

❁

## အခန်း ( ၁၄ )

အစကတည်းက အခုလိုရောင်ခြည်ဖြာ ဝေးရတနာနှင့် အတုမဲ့သိုင်းကျမ်း ပျောက်ဆုံးနေခြင်းနှင့်ပတ်သက်၍....

ကျန်းလီ ခရီးထွက်လာရသည်ကို စိတ်ထဲတကဲကဲကြွကြွရှိသည်မဟုတ်။

မိဘဆရာဟုဆိုအပ်သော မိုးရသေ့ကွမ်ချင်း၏အလိုဆန္ဒကို အလွန်မတန်ပြည့်ဝစေချင်သောကြောင့် ကျန်းလီက....

သည်ဓားနှင့် သည်ကျမ်းကို မိမိကိုယ်တိုင် ဤအလယ်ပိုင်းကို လာရောက်မွှေ့နှောက်ရမည့် အခြေအနေမှာရှိသည်။

မိုးရသေ့ကွမ်ချင်းအနေနှင့် ခံစားနားလည် ကြည့် လိုက်တော့လည်း သူ့အနေနှင့် သိုင်းလောကသားတို့၏ ဆွေတော်

နတ်သမီးတောင် စကြဝဋ္ဌာ သိုင်းဆရာကြီး အလိုဆန္ဒကို မလိုက်လျောလို၍မဖြစ် လိုက်လျောရမှန်း ကျန်းလီ ကောင်းကောင်းသိထားသည်။

ထို့ကြောင့် မြောက်ပိုင်းကသည် အလယ်ပိုင်းသို့ ရောက်ရှိခဲ့ရခြင်းပင်။

မြောက်ပိုင်း သိုင်းလောကကို ရှုပ်လှ ပွေလှမှတ်သည်၊ အလယ်ပိုင်း သိုင်းလောကသားတွေက ပို၍ပင်ရှုပ်ပွေလိမ်နေသလား ကျန်းလီ အတွေးရောက်လာပြန်သည်။

တော်သေးသည် ကျန်းလီသည် ဟိုမြောက်ပိုင်းကနေ အလယ်ပိုင်းကိုရောက်သည်နှင့် သိုင်းကျမ်းနှင့် ပတ်သက်သော သတင်းတွေက ဆီးကြိုနေသည်၊

တစ်ခုတော့ရှိသည် ရောင်ခြည်ပြာခေါးရတနာ အကြောင်းကိုမပြောကြ၊ သိသူပင်မရှိသလောက်ပင်။

သိုင်းကျမ်းအကြောင်းကိုကား အလယ်ပိုင်း သိုင်းလောကသားတွေ သိကြသည်၊ ပြောကြသည်။

အခုဆိုလျှင် အလယ်ပိုင်းသာမက မြောက်ရော တောင်ပါ ခြေရှုပ်နေကြပြီ၊

အတုမဲ့ကျမ်းမှာ နတ်မီးတောင်စကြဝဠာ သိုင်းသမားကြီး ဖုလုံကျ ပြောသည့်အတိုင်း လွန်ခဲ့သော နှစ်တစ်ရာ ခြသေ့



မင်းတောင် ချောဟုန်တီထွင်ရေးသားခဲ့သော ကျမ်းပင်ဖြစ်သည်၊

ကျန်းလီစုံစမ်းသမျှ သိုင်းလောကသားမဟုတ်သော ခြေရာကောက် သစ်ဖြုံချင်းစိန် ဆိုသူ ဘောမုဆိုးတစ်ဦး တောင်ကြီးပေါ်ရှိ ဂူကြီးတစ်ခုအတွင်းကို နယ်ကျွံပြီးရောက်သွားရာ ထူးခြားလောစာအုပ်တစ်အုပ်ကိုတွေ့ရှိခဲ့သည်ဟုဆိုသည်။

ထိုစာအုပ်ကား သိုင်းလောကဘွင် ရေပန်းစားနေသော အတုမဲ့ သိုင်းကျမ်း စာအုပ်ပင်တည်း၊

ထိုစာအုပ်အကြောင်းကိုသိထားသော သိုင်းသမား စွန်ရဲလက်သို့ မထမဆုံးရောက်ရှိခဲ့သည်။

သို့သော်....

စွန်ရဲမှ အတုမဲ့ သိုင်းကျမ်းစာအုပ်ကို လှန်လှောကြည့်ရုံအချိန်လောက်သာပိုင်ဆိုင်လိုက်သည်။

သူ့လက်ထဲက မီးလက်ဝါးဟုန်လျောက် ဆိုသူထွက်ပြေးသွား၏။

သူ့လက်ထဲ၌လည်း ထိုကျမ်းကို သူ တစ်ကွက်မှမဖတ်မဖတ်လိုက်ရ။

မဟူရာသိုင်းသမားကြီး ဟိုရွှေချန်းက အလစ်သုတ်သွားပြန်ပါကော၊

သူ့ထံမှ မုန်တိုင်းလိပ်ပြာ စွန်တိတ်လျှောင်က လုသွားပြန်သည်။

သူ့ထံတွင်လည်း ထိုကျမ်း အနေကြာသည်ဟု ဆိုနိုင်၏၊ တည်ငြိမ်မှုကား မရရှိတော့ပေ။

သိမ်းငှက်ဝှုကျင့်လက်ထဲသို့ ရောက်ခဲ့ပြန်သည်။

သည်လိုနှင့် အခုတော့လည်း ဘယ်သူ့လက်ထဲရောက်ရှိနေသည်ကိုမသိတော့ပြီ။

သတင်းကား မရတော့ပေ။

အခုလို အတုမဲ့သိုင်းကျမ်းတစ်စောင် ဆိုင်းဘလာကထဲရောက်ရှိလာခြင်းပင်လျှင် သိုင်းလောကသားတို့၏ ဘေးတစ်မျိုးကျရောက်ခြင်းသဘောကို ဆောင်သည်ဟု ပြောနိုင်သည်၊

အကြောင်းမူကား ကျန်းလီ အသယ်ပိုင်းကို ရောက်သည့်အချိန်၌ပင် ဝိသမလောဘတက်သူတွေအားလုံး အသက်ရှုံးဆုံးခဲ့ကြသည်မှာ မနည်းတော့ပြီ။

အချို့ကား အတွင်းဒဏ်ရာရကာ သိုင်းလောကထဲ ဝင်မဆန့်နိုင်သော အခြေအနေမျိုးရောက်ခဲ့သည်၊

ကျန်းလီပင်လျှင် မုဆိုးတစ်ယောက်အဖြစ် သက်မှတ်ကာ သိုင်းဂိုဏ်းတွေက လိုက်လံအစဖျောက်နေကြပြီဖြစ်သည်၊

အခုတော့မှ ကျန်းလီ ရှေ့တိုးရခက်၊ နောက်ဆုတ်ရခက်။



သည်အကြောင်း သခင်မလေး စင်းစင်းကို ပြောပြဖူး၏။ စင်းစင်းက....

'ဤကျမ်းနဲ့ပတ်သက်လို့ကတော့ အစ်ကို ရှေ့တိုးဖို့ထက်နောက်ဆုတ်ကာ ပိုလို့တောင်ကောင်းမယ်ထင်တယ်'

ဟုပြောဖူးသည်။

'ဒီတော့လဲ ကွမ်ချင်းနဲ့ နတ်မီးဘောင် စကြာသိုင်းတို့ကရှိသေးတယ်ညီမရဲ့၊ အစ်ကိုက ဒီကိစ္စအောင်မြင်အောင် ဆောင်ရွက်မယ်လို့ ကတိပေးခဲ့မိတာ'

'ဟုပြောသောအခါ'

'ဒီလောကမှာ ဘာကိုမှအပိုင်တွက်လို့မရဘူးလေ၊ ဒါတွေကိုလဲ သူတို့ကပို့ပြီး သိပါသေးတယ်'

ဟုပြောဆိုထောက်ပြလျှက်....

ကျန်းလီ တစ်အားရှိလာမိသည်။

ကွမ်ချင်းထံပြန်ပြီး လက်ရှိအခြေအနေကို ပြောပြရလျှင်ကောင်းမည်လား တွေးမိပြန်သည်။

သူ့ရဲ့ကောင်းဆိုတာမျိုးက ရှေ့တိုးဖို့ဘွက်သည်၊ နောက်ဆုတ်ဖို့မစဉ်းစား။

မည်သို့ဆိုစေ....

အခုအချိန်မှာတော့ ကျန်းလီသည် သခင်မလေး စင်းစင်းကို မတွေ့နိုင်။

သူက နဂါးသတ်သည်းကျန်းလီကို အမှတ်တရလက်ဆောင်အဖြစ် ပေးခဲ့သော နဂါးရုပ်ရွှေလည်ဆွဲ ရတနာကလေးကိုလည်တိုင်မှာရှိနေသည်ကိုသာ တကြည့်ကြည့်လုပ်ရင်း ကျောက်

စိမ်းသခင်မလေး စင်းစင်းနှင့် အတူနေ အတူသွားခဲ့ကြသော ပုံရိပ်များကို သတိရတမ်းတနေမိသည်။

'ဩော်....ကျောက်စိမ်းသခင်မလေး စင်းစင်းရယ်'

သိုင်းလောကသားတို့ဘဝမှာ ကိုယ့်ဘဝကိုယ် ပိုင်ကြသော ဘဝမျိုးမှ ဟုတ်ပါလေစဟုလည်း အခုတော့ကျန်းလီတွေးမိလာသည်။

နှလုံးသား ရင်ခုန်ခွင့်အချိန်မျိုးကိုပင် ရှိပိုင်ခွင့်မပေးတော့ဘူးလား'

'ဟုတ်တယ်၊ အခုနေများ ငါဟာ သိုင်းလောကဘဝက ထွက်ပြီး အေးချမ်းတဲ့အရပ်ဒေသ တစ်ခုခုမှာ စင်းစင်းနဲ့အတူ ဇာတ်မြုပ်နေလိုက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ'

အတွေးကား....

အတွေးမှာပဲ ရပ်နားရှုသွားသည်။ ရှေ့မဆက်၊ နဂါးလက်သည်းကျန်းလီ ဘာဆက်လုပ်မည်နည်း၊

❁

အခန်း (၁၅)

နှင်းမှုန်တို့က ပတ်ဝန်းကျင်တစ်ပြင်လုံးကို အဖြူရောင်ဇာပုဝါပါးဖြင့် လွှမ်းခြုံထားသကဲ့သို့ ဖြူရော်ရော်နှင့် အရာခပ်သိမ်းကို မပြတ်မသား ဖြစ်နေစေ၏။

အနီးတွင် နှင်းတွေကျနေ၍ လေနှင့်လွင့်ပါချင်ရာသို လွင့်ပါလျက်။

ကျန်းလီက ကင်းဘီလူးကြီး ဟန်ချောင်၏ ဓားကြီးက အငွေ့တထောင်းထောင်းထကာ ကျိုးကျသွားသည် အထိ အတွင်းအားကို ထုတ်သုံး၍တိုက်ခိုက်ပြီးနောက် မြစ်ဆုံမြို့လေးသို့ အရောက်လာခဲ့သည်။

'ခွပ် ခွပ်'

'ခွပ် ခွပ်'

သူသည် မြင်းကို ဒုန်းစိုင်း၍ စီးနှင်လာသည်။

အချိန်စော၍ ရောက်မည်အထင် ရှိသော်လည်း တကယ်တမ်း မြစ်ဆုံမြို့ကို ကျန်းလဲ ရောက်ရှိလာသည်မှာ ညနေပိုင်းအချိန်။

အအေးဓာတ်က ပိုကဲလာသည်။ နှင်းမှုန်တွေက အအေးပိုကဲလာသည့်အတိုင်း အေးစိမ့်၍လာသည်။

ပန်းငါးပွင့်ဂိုဏ်းမှ မိန်းကလေးတို့မှာ မြစ်ဆုံမြို့ကလေးသို့ ကျန်းလဲထက်စော၍ ရောက်နှင့်နေသည်။

အချိန်မှာ မှောင်စပြုပြီ။

ပန်းပေါင်းဝံ့ စားသောက်ဆိုင်လေးသည် အအေးဓာတ်ကို အကာအကွယ်ပေးနိုင်သော အုတ်တိုင်အဆောက်အဦး တစ်ခုဖြစ်သည်

သည်သည် အခရီးသွားခရီးသည်များနှင့် ပြည့်လျက်ရှိ၏၊ ခေါင်းဆောင်အမျိုးသမီးကြီးသည် သူ့လူများအတွက် အောက်ထပ် မြေအောက်တိုက်ခန်းကို ကြိုတင်ငှားထားသည်။

အခုတော့လည်း သူတို့ပန်းငါးပွင့် ဂိုဏ်းသားတွေအားလုံး စုစုဝေးဝေး ဆူဆူညံညံ။

ယုန်ဖြူအဘွားး၏ စကားဝိုင်းတွင် ဝိုင်းအုံ၍ နေကြသည်၊



သူက....

'တိုက်ခိုက်ခဲ့ရသေးတယ်လေ၊ လင်းယုန်မျက်လုံး အမျိုးသမီး ဝမ်ပေါင်ဆီမှ သိုင်းကျမ်းလုယူသွားတာ တွေ့လိုက်ရတယ်'

ပြောသည်။

ဘယ်သူသည်းမသိ။

'စန်းစန်းလျှ မဟုတ်သား၊ ဒီကောင်မက အလကြီးပဲ'

ဟု ဝင်ပြော၏။

နောက်တစ်ယောက်က ဆက်လက်ဖြည့်စွက်၏။

'အဲဒီကောင်မနောက် ကျွန်မတို့အဖွဲ့က ကျားသစ်မတော့ လိုက်သွားကြပါတယ်သခင်မကြီး၊ မကြာခင်သိရတော့မှာပါ'

ဟုပြောလိုက်လေသည်။

'လူတချို့က ပျံလွှားမလို့ ခေါ်ကြသေးတယ် မဟုတ်လား'

ချိန်ချိန်က ခွဲခွဲမ်းစိတ်ဖြာနေသည်။

'ပျံလွှားမလို့ ခေါ်ကြတာ နာမည်ပွားပါ သခင်မကြီး၊ သူ့ရဲ့ ကိုယ်ဖော့ပညာ အလွန်ကျွမ်းပြီး အလစ်သုတ်တဲ့ နေရာမှာ တစ်ဖက်ကမ်းခတ်တယ်လေ'

'ဩော်... ဩော်'

ထို့နောက် ဂိုဏ်းဝင်မိန်းကလေး တစ်ယောက်က ....

'ညစာ စားထားကြဟေ့၊ ဟိုက သတင်းလာတာနဲ့ချက်ချင်း ထလိုက်ရမှာ။'

ဟုပြောလိုက်လေသည်။

အမှန်တော့ ထိုစကားကို ချိန်ချိန် အမျိုးသမီးက တစ်စုံတစ်ယောက်ကို ပြောခိုင်းလိုက်ခြင်းပင်။

ထိုအချိန်တွင် ပန်းပေါင်းစုံ စားသောက်ဆိုင်ရှေ့တွင် မြင်းခွာသံ တစ်သံ ပေါ်ထွက်လာသည်။

နှင်းမှုန်ကြားမှ ကျန်းလီ ပေါ်ထွက်လာရာ ဆိုင်ခန်းတွင်းသို့ ဝင်လာခဲ့သည်။

အအေးခံအင်္ကျီပေါ် တင်နေသော အမှုန်အမွှားတွေကို လက်ဖြင့်ခါချလိုက်၏။

ဆိုင်အလုပ်သမားများသည် မီးများ ထွန်းညှိနေရသဖြင့် ဧည့်သည်ရောက်လာသည်ကိုပင် ဂရုမထားနိုင်ကြပေ။

ထို့နောက် လူသုံးယောက်ရောက်ရှိလာရာ ဆိုင်ခန်းထဲသို့ ကုတ်ချောင်းချောင်း ပြေးဝင်လာကြသည်။

သူတို့သည် အစိမ်းရောင် ကိုယ်ကြပ်အင်္ကျီနှင့် အဖြူရောင်ခေါင်းစည်းများကို စည်းထားကြသည်။



အမှန်တော့ ထိုသူသုံးယောက်သည် ယောကျ်ားသားများမဟုတ်၊ ယောကျ်ားလို ဝတ်ဆင်ထားသော မိန်းမလေးများသာဖြစ်သည်။

စင်စစ်၊

ပန်းပေါင်းစုံ စားသောက်ဆိုင်သည် ပန်းဂါးပွင့်ဂိုဏ်း၏ဆိုင်တစ်ဆိုင်ဖြစ်သည်၊ အများသိထားသည်မတော့မဟုတ်။

ထို့ကြောင့် အမျိုးသား အလုပ်သမားနည်းသည်၊ အမျိုးသမီးအလုပ်သမားများသည်။

စောစောက စားသောက်ဆိုင်ထဲသို့ ကျန်းလီနောက်က ဆက်လက်ဝင်လာကြသူ သုံးယောက်မှာ ကျားသစ်မ သုံးဖော်ဖြစ်သည်။

သူတို့သည် ကျန်းလီစားပွဲ တစ်ပွဲစာအကျော် နေရာရှိ စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

သည်တော့ တစ်ယောက်ကိုတစ်ယောက် ကြားသိမြင်နိုင်သော နေရာထိုင်ခင်းဖြစ်သွားသည်။

ဂိုဏ်းဝင်မိန်းကလေးတချို့ တစ်ဖက်ရှိ မြေအောက်ခန်းမှ တက်လာကြသောအခါ ကျားသစ်မ သုံးယောက်ကိုမြင်သည်။

မြင်သာသော်လည်းစကားမပြော၊ မသိကျိုးကျွံပြုနေ၏။ သူတို့အရိပ်အခြည်ကို ကျန်းလီက အရက်တစ်အိုး အဖော်ပြု၍ လေ့လာအကဲခတ်သည်။

ယိုစဉ် ခေါင်းဆောင်အမျိုးသမီးကြီး ချိန်ချိန် ဘိုနေရာသို့ လျှပ်လဲလျှပ်လီ ရောက်လာ၏။

သူက...

'ဘယ်လိုလဲဟေ့' ဟု အချက်ကိုသိထားပြီးသား သဘော မျိုးနှင့်မေးလိုက်သည်။

ကျားသစ်မတစ်ယောက်က....

'မြို့မြောက်ဘက် တောအုပ်ထဲမှာ' ပြောလေသည်။

'ဘယ်နှစ်ယောက်လဲ'

'အဘိုးအိုတစ်ဦးနဲ့ လင်းယုန်ငယ် စန်းစန်းလျှကိုပဲ တွေ့ ရပါတယ်'

'ဟိုတစ်ယောက်'

'ဘုတ်ကဲ့ သခင်မကြီး'

'ယုန်ဖြူအဘွားကိုသွားခေါ်စမ်း'

ချိန်ချိန်အမျိုးသမီးကြီးစကားကို မလွန်ဆန်ဝံ့၊ အမျိုး သမီးတစ်ယောက် ရုတ်ခနဲထပြေးသွားလေသည်။

ယုန်ဖြူအဘွားသည် စားပွဲများ လူများကိုတိမ်းရှောင်၍ ရောက်ရှိလာသည်။

ကျန်းလိသည် အရက်တစ်ခွက်ကိုမော့သောက်ပြီး ယုန်ဖြူ ဘွားဘွားကို တစ်ချက်အကဲခတ်လိုက်သည်။



'သခင်မကြီး အရေးကြီးလို့လား'

'အရေးကြီးတယ်၊ အခုအမြန်လိုက်သွား၊ တိမ်နက် တိမ် ဝါနဲ့ တိမ်ပြာကျားသစ်မတွေ ခေါ်သွား'

'ကောင်းပါပြီ သခင်မကြီး'

ယုန်ဖြူဘွားဘွားသည် ကျားသစ်မ သုံးဖော်ကို မေး တစ်ချက်ထိုးပြလိုက်ခြင်းဖြင့် သူ့နောက် လိုက်ပါလာစေ၏။

'ဝှစ်'

'ဟူး'

မကြာလှပေ၊ ပန်းပေါင်းစုံ စားသောက်ဆိုင်ခန်းရှေ့မှ မြင်းဟီသံ၊ မြင်းခွာသံများပေါ်ထွက်လာသည်၊ ယုန်ဖြူဘွား ဘွားတို့လူစု ထွက်ခွာသွားခြင်းပင်။

ထိုအချိန် အောက်ထပ်ခန်းမကျယ်အတွင်းမှ ဧည့်သည်များ စောစောကထက်များလှသည်၊ အပြင်တွင် အအေးဓာတ်ရ လာသည်နှင့် အတွင်းကို အားလုံးစုစည်းလာခြင်းပင်၊

ထိုအချိန် ပန်းငါးပွင့်ဂိုဏ်းမှ သခင်မလေးတစ်ဦး ခေါက် ဆွဲကြော်တစ်ပန်းကန်ကိုင်၍ အမျိုးသားဟန်ဝတ်ဆင်ထားသူ သုံးဦးကို လှမ်းပေးလိုက်လေသည်။

'ဝှစ်'

'ဟူး'

ခေါက်ဆွဲကြော်ပန်းကန်သည် မှောက်ကျမသွားဘဲ ပစ်သွင်းလိုက်သည့် အနေအထားအတိုင်း ဖြစ်သွားသည်။

အမျိုးသားဟန်ဆောင်ထားသော မိန်းကလေး တစ်ဦးအနက် တစ်ဦးက ပြေးဝင်လာသော ခေါက်ဆွဲကြော်ပန်းကန်ကို ဖျပ်ခနဲဖမ်းဆီးလိုက်သည်။

ချင်းချင်း ဝင်လာရာဘက်သို့ ပြန်လည်ပစ်သွင်းလိုက်၏။

❀

အခန်း ( ၁၆ )

'ဝှီး'

'ဝှစ်'

'ဟူး'

ဝဲ၍လာသော ခေါက်ဆွဲကြော်ပန်းကန်ကို စောစောက စတင်ပစ်သွင်းလိုက်သော မိန်းကလေးကပင် ပြန်လည်၍ ဖမ်းလိုက်လေသည်၊

'ဝှစ်'

'ဖလပ်'

ခေါက်ဆွဲကြော်တစ်ပန်းကန်ကို တစ်စားပွဲနှင့် တစ်စားပွဲ အပြန်အလှန် ပစ်သွင်းဖမ်းယူ ပြုနေကြသူများသည် သူတို့

အလုပ်သူတို့ သဘောကျကျ တဟားဟား ရယ်မောနေကြသည်။

သူတို့ကိုကြည့်၍ ကျန်းလီက စိတ်ထဲကြိတ်၍ ...

'ဒီလိုလုပ်ပြနေတော့ သူတို့မှာအခြား အကြောင်းတစ်ခု ရှိပုံရတယ်'ဟု အတွေးရောက်မိသည်။

ထိုအကြောင်း ဘာဖြစ်မည်ဆိုတာကိုလည်း ကျန်းလီ ရိပ်စားမိတည်၊ အတုမဲ့သိုင်းကျပ်နှင့်ပတ်သက်၍ လျှို့ဝှက်သော အကြောင်းတစ်ခု ရှိနေမည်မှာသေချာသည်။

မှန်သည်။

တစ်ဖက်မြေတိုက်အောက်ဘက်ခန်းတွင် ပန်းငါးပွင့်ဂိုဏ်းခေါင်းဆောင်တွေ ဘာလုပ်ပြီး ဘာတွေတိုင်ပင်နေကြသလဲ။

ကျန်းလီ သိချင်နေ၏။ အရက်ကမှူးအောင် လိုန်း၍ သောက်၏။ အမြီး ဝက်သားကင်သုတ်ကိုစားသည်မှာ နှစ်ပွဲရှိပြီ၊

သည်လိုအဝေးစခန်းက စားသောက်ဆိုင်ကလေးများတွင် တင်ရောင်းသော အသားဟင်းလျာများကလည်း တစ်ခါတစ်ခါ အမဲဟင်းလျာ ဟုတ်ချင်မှဟုတ်သည်ဟု ဆိုရိုးရှိဘူးသည်၊ ကျန်းလီကိုယ်တိုင် ကြုံဖူးသည်ကားမဟုတ် သူများပြောသည်ကို ကြားဖူးခြင်းပင်။



သူကိုယ်တိုင်ကြုံဖူးခဲ့သည်တော့မဟုတ်ပေ။

'ဟေ့ တူ တူ'

'ဟုတ်ကဲ့ လာပြီ'

'တူပေးပါဦး'

အခုလိုညဦးပိုင်း အချိန်မျိုးဆိုတာကတော့ စားသောက်ဆိုင်တိုင်း လူတွေစည်စည်ကားကား သိုက်သိုက်ဝန်းဝန်းရှိနေတတ်သည်သာဖြစ်သည်၊

မီးဖိုတွေ လေးဘက်လေးတန်မှာ

အလယ်၊ ထုတ်တန်းတွေမှာ

အတွင်းဘက်ကျကျ လူသွားစင်္ကြန်လမ်းမြောင်တွေမှာထွန်းညှိ ချိတ်ဆွဲထားသဖြင့် စားသောက်ဆိုင်ခန်းနေရာအနှံ့ လင်းနေသည်၊ အလင်းအားကောင်းလှသည်တော့ မဟုတ်ပေ။

စားပွဲတစ်လုံးမှ တူတောင်းသည့်အသံ ပေါ်ထွက်လာသောအခါ အခြားစားပွဲမှ ပြန်ဖြေသည့်အသံကို ပြန်ဖြေပြီး။

တူတစ်စုံ ကောက်ထုတ်၍ပေးလိုက်လေသည်၊

'ဝှစ်'

'ဟူး'

တူများကို တစ်နေရာထဲက ပစ်ဘင်လိုက်သည် မဟုတ် အဘက်ဘက်က တူကလေးတွေ ရှေ့ဆင့်နောက်ဆင့် တောက်ထုတ်ပေးလိုက်ခြင်း ဖြစ်လေရကား....

'ထန်း'

'ထန်း'

'ထန်း'

တူကလေးများကား အပေါ်သေသဲ၌ တစ်ခုနှင့်တစ်ခု ရိုက်ခတ်လှုပ်ရှားသွားပါလေတော့၏။

ပန်းငါးပွင့်ဂိုဏ်းက မိန်းကလေးတစ်ဦးက နှုတ်ခမ်းတလန် ပန်းတသန့်ဖြင့်...

'ဒါက သက်သက်ရန်စတာပဲ'

ပြောလိုက်သည်။

ထိုအခါ....

စားပွဲတစ်လုံးအတွင်ရှိနေသော အမျိုးသားများ အနက် အမျိုးသားများက....

'စိတ်မဆိုးပါနဲ့ဗျာ'

ဟု အော်ပြောသည်၊

နောက်တစ်ယောက်က....

'စိတ်ဆိုးရင် ထိပ်ထိုးခံရမယ်လေ ဟဲ ဟဲ့ ဟဲ'

ဟု မချိမချဉ်မျက်နှာကို စမ်ပြည်းပြည်း ပြောလိုက်သေးသည်၊

နောက်တစ်ယောက်က ဆံပင်ရှည်ရှည်နှင့်....

မျက်လုံးတွေက အရက်မူးနေသူပီပီ စင်း၍ကျနေသည်၊



ထိုသူက မျက်နှာကိုအောက်ချလျက်....

'ပြင်းလို့ အစ်ကိုတို့က ပြင်းလို့စတာပါ'

ဟု အသံဩဩလျှာလေးလေးဖြင့်ပြောလိုက်လေသည်၊

'သက်သက်စော်ကားတာပဲ'

'တိုက်ပွဲတစ်ပွဲကို ကြည့်ချင်းမှာပါလား' ဟု ကျန်းလိ သိ လိုက်သည်။

သူတို့ ရုတ်ရုတ်သဲသဲမဖြစ်မီ အမြီးတစ်ပွဲ ကြိုမှာသားလိုက်သည်၊

'ဘယ်သူလဲ အခုလာပြီးတောင်းပန်ပါ'

သည်အချိန်အထိ အခြေအနေပြောင်းလဲမှုမရှိ။ စားသောက်ဆိုင်ခန်းထဲတွင် ကိုယ့်စားပွဲနှင့် ကိုယ့်စားပွဲဝိုင်းရှိ၏။

စကားပြော၊ ရယ်မော ပြီးတော့မှ အမြီးကလေးဝါး လိုက်၊ အရက်ကိုမော့လိုက်။

တောင်းပန်ရမှာပေါ့ဗျာ'

စကားသံက တောင်းပန်ပါတယ် ဆိုပေမယ့် သူ့အသံမှာ ရိုတိုတိ လှောင်ချင်ချင်။

'ဒီကိုလာပြီးတောင်းပန်ရမယ်လို့ ပြောတယ်လေ၊ မကြားဘူးလား'

မိန်းကလေးတွေဘက်က ကျေနပ်လှသည်မထင်၊ ရွှေဆွေးကို ဗာရာဏသီ ချွဲချေပြီတကား။

သည်တော့ အမျိုးသားလိုဝတ်ဆင်ထားသူတစ်ဦးက ဝုန်းခနဲထ၍ မိန်းကလေးစားပွဲကို လာရပ်လိုက်ပြီး....

'ဝုန်း'

စားပွဲကို လက်ဝါးတစ်ဖက်နှင့် ရိုက်ချလိုက်သည်။အတွင်းအားသုံး၍ ရိုက်ချလိုက်သော လက်ဝါးရိုက်ချက်ဖြစ်သဖြင့်....

ထိုစားပွဲပေါ်တင်ထားသမျှ အရက်အိုးတွေ ဖန်ခွက်နှင့်အမြဲးဟင်းလျာ ပန်းကန်တွေ အထက်သို့ တစ်တောင်မက မြောက်တက်သွားပြီး ပြန်အကျတွင် အောက်ကျတာအောက်ကျ၊ တွဲထာချိုဖြစ်ကုန်၏။

'ခလွမ်း'

'ခွမ်း'

ထိုစဉ် မိန်းကလေးတစ်ဦးကို ဝုန်းခနဲထရင်ကာ အမျိုးသားဟန်ဝတ်ဆင်သူ မိန်းကလေးအား လက်ဝါးစောင်းနှင့်ရိုက်ချသည်၊

'ဝှစ်....ဝှစ်'

'ဟူး'

'ဖြောင်း'

တစ်ယောက်တစ်ပြန် တိုက်ခိုက်ကြ၏၊ သူတို့သိုင်းကွက်တွေက အဆင့်မြင့်လှသည်မဟုတ် ကျန်းလီက မှတ်ချက်လိုက်သည်။



သူတို့သည် တိုက်ခိုက်စဉ်ဘဝဌ်သာ တစ်ဦးချင်း တိုက်ခိုက်ခြင်းဖြစ်သည်။

သူတို့တိုက်ခိုက်နေကြသည်ကိုစားသောက်ဆိုင်ခန်းအတွင်းရောက်ရှိနေသူများက ကြားဝင်မဖြေသည့်အပြင် တစ်ဘက်မှရပ်၍အားပေးအားမြှောက် လုပ်နေကြသည်။

'ဟုတ်ပြီ ဒါမှ တို့ညီမကွ'

'တိုက် တိုက် လက်ဝါးစောင်းနဲ့ရိုက်'

နောက်ခြေတစ်ချက် ဘွင်းလိုက်ပါလား'

အမှန်တော့ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဟု ဆိုရိုးရှိသည်မဟုတ်လား'

ဤဒေသ....

ဤစားသောက်ဆိုင်မျိုးတွင် ဖခုလိုအလေ့အထမျိုးရှိနေကြဟန်တူ၏။

## အခန်း ( ၁၇ )

တိုက်ခိုက်ခြင်းရပ်နားသိုက်ချိန်တွင် အမျိုးသားဟန် ဝတ်ဆင်ထားသူ မိန်ကလေးက....

'ရှိင်းလှချည်လား'

ဟု မျက်နှာထားတင်းအင်းဖြင့်ပြောလိုက်လေသည်၊

မိန်းကလေးက...

'ရှိင်းရှိင်းပဲ'

ဟုပြောကာ အမြင့်ခုန် ခုန်ကာ တစ်ဖက်လူ၏ပါးကို ရိုက်ဟန်အပြု....

တစ်ဖက်လူက လက်ကို ဖျပ်ခနဲဖမ်းဆုပ်၍ အတွင်းအားသုံးကာ နောက်ဘက်တွန်းလိုက်သည်။



'အင့်'....

မိန်းကလေးနောက်သက် ခြေသုံးလှမ်းဆုတ်သွားရသည်။ အချိန်နှင့် နောက်ဘက်ရောက်သွားခြင်းပင်၊

'ဘာကိုချီးပစ် ရှောင်နေရသေးသယ်လို့'

'ပါးစပ်ပေါက်ကိုပိတ်ထား'

'မပိတ်ဘူးဟေ့'

ထိုသူက ပြေးရိုက်မည့်ပြုကာ ညာဘက်လက်ကို မြောက်လိုက်သည်။

'ဝှစ်'

'ဖွမ်'

'အား'

မြောက်ထားမိလျက်သား လက်သည် ပြန်မချမိဘဲ ဆောက်၍ မြောက်မြဲမြောက်လျက်....

လက်ကောက်ဝတ်တွင် လက်နက်ပုန်းတစ်ခု လာရောက်စူးစိုက်ဝင်သွားခြင်းပင်။

ထိုသူက ဆွဲ၍ထုတ်ကြည့်လိုက်ပြီး။

'ဟာ ဟာ ဆံထိုးလက်နက်ပုန်းပဲ'

ဟုသာပြောနေသည်။

ထိုသူက ဆံထိုးအပ်လက်နက်ပုန်းနှင့် ပစ်ခတ်တိုက်ခိုက်သည့်အကွက် ပြန်လည်ကလဲ့စားချေမည့် အနေအထားတွင် မရှိပေ။

သည်မှာ ပန်းငါးပွင့်ခေါင်းဆောင်ချိန်ချိန်ရောက်လာကာ

'ဘယ်လိုဖြစ်နေကြတာလဲ ဘာလဲ နင်တို့ဒီလိုပဲဖြစ်နေတော့မှာလား အလကား ဟုတ်တာလဲမဟုတ်ဘူး'

ဟု ကြိမ်းမောင်းပြောဆိုနေ၏။

'အမြှင်းပြေ ကစားတာပါ'

'အဲဒါ အပြင်းပြေလား'

လက်ကောက်ဝတ်၌ ဆံထိုးအပ်လက်နက်ပုန်းလာရောက်နစ်ဝင်သွားသည့်အဖြစ်ကို စံထိုးကာ ပြောလိုက်ခြင်းဖြစ်မည်။

'ကျွန်မတို့ မတော်တဆ ဖြစ်သွားတာပါ'

ထိုအခါ ..

တစ်ဘက်က....

'ဘာမတော်တဆလဲ'

'ကဲ တော်ကြစေဘာ့ မတော်သေးရင် ငါက နင်တို့ကို ပြိုင်ပွဲလုပ်ပေးရမယ်'



ထိုအခါ ဒံမျိုးသမီးဟန်ဝတ်ထားသူ မိန်းကလေးများပါ တုတ်တုတ်မျှမလှုပ်။

ထိုအခိုက်...

ပန်းပေါင်းစုံစားသောက်ဆိုင် အပြင်ဘက်တွင် လေတွေ ကျလာသည်။

'ဝူး ဝူး'

'ဝေါ'

'ဝေါ'

မိုးသက်လေများဖြစ်၍ အရှိန်အဟုန်နှင့် တိုက်ခိုက်လာခြင်းဖြစ်သည်။

'ဝုန်း ဒိုင်း'

'ဂျိုး'

အသံဗလံများ ပေါ်လာသည်။

'ဖလပ် ရှပ် ရှပ်'

လျှမ်ပန်းလျှပ်နွယ်တွေက တဝင်းဝင်း တလက်လက်။

'ဖြောက် ဖြောက်'

ရှေ့ပြေး မိုးသီးမိုးစက်တွေ ကောင်းကင်မည်းမည်းမှ မြေပြင်သို့ တဖြုတ်ဖြုတ်။

မြောက်ပိုင်းသား ရေခဲတွေ နှင်းတွေနှင့် ကြီးပြင်းလာရသော ကျွန်းလီ မီးသက်လေနှင်းက အဆန်းအကျယ်တွေ ချည်းပင်။

'ဒုန်း'

'ဝုန်း'

မိုးချုန်းသံ ရှက်တရက် မြည်ဟိန်းလင်ရာမှ...

'ခွပ် ခွပ် ခွပ်'

'ခလောက်ခွပ် ခလောက်ခွပ်'

'ပန်းခေါင်းစုံစားသောက်ဆိုင်ရှေ့ဘက်မှ အချိန်မတော် မြင်းခွာသံများ ပေါ်လာသည်။

အပြင်တွင် လေတဟူးဟူးတိုက်၍ မြင်းခွာသံကို ထပ် မကြားရ။

သို့သော်....

မြင်းခွာသံကို ကြားလိုက်ရကာ အရှေ့တံခါးကို ဆွဲ၍ ဖွင့်လိုက်လေရကား....

'ဟင်'

အအေးခံအင်္ကျီတွေ အထပ်ထပ်ဝတ်ထားသော လူရှစ် ယောက်နှင့်အတူ နောက်လိုက်သိုင်းသမားများကို ချိန်ချိန်



တွေ့လိုက်ရသလို ဆိုင်ခန်းတစ်နေရာရှိ ကျန်းလီလည်း တွေ့ မြင်ရသည်။

သူတို့သည် အရှေ့မြောက် မွန်ဂိုနွယ်များဖြစ်ဟန်တူ၏။ လမ်းတွင် မိုးနှင်းမုန်တိုင်းမိ၍ စိုရွှဲနေသည်။

'အပြင်မှာရပြီး အော်ခေါ်နေတာကြာပြီ၊ မကြားဘူး လား'

လူကြီး ဒေါသဖြင့်ပြောနေသည့်အခိုက်မိုးနှင်းတွေ အတွင်း ဘက်ပင့်၍ ပက်သွင်းလိုက်သဖြင့် အမျိုးသမီးကြီးက ပြောနေ သော ရန်ထောင်စကားကို ဂရုမစိုက်ဘဲ ဆိုင်ခန်းတံခါးကို သာ ဆွဲဖွင့်လိုက်သည်။

'မကြာသို့ပေါ့'

ထိုအခိုက်....

'ဝုစ်'

'ဝုန်း'

'ဒေါက်'

'ဒေါက်'

နှင်းဆီပန်းနှစ်ပွင့်သည် ညီသည်လူကြီး၏ နဖူးတည့်တည့် သို့ ပြေးဝင်လာလေရာ လူကြီးက အန္တရာယ်ကိုမြင်သည်။

'ဝုစ်'

'ဖြောင်း'

နှင်းဆီပန်းများကို လက်ဝါးစောင်းနှင့်ရိုက်ထုတ်ပစ်လိုက် သည်။

သို့သော်....

ရပ်နေသည့် မှုလဟန်ချက်ပျက်သွားသဖြင့် နောက်ဘက်သား ယိုင်သွားကြသည်။

'မင်းတို့က သိမ်းငှက်သိုင်းသမားတွေကို စမ်းတာလား'

သိမ်းငှက်ဂိုဏ်းသား ချမ်ကျကချိန်ချိန်အား ပြူးတူးကြောင်တောင်ကြည့်ကာ ခတ်ဆတ်ဆတ်မေးသည်။

သူမက သိမ်းငှက် ချမ်ကျမျက်နှာကို စိုက်ကြည့်ပြီး။

'သိမ်းငှက်ကော ဘာကောညာကော နားမလည်ဘူး၊ ဒီနေရာကိုရောက်လာတဲ့လူတွေ အားလုံးကတော့ ပန်းငါးပွင့်ကို အလေးထားရတာချည်းပဲ'

ချန်ကျသည် သူမအား အသေအချာကြည့်ပြီး ဟက်ခနဲရယ်လိုက်သည်။

'ဟား ဟား ဟား'

သူက ကျေနပ်လောက်သည်အထိ ရယ်၍....

'ကိုယ့်ကိုယ်ကို အတုမဲ့ကျမ်း ကောက်ရထားတဲ့ လူတွေ ကျနေတာပဲ'

'အတုမဲ့ကျမ်းအမည်ကို စထိုးပြလိုက်သဖြင့်....

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်တိုက်ကြသည်။

ချမ်ကျနောက်တွင်ရပ်နေသူ ဝမ်းရယ်က မျက်နှာပြူးပြူး၊

'ဘယ်က ပန်းပွင့်ဘွဲ့လဲ၊ မင်းတို့လက်ချက်ပဲမဟုတ်လား'

ဟု ဖြတ်မေးလိုက်သည်။

'ရှင်တို့က သိမ်းငှက်ဂိုဏ်းက လူတွေကိုး မျက်စိအစွမ်းအလွန်ထက်တယ်လို့ ပြောတယ်'



'သရဲလေး ချူကောင်း မင်းက သက်သက်သာသာမလုပ်တတ်ဘူး၊ ရှေ့ထွက်ဟေ့'

ချန်ကျ ဝင်ပြောလိုက်သည်။

ချိန်ချိန် အမျိုးသမီးကြီးက မဲ့ပြုံးပြုံးသည်။

အပြင်ဘက်တွင် လေတွေ သိသိသာသာ ကျလာလေ၏။

'ဝေါ ဝေါ ဝေါ'

❀

အခန်း ( ၁၀ )

ပန်းငါးပွင့် ခေါင်းဆောင် ချိန်ချိန်သည် သိမ်းငှက် ခေါင်းဆောင် ဆမ်ကျူ အပြောကိုမကြိုက်သဖြင့်....

ဗုန်းခနဲ ရှေ့တစ်လှမ်းတိုးရပ်ကာ....

'ရှင်တို့ အခုယောက်ပဲ ရန်ဆွဲယ်ဟငေါငေါ ဖြစ်နေရသလား၊ ကဲ ပွဲကြီးပွဲအောင်းတစ်ပွဲ အောင်းတဲ့သဘောပေါ့'

ဟုပြောပြီး ဓားကိုဆွဲထုတ်လိုက်လေသည်။

'ရှမ်း'

ထိုအခါ ကျန်ပန်းငါးပွင့်ဂိုက်းသားထဲမှ အချို့သည် ခါးတွင်ရှိနေသော ဓားတွေကို ထုတ်ကိုင် ဆွဲလိုက်ကြသည်။



ဓားသောက်ခန်းထဲမှ လူများသည် ဘေးဘက်ကပ်ပေး လိုက်ကြသဖြင့် အလယ်တွင် တိုက်ကွင်းတစ်ကွင်းနှင့်မခြား ကွက်လပ်ဖြစ်သွား၏။

သိမ်းငှက်များက....

'နေရာကျဉ်းတယ် တစ်ပက်ကို သုံးယောက်စီတိုက်မယ်'

ဟု ဖော်ထုတ်ပြော၏။

ချိန်ချိန် အမျိုးသမီးက....

'ငါးယောက်စီ မကောင်းဘူးလား'

မေးကြည့်သည်။

'သုံးယောက်ပဲဟေ့'

'သုံးယောက်တိုက်ရတာ မမြင်းဘူးလား'

'မပြင်းဘူး သုံးယောက်ပဲ'

'ကောင်းပြီလေ၊ သုံးယောက်ဆိုလဲ သုံးယောက်ပဲဟေ့၊ ကဲ....ကျားသစ်မသုံးယောက် ထွက်တိုက်မယ်'

ထိုစဉ်

ပန်းငါးပွင့်ဂိုဏ်းဝင် တစ်ယောက်က....

'ဟိုကို ကျားသစ်မသုံးဖော်သွားနေကြတယ်လေ သခင်မကြီးရဲ့'

ဟု သတိပေးလိုက်သည်။

'ဪ....ဟုတ်သားပဲ မေ့နေတယ်၊ ဒီလိုဆိုတော့လဲ ပန်းသုံးပွင့်ပဲပေါ့'

ဟု ချိန်ချိန်အမျိုးသမီးက သူကိုယ်တိုင် တိုက်ကွင်းပေါ် ခုန်ချဆင်းလိုက်သည်။

'ဝှစ် ဝှစ် ဝှစ်'

ချိန်ချိန်အမျိုးသမီးက တိုက်ကွင်းပေါ်သို့ ခုန်ပျံဝင်လိုက်ပြန်သည်နှင့် ကန်အမျိုးသမီးနှစ်ယောက်သည်လည်း တိုက်ကွင်းပေါ်သို့ ခုန်ပျံကျရောက်လာကြသည်။

ထိုနှစ်ယောက်မှာ ချိန်ချိန်အမျိုးသမီးနှင့် တွဲဖက်များဖြစ်ကြသော နှင်းဆီနီကျောင်းကျောင်းနှင့် နှင်းဆီနက်ရန်ရန်တို့ဖြစ်သည်။

သိမ်းငှက်တို့အုပ်စုမှာ အားလုံးဆယ်ယောက်လောက်ရှိ၏။ သူတို့အားလုံး ပန်းပေါင်းစုံ စားသောက်ဆိုင်ခန်းအတွင်းသို့ ရောက်ရှိနေကြပြီဖြစ်သည်။

ချမ်ကျက....

'ဟင်း ဟင်း ဟင်း၊ အညောင်းအညာပြေသေးတာပေါ့'

ဟု ပြောပြီး ဓားကိုဆွဲထုတ်လေသည်။

ဓားရောင်များသည် မီးရောင်ဖြင့် လင်းလက်သွားလေ၏။

သရဲလေးချူကောင်းနှင့် ဝမ်ရယ်တို့ကလည်း ဓားများကို အသီးသီးဆွဲထုတ်လိုက်ကြလေသည်။

တိုက်ပွဲကို သိမ်းငှက်ဂိုဏ်းသားတို့ဘက်က စတင်တိုက်ခိုက်ကြလေသည်။

'ဝှစ် ဝှစ်'



'ချွင် ချွင်'
'ချွမ် ထန်း ထန်း'

စားရိပ်တွေ တစ်ဘက်နှင့်တစ်ဘက် လွှမ်းမိုး၍ သွားလေသည်။

စားသောက်ဆိုင်အတွင်း ရောက်နေကြသူအားလုံး ဖျော်ဖြေရေး အစီအစဉ်တစ်ခုကို လာရောက် ကြည့်ရှုခံစားနေရသည့်သို့ရှိသည်။

မိမိတို့ စားစရာ သောက်စရာများကို ကိုင်ကာ စားရင်းသောက်ရင်း....

'ဟေး' ဟုအော်လိုက်၊
'ဟုတ်ပြီကွ' ဟု ပြောလိုက်၊

'ပန်းငါးပွင့် ဂိုဏ်းဝင်တွေကို မိန်းမသားတွေပဲဆိုပြီး အထင်မကြီးမရှိနဲ့ ထိသွားမယ်'

'ချိန်ချိန် အမျိုးသမီးရဲ့ ပန်းပွင့်ခြေသိုင်းကွက်ကွ'
ဟု အားပေးသူလည်း ရှိသည်။
'ကျောင်းနဲ့ ရန်ရန် သိပ်မပြာနဲ့'
ဟု သတိပေးသူက သတိပေး၏။
အချို့ကကျ....
'သိမ်းငှက်တွေရဲ့ ပျံ့ဝဲသံကိုကြားရတယ်ဟေ့'
ဟု တိုက်ခိုက်ရေးခေါ်သံကို ပေးလိုက်ပြန်ပါ၏။
ထိုအချိန်....

နဂါးလက်သည်း ကျွန်းလီသည် မမျှော်လင့်သော လူနှစ်ယောက်ကို ဤနေရာဒေသတွင် မမြှော်လင့်ဘဲ ထူးထွေအံ့ဩဖွယ် တွေ့ဆုံလိုက်ရသည်။

ထိုပုဂ္ဂိုလ်နှစ်ဦးမှာကား အခြားသူများမဟုတ် ကျောက်စိမ်းသခင်မလေး စင်းစင်းနှင့် ဟိုနတ်မီးတောင်မှ စကြဝဠာသိုင်းသမားကြီး ဖူလုံကျမင်ဖြစ်သည်။

အမှန်တော့

ကျွန်းလီသည် နတ်မီးတောင်မှ ဘိုးဘိုး ဖူလုံကျကိုတွေ့ခဲ့သည်မဟုတ်။

အခုလည်း စင်းစင်းက ကြားမှ မိတ်ဆက်ပေးလာသဖြင့် သူက ဖူလုံကျကို သိမြင်စကားပြောဆိုခွင့် ရရှိလိုက်ခြင်းဖြစ်သည်။

'စင်းစင်းရယ် အစ်ကိုက ညီမလေးကို နောက်တော်တော်နဲ့ တွေ့ရတော့မှာ မဟုတ်ဘူး မှတ်နေတာ၊ ပြောပါဦး ကိုယ့်အရပ်ကို ပြန်တော့မယ်ပြောပြီး ပြန်သွားတဲ့လူ ဘယ့်နှယ်ကြောင့် အစ်ကို့ဆီ တစ်ကြော့ပြန် ရောက်လာရတာလဲ'

ဟု ကျွန်းလီက မေးလိုက်သောအခါ

စင်းစင်းက

'ညီမလဲ အစ်ကိုနဲ့ တွေ့ရတော့မှာ မဟုတ်ဘူးလို့ ထင်နေတာ၊ ဖြစ်ချင်တော့လဲ လမ်းမှာ ဘဘဆရာကြီး ဖူလုံကျနဲ့ ဆုံတယ်လေ'

ဟု အားရဝမ်းသာ ပြောသည်။ အပြင်ဘက်၌ လေကျနေသည်ကိုလည်း စင်းစင်းမသိ၊ သတိမထားမိ။



သိမ်းငှက်ဘေးသမားကြီး ချမ်ကျဲ၊ သူ့ရဲ့လေးချူကောင်း၊ နောက် ဝမ်ရယ်နှင့် နှင်းဆီပြာ၊ နှင်းဆီနီ၊ ကျောင်းကျောင်းနှင့် နှင်းဆီနက်တို့၏ တွဲဘက် ထိုက်ခိုက်နေကြသည်ကိုလည်း အမှုမဲ့ အမှတ်မဲ့ပင်'

'ညီမလေး ကိုယ့်အရပ်ကိုယ် ပြန်တဲ့နေ့က မှတ်မှတ်ရရ ဟောဒီ အဘဆရာနဲ့တွေ့တာ၊ အဘဆရာက နတ်မီးတောင် စကြဝဠာသိုင်းသမားကြီးလေ'

ဟု ပြောပြသောအခါ ကျွန်းလီမှာ ပို၍ပင် တအံ့တဩဖြစ်လာရပြန်သည်

'နတ်မီးတောင် စကြဝဠာသိုင်းသမားကြီး ဖူးလုံကျဟုတ်လား စင်းစင်း'

'ဟုတ်တယ်ကွယ့် ငါ့မြေးရဲ့၊ နတ်မီးတောင်စကြဝဠာသိုင်းသမားဆိုတာအဘပဲကွယ့်၊ သိုင်းကျမ်းနဲ့ပတ်သက်လို့ မိုးရသေ့ကြီး ကွမ်းချင်ကို မေတ္တာရပ်ခံခဲ့ဖူးတယ်လေ'

'အခုလို အချိန်မျိုးမှာ အဘနဲ့တွေ့လိုက်ရတာ အတော်ပဲခင်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကိစ္စနဲ့ ပတ်သက်လို့ မိုးရသေ့ကြီးကိုရော အဘကိုရော ကျွန်တော် အစီရင်ခံစရာရှိနေလို့ပါ'

'ဟုတ်တယ်....ငါ့မြေးမှာ ဒီကိစ္စနဲ့ပတ်သက်လို့ အစီရင်ခံစရာ ရှိနေတယ်ဆိုတာ အဘသိတယ်'

ထိုအခိုက် သိမ်းငှက်သိုင်းသမားများနှင့် ပန်းငါးပွင့်ဂိုဏ်းဝင်များမှာ တစ်ဘက်နှင့်တစ်ဘက် အကျိတ်အနယ် ထိုက်ခိုက်

ရေနံကြ၍ ကျွန်းလီတို့ စကားစမျှားမှာ ရှတ်တရက် ရပ်နားရ၍သွားသည်။

သိမ်းငှက်သိုင်းသမား သုံးဦးနှင့် ပန်းငါးပွင့် ဂိုဏ်းဝင်အမျိုးသမီး သုံးဦးမှာ တစ်ဖက်နှင့်တစ်ဘက် တိုက်ခိုက်လျက်ရှိသည်။

'ဝှစ်….ဝှစ်'
'ချွမ် ချွမ်'
'ထန်း ထန်း'

သိုင်းသမားတို့ကား တစ်ယောက်နှင့် တစ်ယောက် ပူးတုံခွာတုံ။

သိုင်းကွက်နှင့် ဓားရိပ်တွေက မိုးအရိပ်ထင်၍နေသည်။

## အခန်း (၁၉)

ဓားသံများနှင့်
အားမာန်ပြုသံများကား ဆူညံ၍နေသည်။
ဘေးမှအားပေးသူများ၏ အသံပလံများ ပွက်လောရိုက်၍နေသည်။
ထိုအခိုက် စားသောက်ဆိုင် အပေါ်ထပ်မှ အပြာရောင် အနီရောင်နှင့် အဝါရောင်ဝတ်စုံရှင် အမျိုးသမီးများ ဝှစ်ခနဲ ခုန်ချ၍လာကြ၏။
ထိုသူများအနက်မှ အသက်အရွယ်ကြီးသော အဝါရောင်ဝတ်စုံဝတ်ထားသော အမျိုးသမီးကြီး တစ်ဦးသည် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။

သိမ်းငှက်သိုင်းသမား နှစ်ဦး၏ ကျောပြင်ကို ရိုက်ချလိုက်သည်။

ကျန်တစ်ဦးကိုကား အရိပ်မဲခြေကန်ချက်တစ်ချက် ခပ်ပြင်းပြင်း ကန်သွင်းလိုက်သည်။

ထိုသို့လှုပ်ရှားလိုက်ခြင်းကို တစ်ချိန်တည်းလိုလိုဆောင်ရွက်ပေသည်။

'ဝုန်း'

'အီး အင့်'

သိမ်းငှက်သိုင်းသမား သုံးဦးမှာ ကြမ်းပြင်ပေါ်သို့လွင့်စင်လဲကျသွားလေတော့သည်။

အမှန်တော့ အဝါရောင်ဝတ်စုံရှင် အမျိုးသမီးသိုင်းသမားကြီးက ပန်းငါးပွင့်ဂိုဏ်းချုပ် ကျိန်းဝေဖြစ်သည်။

သူသည် တိုက်ခိုက်နေကြသည်ကို ကြည့်မရတော့၍ စိတ်မထိန်းနိုင်ဘဲ အပေါ်ထပ်မှ အောက်ထပ် ခန်းမထဲသို့ ခုန်ပျံဆင်းလာပြီး ပွဲသိမ်းပေးလိုက်မိခြင်းပင်။

သူမ၏ တစ်ချက်ခုတ်နှစ်ချက်ပြတ် တိုက်ကွက်ဘွေကိုတွေ့မြင်ရသူအားလုံး မအံ့ဩဘဲ မနေနိုင်ဖြစ်သွားကြ၏။

လဲကျသွားသော သိမ်းငှက်သိုင်းသမား သုံးဦးတို့သည် ပါးစပ်များမှ သွေးများထွက်ကျကာမြင်မကောင်းရှုမကောင်း ဖြစ်နေသည်။

သို့နှင့် သိမ်းငှက်သိုင်းသမားများကပဲ သူတို့လူသုံးယောက်ကို လာရောက်ထူပိုး၍ တိုက်ကွင်းအပြင် ဆွဲထုတ်သွားကြလေသည်။



'ကောင်းတယ်၊ ဒီမှာလာပြီး အာကျယ်ကြတာကိုး'

'သိမ်းငှက်သိုင်းသမား အစစ်တွေရော ဟုတ်ရဲ့လား'

'ဟုတ်မှာပါ၊ ဟုတ်တော့ကော ဂိုဏ်းသားတွေဟာ အစကနဦးကတည်းက အစွမ်းအစရှိကြတာမှ မဟုတ်တာ'

'ဒါနဲ့များ သိုင်းလောကသားအဖြစ် ခံယူထားရတယ်လို့'

စားသောက်ဆိုင်ခန်းအတွင်း စားသောက်နေသူ အားလုံးဈေးဈေးကအတိုင်း သာမန် သွားသွားလာလာပင်။

ထိုအဖြစ်အပျက်ကို အစအဆုံး တွေ့မြင်လိုက်ရသော နတ်မီးတောင် သိုင်းသမားအဘိုးအိုက ခေါင်းတညိတ်ညိတ် လုပ်နေသည်။

ပါးစပ်မှလည်း

'အင်း....သိုင်းလောကသားတွေ ဘာကြောင့်များ အခုလိုရှုပ်ထွေးချင်ကြပါလိမ့်'

ဟု တိုးတိတ်ညင်သာ ပြောလိုက်လေသည်။

သူ၏အေးတွင် ကျန်းလီနှင့် စင်းစင်းတို့ ရှိသည်။

အပြင်ဘက်တွင် စောစောက တဝေါဝေါ ကျနေသောလေမှာ အခုတော့ ဘယ်ရောက်သွားပြီလဲမသိ။ ပြန်လည်တိတ်ဆိတ် ငြိမ်သက်လျက်ရှိ၏။

ယုန်ဖြူဘွားဘွား ခေါင်းဆောင်သော အမျိုးသမီးတစ်စုသည်ကား မြစ်ဆုံမြို့၏မြောက်ဘက် အရပ်ဆီသို့ မြင်းများဒုန်းစိုင်းလျက် ရောက်ရှိလာ။

'ခွပ် ခွပ်'

'ခွမ် ခွပ်'

လေကြမ်းတွေက တဝေါဝေါကျနေသည်။ လေကိုစုန်၍ မြင်းများကို စိုင်းနှင်နေရ၍ တော်ရော့သည်။

မြစ်ဆုံမြို့သည် အကန့်ကျယ်ဝန်းသောမြို့ဟု မှတ်ယူနိုင်၏။ မြစ်သုံးခု ပေါင်းဆုံစုစည်းလျက် ရှိခြင်းကြောင့် ပို၍စည်ကားနေသည်။

ဤမြို့တွင် ကြည့်ချင်ပွဲရုံများရှိသည်။ ကိုက်ဘာအဆောက်အဦးကြီးတွေ၊ မိုးနှင်းတွေ၊ မိုးသက်လေတွေ မြစ်ဆုံမြို့တွင် အကုန်ရှိသည်။

ယုန်ဖြူအဘွားနှင့် တိမ်နီ တိမ်ဝါတို့မှာ သည်နေရာတွင် အမျိုးသားများပင် ရှုံးလောက်သည်။

လူတို့သည် မြင်းများကို တရကြမ်း စိုင်းနှင်လာကြသည်။ မြစ်ဆုံမြို့၏ တောင်ပိုင်းမှ မြောက်ပိုင်း ကျော်ကျော်လောက်ရှိ တစ်နေရာသို့ ရောက်လာခဲ့ခြင်းပင်။

'ခွပ် ခွပ်'

'ခွပ် ခွပ်'

မြင်းခွာသံတွေသာ တစ်လောကလုံးကို ကောင်းစွာပျံ့လွင့်လာသကဲ့သို့ရှိသည်။

ချေးသည်များဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။ ထိုထိုသော ရပ်ကွက်များကို ဖြတ်ကျော်လာခဲ့သူမှာ ယုန်ဖြူအဘွားတို့ လူစုပင် ဖြစ်သည်။

သူတို့ကား ကျားသစ်မယ် သုံးဦးပါပေ။

မြို့ပြင်ကိုရောက်လာ၍၊ ချောင်းကူးတံတားကို ကျော်ဖြတ်၍ လာသည်။

အခန်း ( ၂၀ )

'ခွပ် ခွပ်'

'ခွပ် ခွပ်'

မြင်းခွာသံများက ဒမွးမြူရေးခံတွေကြားဘွင် စတင်ပေါ်ထွက်၍လာလေ၏။

ထိုစဉ်....

ဖျလွှားသိုင်းသမားကြီး ကျီးရှင်က....

'သမီး မြင်းခွာသံတွေကြားတယ်'

ဟု ပြောလေရာ လင်းယုန်မယ် နေ့းစန်းလျှကဲ—

'အဖေပြောသလို သူတို့ထဲက တစ်ယောက်ကတော့ သိုင်းကျမ်း အလစ်သုတ်လာတဲ့ သမီးကိုသိသွားပုံရတယ်။

သိုင်းကျမ်းကိုလည်း ကျမ်းပေါ် ဘုတ်ခနဲပစ်ချလိုက်လေသည်။

'ဘာဖြစ်လို့လဲအဖေ'

'သမီးရေ မျှော်လင့်ချက်တွေ အလကားဖြစ်သွားပြီ၊ ဒါဟာ အတုကြီးပဲ'

ပျံလွှားသိုင်းသမားကြီးက စိတ်ခေတ်ကျစွာ ပြောလိုက်ပါတော့၏။



ဘစ်နေ့ တောအုပ်တနေရာတွင် ကြေးစားခား မိကျောင်းဝမ်ပေါင်နှင့် ကျန်းလီ အပြင်းအထန် တိုက်ခိုက်နေကြသည်။

သိုင်းကျမ်းကို ဝမ်ပေါင် ရရှိထား၍ တိုက်ခိုက်နေကြောင်း လင်းယုန်မယ်ကသိလိုက်သည်။

သူက လင်းယုန်မျက်လုံးနှင့် ကိုယ်ဖေ့ာပညာ ကျွမ်းသူဖြစ်နေသဖြင့် ကြေးစားခားသမားဝမ်ပေါင်နှင့် ကျန်းလီ၏တိုက်ပွဲကြားတွင် အတုမဲ့သိုင်းကျမ်းကို အမှီအရ အလစ်သုတ်ယူလာနိုင်ခဲ့ခြင်းပင်။

'ဟုတ်ပြီ သမီး၊ ဒီသိုင်းကျမ်းကို ဒို့သားအဖ ရလိုက်တာဟာ တကယ်ရသင့်တဲ့ ကံကြောင့်ပဲ၊ ဒါပေမယ့် ဒီလူတွေထဲက သမီးမှန်း မသိဖို့လိုတယ်၊ သိခဲ့ရင် သင်းတို့က အန္တရာယ်ပေးကြဦးမှာ'

ဖခင်ကြီး၏ စကားအဆုံး၌ လင်းယုန်မယ် က....

'ဘာပဲပြောပြော ဒီသိုင်းကျမ်းရမှတော့ သမီးနဲ့ အဖေကဘယ်သူမှ ကြောက်စရာမလိုတော့ပါဘူး'

ပြောလိုက်လေသည်။

'ဒါလဲ ဟုတ်ဘာပဲ၊ ကဲ သိုင်းကျမ်းကို စစ်ဆေးကြည့်ကြစို့'

ထို့နောက် ပျံလွှားသိုင်းသမားကြီး မျက်စိမျက်နှာပျက်၍ သွားပါလေတော့၏။

ထိုအချိန်တွင် မြို့သူမြို့သား ခရီးသွားများ လမ်းမပေါ်မှာ ရှိနေသေးသဖြင့် ပြေးဝင်လာသော မြင်းများကို အထိတ်တလန့် ရှောင်ရှားပေးကြရသည်၊

ထိုအချိန် လူတစ်ယောက်က တစ်နေရာသို့ လက်တစ်ဖက် မြှောက်၍ ယမ်းပြလိုက်သည်။

သိမ်းငှက်ဂိုဏ်းသားတို့ စတင်လှုပ်ရှားကြချေပြီ။

မည်သို့ဆိုစေ၊

လင်းယုန်မယ်မှာလည်း သူ့ပြဿနာနှင့်သူရှိသည်၊ သူမပြန် ရောက်လာသောအခါ သူ့ဖခင်သိုင်းသမား မျိုးလွှားကျီရှင်မှာ အလွန်အားရကျေနပ်နေသည်။

သူတို့ကား အရှေ့ဘက်ဒေသမှ အလယ်ပိုင်းဒေသသို့ သိုင်း ကျမ်းရှာဖွေရန် ရောက်ရှိလာသူများ ဖြစ်သည်။

သူတို့သည် အလယ်ပိုင်းဒေသတစ်လျှောက်ရှိ တောနက် တောင်တန်း အသွယ်သွယ်သို့ ရောက်သည်ဟူ၍မရှိ။

နောက်ဆုံး သိုင်းကျမ်းမှာ မဟူရာတောင်ကြီးနှင့် တောင် ...ာ တောင်တန်းကြီးအတွင်း တစ်နေရာတွင် ခြင်သေ့တောင် ...ရာကြီး ဝှာရှောင်မင်း လျှို့ဝှက်ထားခဲ့သည့် သတင်းကို ...တိအကျရခဲ့သည်၊

ထို့ကြောင့်လည်း မြစ်ဆုံမြို့မြောက်ပိုင်း မွေးမြူရေးသမား ...ား အနီးတွင် လျှို့ဝှက်စွာနေထိုင်လျက် ထိုသိုင်းကျမ်းရှာဖွေ ...ခြင်းပင်။

ထိုကျမ်းတွေ့ရှိခဲ့သော သမီးအား သူကိုယ်တိုင် သင်ပေး ...ည်ဟု ဆုံးဖြတ်ထားသည်၊



'ဟုပြောလိုက်သည်။

'ဒါပေမယ့် ဒီသိုင်းကျမ်းကို ပေးလိုက်ဖို့ကျတော့ မလွယ် သေးဘူးအဖေ'

'ဘာဖြစ်လို့လဲ'

'အတုမဟုတ်ရင် ဘယ်နှယ် လုပ်မလဲ'

'အမယ်လေးသမီးရယ် အတုပါကွယ် ဒီသိုင်းကွက်တွေဟာ ရှောင်လင်ကျောင်းက ဝရဇိန်သိုင်းကွက်တွေကို ကောက်နှုတ် ရေးထားတဲ့ သာမန်သိုင်းမှတ်စုတစ်ခုပါ၊ ဒီသိုင်းကွက်တွေကို အဖေ တတ်ပြီးသားပဲ တစ်ဝက်လောက်ကို သမီးတောင် တတ်နေမှာပဲ'

'သမီးကတော့ တပင်တပမ်းရတာမို့ လွယ်လွယ်နဲ့ မပေး ချင်တာ အမှန်ပဲ'

ထိုအခိုက် မြင်းစီးသမားများ တဲအိမ်ရှေ့ မြေကွက်လပ်၏ လောင်းရိပ်အောက် ရောက်ရှိလာသည်။

အခြားမွေးမြူရေးသမားများက ဓားပြများအထင်ဖြင့် ငြိမ်နေကြသည်။

'ဟာ ပန်းငါးဖွင့်က ယုန်ဖြူအဘွားပိုးကျိခေါင်းဆောင် လာတဲ့အဖွဲ့ပါလား'

'ဒါဆို မိကျောင်းဝမ်းပေါင်ရဲ့ ဟက်ချက်ပဲအဖေ'

'ဘာပဲဖြစ်စေ အခုတော့ မီးစင်ကြည့် ကကြရတော့မှာ ပေါ့သမီးရယ်'

သားအဖနှစ်ယောက်အလုပ်ရှုပ်နေဆဲ အိမ်ရှေ့မှ ယုန်ဖြူ ခေါ်းအဘွား၏အသံ ပေါ်ထွက်လာသည်။

'ဟော့ နဂါးစိမ်းခေါ်းပျံကြီးနဲ့ ရှင့်သမီးရော'

အဘွားပိုးကျိုအသံက တိတ်ဆိတ်နေသောညကို ထိုးဖောက်လျက်ရှိ၏။

'မွေးမြူရေးခြံများထဲက ကြက်၊ ဘဲ၊ ဝက်စသောတိရိစ္ဆာန်များ လှုပ်ရှားသွားသည်။

ခြံစောင့်ခွေးတွေက ဝိုင်းအုံ၍ ဟောင်ကြသည်။

သူတို့ကမူ ပတ်ဝန်းကျင်ကို ဂရုမစိုက်။

မေးနေတာ မကြားဘူးလား'

ပျံလွှားကြီးက....

'ဘာကိစ္စလဲ ငါ့သမီးနဲ့ မင်းတို့ ဘာအကြောင်းရှိလို့လဲ'

ဟု မသိဟန်ဆောင်မေးလိုက်သည်။

'မင်းက ဘာကြောင့် မသိဟန်ဆောင်နေရတာလဲ'



သည့်တွင် ပျံလွှားက....

'မင်းတို့က အင်နဲ့အားနဲ့ ဒီလိုလာခြိမ်းခြောက် လို့တော့ ဘယ်ရမလဲ၊ ဒီပစ္စည်းထို မင်းလဲပိုင်တာမဟုတ်ဘူး၊ လောလောဆယ် ရတဲ့လူ ပိုင်ကြေးပဲကွ၊ မပေးနိုင်ဘူး'

ဟုဖြေပြီး ' တဲအိမ်အတွင်းမှ အပြင်ဘက် လရောင်ရိပ်အောက်သို့ ခုန်ပျံ၍ထွက်လိုက်လေ၏။

'ဟူး'

ထို့နောက် ခြံဝင်းတံခါးကိုကျွမ်းပစ်ဝင်၍ အိမ်ရှေ့ မြေကွက်လပ်ကို ဆင်းလိုက်လေသည်။

'ဟိတ်'

'ဟူး'

'ရှပ်'

'ဝိုင်းထားကြဟေ့'

'ဟေ့ ကောင်မပိုးကျို နင်လေမကျယ်နဲ့ နင်ကအချောင်လစ်လာပြီးကြွားနေတာ နားကြားပြင်းကပ်ဘယ်'

သူတို့ကား အခြားသူများမဟုတ်၊ ခေါခေါကပဲ ဗန်း ပေါင်းစုံ စားသောက်ဆိုင်ထဲရောက်နေသော ကျန်းလီ သခင် မလေး စင်းစင်းနှင့် နတ်မီးတောင် သူတို့သုံးဦးပင်တည်း။

အမှန်တော့....

အဘိုးအို ဖုံလုံကျသည် အတုမဲ့ကျမ်းသတင်း အလယ် ပိုင်းဒေသတွင် ပေါ်ထွက်လာသည်နှင့်....

ဤကိစ္စကို ဘယ်သူက ဝင်ရောက်ဖြေရှင်းနိုင်မလဲ တွေး ကြည့်သောအခါ....

မြောက်ပိုင်း၌ရှိသော အရှေ့တောင်ရသေ့ ဓဖချင် အ နောက်တောင်ရသေ့ကြီး၊ တောင်ရသေ့၊ မြောက်ရသေ့ နှင့် မိုးဟောင်မိုးဘုရင် ကွမ်ချင်းတို့ကိုသတိရသည်။

'ဒီရသေ့ကြီးတွေအနက် ကွမ်ချင်းက အသက်ငယ်ဆုံးလဲ ဖြစ်၊ ငါနဲ့လဲအလွန်ရင်းနှီး ခဲ့တယ်ဆိုတော့ သူ့ကိုအကူအညီ တောင်းမှဖြစ်မယ်'

ဟု တွေးလက်မိသည်။

မိုးရသေ့ ကွမ်ချင်းကလည်း အလွန်ယုံကြည်စိတ်ချရသော ကျန်းလီကို အခုလို အလယ်ပိုင်းဒေသသို့သွားကာ ဤကျမ်းကို ရှာဖွေယူဆောင်ရန် တာဝန်ပေးတိုက်သည်။



ထိုအခေါ်အတွင်း နတ်မီးတောင်ကြောဝဠာသိုင်းသမား ကြီး ဖုံးလျံကျက....

'ဒီကိစ္စကို ငါကိုယ်တိုင်က ပါဝင်ဆောင်ရွက်ခြင်းမရှိတဲ့ အေးအေးဆေးဆေး နေလို့မဖြစ်ဘူး၊ တရေးရေးမကျဘူး၊ အသက်ကြီးတာလဲ အသက်ကြီးတာ ဟတ်ကြောင်းပဲ၊ ငါ တတ်နိုင်တဲ့နည်းနဲ့ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်မှ ဖြစ်တော့မယ်'

ဟု တွေးပြီးာ သူကိုယ်တိုင် မိုးရသေ့ကြီးကွမ်ချင်းနှင့် သွား တွေ့ပြီး အကျိုးအကြောင်းပြောပြသည်။

သည်မှာ မိုးရသေ့ကြီးကွမ်ချင်းက ကျန်ရသေ့ကြီးများ ဖြစ်ကြသော ရသေ့ကြီး ဖေ့ချင်၊ ကျောလူ၊ ဖူဝန်း၊ ကျိန်းခမ်း တို့နှင့် မျက်နှာချင်းဆိုင် ဆွေးနွေးပွဲတစ်ခုပြုလုပ်၍ တိုင်ပင် ဆွေးနွေးကြသည်။

သားလုံးက အတုမဲ့သိုင်းကျမ်းကို ပြန်လည်ရရှိရန် အထူး လိုအပ်ကြောင်း၊ အခုလိုတိုင်း နိုင်ငံမငြိမ်မသက်ဖြစ်နေသည့် အချိန်တွင် အတုမဲ့သိုင်းကျမ်း မန်ချူးများလက်ထဲ ရောက်သွား လျှင် ပို၍ရှုပ်ထွေးလာမည်ဖြစ်ကြောင်း၊ မွန်ဂိုအနွယ်ဝင်နှင့် တိဗက်လားမားကြီးအချို့ဆိုလျှင် အတုမဲ့သိုင်းကျမ်း အနံ့ ရသည်နှင့်အလယ်ပိုင်းဒေသသို့ကွင်းဆင်းလာကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဒီကိစ္စကိုအချိန်မဆွဲဘဲ အမြန်ဆုံးဆောင်ရွက်ရန် နဂါးလက်သည်းကျန်းလီလောက်ပဲ သိုင်းပညာစွမ်းရည် ရှိနေ ပေမယ့် သူ တစ်ဦးတစ်ယောက်တည်း တာဝန်ကျေရန် မလွယ် ကြောင်း။

မိမိတို့ရသေ့ကြီးများက နောက်မှအစွမ်းကုန် မပါဝင်ကူညီမှ ဖြစ်တော့မည်ဖြစ်ကြောင်း ဆွေးနွေးပြောဆိုကြလေသည်။

ထိုဆွေးနွေးပွဲတွင် အရှေ့တောင်ရသေ့ကြီး ဖေ့ချင်က နတ်မီးတောင်စကြာဝဠာသိုင်းသမားကြီး ဖူးလျံကျအား....

'မင်းပြောတဲ့အတိုင်းဆိုရင် ခြေရာကောက် သစ်ဖြူချင်းစိန်မှဆိုးက အတုမဲ့သိုင်းကျမ်းကို တောင်ပြာကြီးပေါ်က ဂူထဲမှာ တွေ့ခဲ့တယ်လို့ ပြောတယ်နော်'

ဟု အတိအကျမေးလိုက်လေသည်။

'ဟုတ်ပါတယ်'

'ဒါဆိုရင် ဒီအတုမဲ့သိုင်းကျမ်းနဲ့ အတူရှိနေရမယ့် ရောင်ခြည်ပြာ ဓားကရော ဘယ်မှာလဲ'

သည်တော့မှ ဖူးလျံကျက....

'ဟာ....ဟုတ်လိုက်လေ၊ ဒီဓားကို ကျွန်တော်တို့ လုံးဝ မစဉ်းစားမိခဲ့ဘူး'

ဟု ပြောလိုက်သည်။

ထိုအခါ-

အနောက်တောင်ရသေ့ကြီး ကျော်လူက ပို၍စိတ်ဝင်စားစရာ စကားတစ်ခွန်းကို မိန့်ကြားလေတော့သည်။

❁

## အခန်း ( ၂၀ )

'ရသေ့ကြီးကျော်လူ မိန့်ကြားတဲ့စကားတစ်ခွန်းက အဖော့်ကို အကျိုးထူးပါကလား၊ ဒါကြောင့် သက်ကြီးစကား သက်ငယ်ကြားလို့ပြောတာ သူက ဘာပြောတာလဲ သိလားကျန်းလီ'

နတ်မီးတောင်စကြာဝဠာသိုင်းသမားကြီး ဖူးလျံကျက သူ့စကားစကို ဖြတ်ထားလိုက်ရာ....

ကျန်းလီနှင့် စင်းစင်းတို့မှာ ထိုစကားကို အလွန်သိချင်၍နေ၏။

သည်တွင် ဖူးလျံကျအဘိုးအိုက ဆက်လက်၍....

'သူ့စကားက တခြားမဟုတ်ဘူးကွယ့်၊ အတုမဲ့သိုင်းကျမ်းနဲ့ ရောင်ခြည်ပြာဓားဟာ အမြဲအဆိုရှိခဲ့တယ်လို့ပဲ ကျုပ်သိထားတယ်၊ နောက်တစ်ချက် စဉ်းစားရမှာက အခုလို အလွန်အဖိုးတန်တဲ့ ကျောက်မျက်ရတနာပစ္စည်းပိုင်ဆိုင်တဲ့ လူများဟာ သူတို့ပစ္စည်း အခိုးခံရမှာ အလုခံရမှာ မဘာရားနည်း တစ်ခုခုနဲ့ လိုချင်တဲ့ မသမာလူတွေရှိလာရင် သူတို့ကိုလှည့်စားနိုင်ဖို့ အတုပစ္စည်းတစ်ခု ပြုလုပ်ထားလေ့ရှိတယ်လို့ ပြောတယ်'

ဤသို့သောအကြောင်းကို ကြားလိုက်ရသည်နှင့် ကျန်းလီရော စင်းစင်းပါ ချက်ချင်းသဘောပေါက်လိုက်ကြပါတော့၏။

ဖူးလျံကျက သူ့စကားစကို ပြန်ဆက်သည်။

'အဲဒီတော့ အတုမဲ့ သိုင်းကျမ်းကို ရေးသားပြုစုခဲ့တဲ့ ခြင်္သေ့မင်းတောင်ဆရာကြီးဟာလဲ အတုမဲ့ သိုင်းကျမ်းတစ်ခုကိုတော့ လုပ်ထားကောင်းလုပ်ထားနိုင်တယ်၊ ပြီးတော့ အတုမဲ့သိုင်းကျမ်း အစစ်ရှိမယ့်နေရာမျိုးမှာ ဒီအတုမဲ့ သိုင်းကျမ်းအတုကို အကာအကွယ် ကြားခံပစ္စည်းအဖြစ် မြှုပ်ထားနိုင်တယ်၊ ဟိုမဆိုးက အတုမဲ့ သိုင်းကျမ်းကို တွေ့ခဲ့တာဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုရင် ဒီသိုင်းကျမ်းနဲ့အတူ ရောင်ခြည်ဖြာခါး မရှိလို့ပဲ၊ ဒါကြောင့် ကျုပ်ကတော့ တောင်ပြာတောင်ထိပ်ကျောက်ဂူထဲမှာ ရောင်ခြည်ဖြာခါးနဲ့အတူ အတုမဲ့သိုင်းကျမ်းဟာ ရှိကိုရှိနိုင်တယ်၊ ကျုပ်တို့အခု အဲဒီတောင်ပြာတောင်ထိပ် ကျောက်ဂူကို အရောက်သွားကြမယ်ဆိုပြီး တို့ခရီးထွက်ခဲ့ကြတယ်'

ထိုအခါ....

နဂါးလက်လည်းကျွန်းလီနှင့် ကျောက်စိမ်းသခင်မလေး စင်းစင်းတို့မှာ ဟုတ်တုတ်မျှမလျော်....

'ဟိုလွဲ့ကျရော'

သည်အခါ ကျွန်းလီရော စင်းစင်းပါ မနေသာကြတော့ဘဲ

'ဘာတွေလဲအဘ'

ဟု ပြိုင်တူမေးမိလိုက်သဖြင့် ဖုလုံကျ အဘိုးပင် အတော်သဘောကျပြီး တစ်ချက်ပြုံးလိုက်လေသည်။

'မေးစရာတောင်မလိုတော့ပါဘူးကွယ်၊ အတွေ့အကြုံရှိပြီး ဝါရင့်သိုင်းပညာရှင်ကြီးတွေပဲ တွေးကြည့်တာဟာ မြေးကြည့်တာထက်မှန်တာပေါ့၊ တို့ ဟိုလဲရောက်ရော ခြင်္သေ့မင်းတောင်ဆရာကြီး ပြုလုပ်ခဲ့တဲ့ လျှို့ဝှက် တံခါးကိုတွေ့တယ်။



အဲဒီလျှို့ဝှက်တံခါးကိုဖွင့်ဝင်သွားတော့မှ အရောင်ဘဖိတ်ဖိတ်တောက်နေတဲ့ ရောင်ခြည်ဖြာခါးနဲ့ အတုမဲ့သိုင်းကျမ်းကို တွေ့ခဲ့ကြတာပေါ့၊ ကိုတွေ့ဝမ်းသာလိုက်ကြတာ မပြောပါနဲ့တော့'

စင်းစင်းက ...

'အဲဒီခါးနဲ့ကျမ်း အခုဘယ်မှာလဲအဘ'

'ချက်ချင်းဘဲ ရှောင်လင်ကျောင်းတော်ကြီးကို ပို့သိအပ်ပါတယ်၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကိုယ်က စနစ်တကျ လက်ခံသိမ်းဆည်းလိုက်ပါတယ်၊ ဘဘတို့နာမည်တွေကိုလဲ ကမ္ဘည်းကျောက်စာတင်ထားတယ်၊ နောက်ဆက်တွဲ မင်းတို့နာမည်တွေလဲ ထင်တင်လိုက်ပါတယ်'

'ဝမ်းသာလိုက်တာဘဘရယ်၊ ဒီလိုသို့ ကျွန်တော့်တာဝန်လဲ ကျေသလောက်ဖြစ်ပြီပေါ့'

'ကဲပေါ့သွားရယ် ဒါပေါ့၊ ဒါကြောင့် မင်းကိုပြန်ခေါ်တာ၊ စင်းစင်းနဲ့တွေ့ပြီး မင်းဒီရောက်နေတယ်သိရလို့ ဘဘဒီကိုလိုက်လာတာ'

ဤသို့သောအဖြစ်အပျက်ကို နတ်မိုးတောင် စကြာဝဠာ သိုင်းဆရာကြီးက သက်သေပြချင်စိတ်ရှိသည်နှင့် ကျွန်းလီ ဤမွေးမြူရေးခြံ ပတ်ဝန်းကျင်ရောက်သည်ထိ ခေါ်ဆောင်လာခြင်းဖြစ်သည်။

'ဟား ဟား ဟား'

ယုန်ဖြူအဘွား ပိုးကျို၏ ဟားတိုက်ရယ်မောသံပေး ခပ်ခြောက်ခြောက် ပေါ်ထွက်လာလေသည်။

ပျံလွှားသိုင်းသမားကြီး ကျိုးရှင်က ဆက်လက်၍....

'ယုန်ဖြူအဘွားကြီး ခင်ဗျားဟာ ဆံဖြူနေပြီ။ ခင်ဗျား သိဖို့ကောင်းတယ်၊ သိုင်းလောကမှာ ဒီပစ္စည်းမျိုး အေးအေးနဲ့ အလကားပေးတဲ့လူမျိုး တွေ့ဖူးလို့လား၊ ကဲ ခင်ဗျားဘာလုပ်ချင်သလဲပြော'

ထိုစကားကြားလိုက်သောအခါ ယုန်ဖြူအဘွား ပိုးကျိသည် ဓားကိုဆွဲထုတ်၍ ယမ်းလိုက်သည်၊

'ဝှစ်'

'ဟူး

'ဝှစ်'

'သောကာနီးအဘိုးကြီး ကျုပ်က အေးအေးဆေးဆေး တောင်ဘောင်းပန်းပန်နဲ့ မေတ္တာချပ်ခံနေတာကို အာခံနေတယ်၊ သင်းက ဘယ်သူ့ အားကိုးနဲ့ ဗန်းငါးပွင့်ဂိုဏ်းကို ဆန့်ကျင်ချစ်ရတာလဲ အကြောင်းသိစေရမယ်'

ယုန်ဖြူအဘွားပိုးကျိက ပျံလွှားသိုင်းသမားကြီး ကျိုးရှင်အား စတင်၍လွှားခင်တိုက်ခိုက်လေတော့၏၊

'ဝှစ်'

'ဟူး'

'ယား ယား'

'ချွင် ချွင်'

'ထန်'

ထိုစဉ် အဘွားကြီးပိုးကျိ နောက်မှ ကျားသစ်မယ် တိမ်နီတိမ်ပြာတို့ တိုက်ခိုက်လာကြသည်၊



ပျံလွှားသိုင်းသမားကြီး ကျိုးရှင်ကလည်း သူ၏သမီး လင်းယုန်မယ် စန်းစန်းလျူက ကူညီတိုက်ခိုက်လာသည်။

နဂါးလက်သည်း ကျန်းလီက....

'ဘာဘာ ကျွန်တော်တို့ကို ဒီအတိုင်း ကြည့်နေလိုက်ရတော့မှာလားခင်ဗျာ'

ဟု မေးလိုက်သည်။

ကျောက်စိမ်းသခင်မဖလေး စင်းစင်းကလည်း လင်းယုန်မယ် စန်းစန်းလျူတို့ သားအဖအပေါ် သနားစိတ်ဝင်မိသည်နှင်....

'ကျွန်မတို့ ဒီပွဲကိုဝင်တားရင်ကောင်းမယ်၊ အဲဒီအတွက် သိုင်းကျမ်းအတွက် လူတွေလဲသတ်ခဲ့တာ မနည်းတော့ဘူး'

ဟု ပြောလိုက်၏။

နတ်မီးတောင်စကြာဝဠာသိုင်းသခား အဘိုးအိုက ခေါင်းတစ်ချက် ညိတ်လိုက်ကာ....

'အားလုံးဟာ ဘယ်သူမပြု မိမိမှုတွေချည်း သားတို့သမီးတို့ လူတွေမှာ ကြမ္မာဆိုတာရှိတယ်၊ အဲဒီကြမ္မာဟာ ရေးကကံမဟုတ်ဘူး၊ ကိုယ်ပြုလုပ်ခဲ့တဲ့ ရောင်ပြန်တွေပဲ၊ ဒါမျိုးကို ဝင်ရှင်းရင် ဝင်ရှင်းတဲ့လူမှာ အညစ်အကြေးစွန်းထင်တတ်တယ်၊ ခဏလောက်တော့ ကြည့်နေလိုက်ပါ'

ဟု ပြောလေသည်။

မှန်ပါသည်၊နတ်မီးတောင်စကြာဝဠာသိုင်းသမားအဘိုးအိုစကားအဆုံးတွင်....

ပျံလွှားဓားသမားကြီးကျိုးရှင်က ယုန်ဖြူဓားဘွားဘွားပိုးကျိထံသို့ တစ်စုံတစ်ခုကို ပစ်ပေးလိုက်ကာ....

'ရော့ မင်းတို့သိပ်လိုချင်နေတဲ့ အတုမဲ့သိုင်းကျမ်း'

ဟု အော်ပြောလိုက်၏။

ထို့နောက်

သားအဖနှစ်ယောက် လွတ်ရာလမ်းဘက်သို့ ထွက်ပြေးသွားလေတော့သည်။

'ဟား ဟား ဟား'

ယုန်ဖြူခေါင်း ဘွားဘွားပိုးကျိုတို့ လူစုသည် ဟားတိုက်ရယ်မောလိုက်ပြီး သိုင်းကျမ်းကို ဝမ်းဗိုက်ထဲသည့်ကာ မြင်းများပေါ်သို့ လွှားခနဲ လွှားခနဲ ပြေးတက်ကာ မွေးမြူရေးခြံများကြားမှ မြစ်ဆုံမြို့ဘက်သို့ ပြန်လည်ထွက်ခွာသွားကြပါတော့သည်။

'တွေ့လား၊ ပျံလွှားခေါင်းသမားကြီးကျိုးရှင့်က ဒီသိုင်းကျမ်းကို လွှဲပေးလိုက်တာဟာ အထူမှန်း သူ သိသွားလိုပဲဟ၊ အေးလေ....တဖြည်းဖြည်းနဲ့ အမှန်ကို သိလာကြမှာပေါ့၊ ကဲ.... တို့လဲပြန်ကြပါစို့၊ မင်းတို့လဲမောလှပြီ၊ အနားယူလိုက်ကြပါဦး'

ဟု နတ်မီးတောင်စကြာဝဠာသိုင်းသမားကြီး ဖူးလျို ကျောက ပြောလိုက်ပြီးနောက် သူတို့အားလုံး လရောင်ရိပ်အောက်မှ မြင်းကိုယ်စီစိုင်းလျက် ထွက်ခွာလာပါလေတော့သည်။

လွင်စာပေ ဖြီးပါပြီ။
အမှတ် ၁၅/၁၃၈၊ [illegible]
တောင်ငူမြို့
ဖုန်း ၂၀၇၄၄

မောင်နှင်းဆွေ